ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ Tuesday , 18 October 2016 (၈၇၁၈)

**စေတနာကောင်းကိုထား**

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအားလောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှုပြုလိုသောစိတ်မရှိသူအား မကောင်းမှုသည်မရှိ။ အရာရာတွင် စေတနာသာလျှင် အဓိကဖြစ်၍ စေတနာကောင်းကို ထားသင့်လှ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၄)

# နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်များအပြန်အလှန်စေလွှတ်ရေး ဆွေးနွေး

**ဂိုအာ အောက်တိုဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ယမန်နေ့ ဒေသစံတော်ချိန် ည ၁၀ နာရီ မိနစ် ၄၀ တွင် ဂိုအာမြို့ရှိ Hotel Leela ၌ တွေ့ဆုံသည်။

### ရင်းနှီးစွာဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဩဂုတ်လအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးသဘောတူညီခဲ့သည်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အဆင့်အသီးသီးတွင် ချစ်ကြည်ရေးခရီးစဉ်များအပြန်အလှန်စေလွှတ်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများစတင်ရေးနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။

### ကူညီဆောင်ရွက်သွားမည်

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ နောက်ဆုံးဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ကောင်းစွာနားလည်သဘောပေါက်ကြောင်းနှင့် အပြုသဘောကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်သမ္မတနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် မူဝါဒရေးရာ သုတေသနရုံးအကြီးအကဲ Mr.Wang Huning၊ ပါတီဗဟိုကော်မတီနိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ပါတီအတွင်းရေးမှူးရုံးအဖွဲ့ဝင် Mr. Li Zhanshu၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် Mr. Yang Jiechi နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့၏ ရခိုင်ပြည်နယ်ခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ အခြေအနေမှန်များသိရှိနိုင်ရန်နှင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန်အတွက် သွားရောက်ရှင်းလင်းပြောကြားခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့၏ ခရီးစဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အောက်တိုဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ခရီးစဉ်အတွင်း စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်တို့တွင် တွေ့ဆုံခဲ့မှုအခြေအနေများ၊ ထောက်ပံ့ကူညီခဲ့မှုများ၊ မြို့မိမြို့ဖများ၊ ဆရာတော်၊ သံဃာတော်များ၊ အစ္စလာမ်ဘာသာအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများနှင့် ရခိုင်ပြည်နယ်ရှိ လူမှုကွန်ရက်အဖွဲ့အစည်းများနှင့် တွေ့ဆုံရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## မြဝတီ

# ပြည်သူသည်သာအခရာ

ဖျော်ဖြေမှုအစီအစဉ်တစ်ခုတွင်ဖြစ်စေ၊ အားကစားပွဲတစ်ပွဲတွင်ဖြစ်စေ ထိုပွဲများကို သုံးသပ်ဆုံးဖြတ်၊ အမှတ်ပေးကြသူများမှာ သက်ဆိုင်ရာဒိုင်များနှင့် ကြည့်ရှုအားပေးသူ ပြည်သူများသာဖြစ်ကြပါသည်။ ကစားပုံကစားကွက်ကောင်း၊ မကောင်း၊ ဖျော်ဖြေတင်ဆက်ပုံ ပိုင်နိုင်မှုရှိ၊ မရှိ သက်ဆိုင်ရာဒိုင်တို့က တိတိကျကျဆုံးဖြတ်မှုပေးနိုင်သလို ကြည့်ရှုသူပရိသတ်များကလည်း အကြမ်းဖျင်းအားဖြင့် ခန့်မှန်းသုံးသပ်ဆုံးဖြတ်ပေးနိုင်ကြသည်။

ထိုသို့သုံးသပ်ဆုံးဖြတ်ပေးကြရာတွင် ယှဉ်ပြိုင်သူတို့အား ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ကြသည်။ အဆုံးအဖြတ်ပေးသော ဒိုင်များအဖို့ သက်ဆိုင်ရာဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်ထားကြသူများဖြစ်ရာ တစ်ခါတစ်ရံ လွဲမှားမှုမှလွဲ၍ မှန်ကန်သောအဆုံးအဖြတ်ကို ပေးနိုင်ကြသည်။ အမြဲတမ်းအားပေးနေကြသော ဝါသနာရှင်ပရိသတ်များ အနေဖြင့်လည်း အခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ကြသည်။

အားပေးကြသော ပြည်သူတို့အား လျှော့မတွက်ရန်နှင့်ပတ်သက်၍ ဇာတ်မင်းသားကြီးများ၏အကကို မည်သူမျှမယှဉ်နိုင်သော်လည်း အောင်မောင်းခြေထိုး၊ ဖိုးစိန်ခြေထိုး ကကွက်အနည်းငယ်မှားလျှင် ပရိသတ်က သိလိုက်ရသည်။ အတီးအဆို မည်မျှကျွမ်းကျင်သော်လည်း တီးကွက်နှင့်ဆိုကွက်လွဲလျှင်လည်း ပရိသတ်က သိရှိကြသည်။ ဆိုလိုသည်မှာ မိမိမည်မျှတော်သည်၊ ကျွမ်းကျင်သည်ဖြစ်စေ မိမိအားနည်းချက်၊ ဟာကွက်အနည်းငယ်ရှိသည်နှင့် ပရိသတ်က သိနေသည်ကို ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် ပရိသတ်အား အထင်မသေးဖို့၊ လျှော့မတွက်မိဖို့လိုမည်ဖြစ်သည်။ ပရိသတ်နှင့်အလားတူ ပြည်သူမှာလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတွင် ပြည်သူတို့၏အတွေးအမြင်များမှာ အရေးပါသည်။ အရေးပါသည်ဟုဆိုရာ၌လည်း ဒီမိုကရေစီစနစ်တွင် အချုပ်အခြာအာဏာသည် ပြည်သူတို့၌ တည်သည်ဟုဆိုထားသောကြောင့်ဖြစ်သည်။

ပြည်သူ့အာဏာဆိုသည်မှာ ပြည်သူတို့၏အဆုံးအဖြတ်ဖြစ်သည်။ အာဏာရှင်စနစ်၊ တစ်ပါတီစနစ်တွင် ပြည်သူတို့၌ အာဏာမတည်။ ပြည်သူများက ရွေးကောက်တင်မြှောက်သော ပါတီစုံဒီမိုကရေစီစနစ်တွင် ပြည်သူတို့က ရွေးကောက်တင်မြှောက်ထားကြသူများ၊ ရွေးကောက်တင်မြှောက်ထားကြသူတို့ကိုယ်စား ပြည်သူ့အရေးကိစ္စများကို ဆောင်ရွက်ပေးကြရသူတို့သည် ပြည်သူကိုအလေးထားကြရသည်။

အထက်ပါ ပြည်သူတို့အား တင်ဆက်ရသော ဥပမာအလိုအရ မိမိတို့၏ ဆောင်ရွက်ချက်များကို ပြည်သူများက စောင့်မျှော်ကြည့်ရှုနေကြသဖြင့် မိမိတို့မှန်လျှင်မှန်သလောက်၊ မှားလျှင်မှားသလောက် ပြည်သူတို့က သိရှိကြသည်။ ပြည်သူတို့က ဝေဖန်ထောက်ရှု သုံးသပ်မှုပြုနိုင်ကြသည်။ ထို့ကြောင့် ပြည်သူ့ကိုယ်စား ဆောင်ရွက်ကြသူများ၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ကြသည့်အဖွဲ့အစည်းများသည် ပြည်သူတို့အား လျှော့မတွက်ဖို့ လိုမည်ဖြစ်သည်။

ယခုအခါ ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းခဲ့ကြရာတွင် အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ရရှိနေပြီဖြစ်၍ ပြည်သူများမှာ ဒီမိုကရေစီအတွေ့အကြုံအသိအမြင်များ ထိုက်သင့်သလောက် ရရှိနေပြီဖြစ်သည်။ ပြည်သူတို့တွင် ပင်ကိုအသိအမြင် အနည်းအများအလျောက် တွေးခေါ်မြော်မြင်နိုင်မှုအတိုင်းအတာ အနည်းအများရှိနေကြပြီဖြစ်သည်။

ပြည်သူများမှာ တာဝန်ရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူများကဲ့သို့ အရည်အချင်းစွမ်းဆောင်မှု ရှိနိုင်သူရော၊ မရှိနိုင်သူပါ ရှိမည်ဖြစ်သည်မှန်သော်လည်း နိုင်ငံနှင့်ပြည်သူအတွက် မည်သည်ကအကျိုးရှိသည်၊ မည်သည်က အကျိုးမရှိ၊ မည်သူတို့က စေတနာမှန်သည်၊ မည်သူတို့က စေတနာမမှန်ဆိုသည်တို့ကို ကာလကြာရှည်လာသည်နှင့်အမျှ ပြည်သူတို့က တစ်စတစ်စ သိမြင်လာကြမည်ဖြစ်သည်။

ပြည်သူပြည်သားများအားလုံးမှာ အမှန်ဟုမဆိုလိုသော်လည်း အမှားရှိလျှင် ထောက်ပြရှင်းလင်းရမည်မှာလည်း ပြည်သူ့အကျိုးသယ်ပိုးရသူတို့၏ တာဝန်ပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံကိုတည်ဆောက်ကြသူများအား ပြည်သူများက စောင့်ကြည့်နေကြသဖြင့် ပြည်သူနှင့် တစ်သားတည်း နေထိုင်ကာ ပြည်သူ့အကျိုးကို အကောင်းဆုံးသယ်ပိုးနိုင်ကြစေရန် ဆန္ဒပြုပါသည်။ ။

# ဘေးအန္တရာယ်ခံနိုင်ရည်ရှိသော ကျန်းမာရေးစနစ်တည်ဆောက်ထားနိုင်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၇**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၆)ကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားရာတွင် လုပ်ငန်းကော်မတီဝင်များအနေဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများအနက်မှ ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအမံများအား ဆွေးနွေးကြစေလိုကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခဲ့မှုများအပေါ် ပြန်လည် သုံးသပ်၍ ပိုမိုကောင်းမွန်စေရေး အစီအစဉ်များအား အကြံပြုကြစေလိုကြောင်း၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားထိန်းချုပ်မှုလမ်းကြောင်း (Incident Command System) အပါအဝင် ဘေးအန္တရာယ်ဒဏ် ခံနိုင်ရည်ရှိသော ကျန်းမာရေးစနစ် (Disaster-resilient Health System) စနစ်တကျ တည်ထောင်ထားနိုင်ရေး၊ ဘေးအန္တရာယ် အခြေအနေများတွင် အဓိကအရေးပါသော ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ ရပ်တန့်မသွားအောင် ထိန်းသိမ်းထားနိုင်ရေးနှင့် နှီးနွှယ်ဌာန၊ အဖွဲ့အစည်းများ၊ ပြည်သူများနှင့်ဆက်သွယ် ပူးပေါင်းဆောင်ရွက်နိုင်ရေး အပါအဝင် ဌာနတွင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ပိုမိုအားကောင်းစေရေး စသည်တို့အတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ဘေးအန္တရာယ် အခြေအနေများတွင် ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများနှင့် တုံ့ပြန်ဆောင်ရွက်မှုအစီအမံများ၌ ပူးပေါင်းပါဝင်နိုင်ရေးနှင့် ပတ်သက်၍ အထွေထွေ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲ ဒီးမော့ဆိုမြို့နယ်၌ပြုလုပ်

**ဒီးမော့ဆို အောက်တိုဘာ ၁၇**

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီက ဒီးမော့ဆိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၈၆) စက်မှုလယ်ယာစခန်းခွဲ ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ် ဦးစီးမှူးနှင့် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးလွင်က သင်တန်းစည်းကမ်းများ၊ သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဒီးမော့ဆိုမြို့နယ်အတွင်းရှိ တောင်သူသင်တန်းသား ၅၀ တက်ရောက်ပြီး စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ထွန်စက်ကြီးများ၊ စက်များပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်ကြီး မောင်းနှင်ထိန်းသိမ်းမှုများကို စာတွေ့၊ လက်တွေ့သရုပ်ပြ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သာသနာ့ဝင် စိစစ်ရေးကတ်ပြားများ ကော့မှူးမြို့၌ ဆောင်ရွက်ပေး

**ကော့မှူး အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ဝါဆိုသံဃာစာရင်းအရ ဆက်ကပ်ရန်ကျန်ရှိသော ရဟန်း၊ သာမဏေ၊ သီလရှင်ဆရာလေးများအား အောက်တိုဘာ ဒုတိယအပတ်က အထက ကော့မှူး ကျောင်းခန်းမ၌ သာသနာ့ဝင် စိစစ်ရေးကတ်ပြားများပေးအပ်ပွဲ ကျင်းပသည်။

ထို့နောက် ဆက်ကပ်ရန်ကျန်ရှိသော ရဟန်း ၁၀၈ ပါး၊ သာမဏေ ၉၄ ပါးတို့အား ဦးကျော်သူစိုးနှင့် ဦးကိုကိုဦးတို့က ဆက်ကပ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကော့မှူးသားလေး**




မြဝတီ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
မြဝတီ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၁၀၊ ဖက်စ် ၀၆၇-၃၆၀၁၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇/၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၁၉၇၃၃၁၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

ပြည်တွင်းရေးရာ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိ

**နယူးဒေလီ အောက်တိုဘာ ၁၇**

BIMSTEC Retreat အစည်းအဝေးနှင့် BRICS and BIMSTEC Leader´s Outreach Summit အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ဂိုအာမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နယူးဒေလီမြို့သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် အိန္ဒိယသမ္မတအိမ်တော် Rashtrapati Bhavan Guest house သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နယူးဒေလီလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

**✪ ကထိန်သင်္ကန်းမှ**

ကျင်းပပြုလုပ်ရန် ကန့်သတ်ထားသည့်အတွက် ကထိန်သင်္ကန်း အလှူခံယူမည့် ကျောင်းတိုက်သည် ယခုတစ်လအတွင်း တစ်ကြိမ်သာ ကျင်းပရန် ဝိနည်းတော် သတ်မှတ်ထားကြောင်း၊ တစ်နှစ်မှာ တစ်ကြိမ်၊ တစ်ကြိမ်မှာ တစ်လတည်း၊ တစ်လမှာ တစ်ရက်တည်း ခက်ခဲသည့် အလှူတော်ဖြစ်သည့်အတွက် မွန်မြတ်သည့် အလှူတော်မှာ ပါဝင်ပါကြောင်း။

ယခုပြုလုပ်သည့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် စနစ်တကျကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်ကျင်းပနေသည့် အခမ်းအနားဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုကို အခြေခံ၍ လစ်ဟင်းချွတ်ချော်မှုများ မရှိအောင် ကော်မတီ၊ ဆပ်ကော်မတီများအလိုက် စနစ်တကျ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာ ဗိမာန်တော်တွင် ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူကြမည့် ဆရာတော်ကြီးများ တည်းခိုနေထိုင်မည့် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ ကျောင်းဆောင်များကို ရေ၊ မီး၊ သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် သက်ဆိုင်ရာကော်မတီများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အခမ်းအနားကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အကြံဉာဏ်များ ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်း ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ပဒေသာပင်များ စီစဉ်ရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော် စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြရာ ဦးစီးကော်မတီနာယကက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင် လေးဦး၏ ဇနီးများအား ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် စစ်တွေလေဆိပ်ခန်းမ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင် လေးဦး၏ ဇနီးများအားတွေ့ဆုံ၍ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်သိန်း ၂၀ စီပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ထို့နောက် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကျီးကန်းပြင်သို့ ရောက်ရှိပြီး နေမျိုးခန်းမ၌ တပ်ဖွဲ့ဝင်/မိသားစုများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မိမိနိုင်ငံ၏နယ်မြေ တစ်လက်မမျှ ဆုံးရှုံးမှုမရှိစေရေးအတွက် နောင်တော်တပ်ဖွဲ့ဖြစ်သည့် တပ်မတော်နှင့်အတူ လက်တွဲလုပ်ဆောင်သွားရန်၊ မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများကို တိကျစွာလိုက်နာနေထိုင်သွားရန်နှင့် မလိုက်နာသူများအား ဥပဒေနှင့်အညီ တိကျစွာအရေးယူသွားရန်၊ နယ်မြေဒေသလုံခြုံရေး ဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်ပြောကြားခဲ့သည်။

ယင်းနောက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း၊ ကျဆုံးတပ်ဖွဲ့ဝင် တစ်ဦး၏ ဇနီးအားထောက်ပံ့ငွေကျပ်သိန်း ၂၀ ပေးအပ်ခြင်း၊ ငါးခူရနယ်မြေရုံးသို့ အကြမ်းဖက်သမားများ ဝင်ရောက်စီးနင်းခဲ့သည့် ဖြစ်စဉ်တွင် ရွပ်ရွပ်ချွံချွံတိုက်ခိုက်ခဲ့သူ ရဲအုပ်ထွန်းထွန်းစိုးအား ဒုတိယရဲမှူးရာထူးအဆင့်တိုးတံဆိပ်တပ်ဆင်ပေးသည်။

ထို့နောက် ဖြစ်စဉ်ဖြစ်ပွားသည့် နေရာများအား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



သွေးလှူခြင်းသည်
မွန်မြတ်သော
ဒါနဖြစ်သည်

# ချင်းတွင်းမြစ်တွင်း အမြန်ရေယာဉ်တိမ်းမှောက်ရာမှ အသက်ရှင်ကျန်ရစ်ခဲ့သည့် ခရီးသည်များအတွက် ငွေကျပ်သိန်း ၃၀၀ နှင့် ခေါင်းစွပ်ပါ အနွေးထည်အထည် ၃၀၀ လှူဒါန်း

**စစ်ကိုင်း အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ဟုမ္မလင်းမှ မုံရွာသို့ စုန်လာသည့် အောင်စိုးမိုးကျော်အမြန်ရေယာဉ်(၂)သည် အောက်တိုဘာ ၁၅ ရက် နံနက် ၄ နာရီက ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီး နစ်မြုပ်ခဲ့မှုဖြစ်စဉ်တွင် အသက်ရှင်ကျန်ရစ်သူများကို ကနီမြို့နယ် ကင်းတိုက်နယ်ဆေးရုံနှင့် မိချောင်းတွင်း ကယ်ဆယ်ရေးစခန်းတို့၌ စောင့်ရှောက်ထားကြောင်း သိရှိရသည်။ အသက်ရှင်ကျန်ရစ်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံသို့ အလှူငွေကျပ်သိန်း ၃၀၀ နှင့် ခေါင်းစွပ်ပါ အနွေးထည် အထည် ၃၀၀ အားယနေ့မွန်းလွဲ ၁ နာရီတွင် မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် သွားရောက်လှူဒါန်းခဲ့သည်။ နစ်မြုပ်သွားသော အမြန်ရေယာဉ်ပေါ်တွင် ကျောင်းဆရာမများ၊ ဆရာဝန်များ၊ အဝေးသင်တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ အစိုးရဝန်ထမ်းများနှင့် ကလေးငယ်များလည်း ပါဝင်ကြောင်းနှင့် အသက်ရှင်ကျန်ရစ်သူ ၁၅၉ ဦး ပြန်လည်တွေ့ရှိပြီဖြစ်ကြောင်း သိရသည်။

ဖောင်ဒေးရှင်း (BFM) ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက ပြည်ပနိုင်ငံများတွင် ဒုက္ခမျိုးစုံရင်ဆိုင်ကြုံတွေ့နေကြရသော မြန်မာနိုင်ငံသားများကို အမိမြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေးအတွက် စေတနာသဒ္ဒါတရားထက်သန်စွာဖြင့်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုများဖြင့်လည်းကောင်း ကူညီဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်မှ ယနေ့အထိ ပြည်ပ(အင်ဒိုနီးရှား၊ မလေးရှား၊အိန္ဒိယ)နိုင်ငံများရောက် မြန်မာနိုင်ငံသား ဒုက္ခသည်များကို အမိမြန်မာနိုင်ငံသို့ MAI စင်းလုံးငှားလေယာဉ်များဖြင့် စရိတ်ငြိမ်း အခမဲ့ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ရန်ကုန်မှ နေရပ်အပြန် ခရီးစရိတ်ငွေကျပ် တစ်သိန်းစီကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဖောင်ဒေးရှင်းသည် လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သည့်ဒေသများရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများနှင့် ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ ကျောင်းသား ကျောင်းသူများအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်



တန်ဖိုးရှိ ခေါင်းစွပ်ပါအနွေးထည် အထည် ၂၀၀၀၀၀ ကို ပြည်ပမှ မှာယူခဲ့ပြီး သက်ဆိုင်ရာဒေသအသီးသီးသို့ စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(ဝ၁၀)**

# ဘုရင်ဘူမိဘော ကံတော်ကုန်သော်လည်း အစီအစဉ်အတိုင်း ရွေးကောက်ပွဲ ကျင်းပမည်



**ဗန်ကောက် အောက်တိုဘာ ၁၇**

ထိုင်းနိုင်ငံ၌ ဘုရင်ဘူမိဘော အဒူလျာဒက်ဂျ် ကံတော်ကုန်သွားသော်လည်း ၂၀၁၇ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည့်အစီအစဉ်ကို ထိခိုက်စေမည်မဟုတ်ကြောင်း မီဒီယာများက အောက်တိုဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၌ ဘုရင်ဘူမိဘော ကံတော်ကုန်မှုနှင့်အတူ ဝမ်းနည်းကြေကွဲမှုကာလကို တစ်နှစ်သတ်မှတ်ထားခြင်းကြောင့် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့် အစီအစဉ်ကို တပ်မတော်အစိုးရက ဆိုင်းငံ့ထားဖွယ်ရှိသည်ဟု ထင်ကြေးပေးပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။

ကံတော်ကုန်ခဲ့သော ဘုရင် ဘူမိဘောအား ဂါရဝပြုရန် နိုင်ငံတစ်ဝန်းမှ ပြည်သူများသည် မြို့တော်ဗန်ကောက်ရှိ တော်ဝင်နန်းတော်သို့ တဖွဲဖွဲ ရောက်ရှိလာကြသည်။ ဘုရင်ဘူမိဘောသည် နှစ် (၇၀)ကြာမျှ နန်းစံတော်မူခဲ့ပြီးနောက် အောက်တိုဘာ ၁၃ ရက်တွင် ကံတော်ကုန်ခဲ့သည်။

ဘုရင်ဘူမိဘောအား ဂါရဝပြုရန် ပြည်နယ်အသီးသီးမှ လာရောက်သူ ပြည်သူပြည်သားများ ဗန်ကောက်မြို့၌ တည်းခိုနိုင်ရေးအတွက် စီစဉ်ပေးရန် လူငယ်ရေးရာဌာနများနှင့် အများပြည်သူဆိုင်ရာ အားကစားရုံများကို အစိုးရက ညွှန်ကြားထားသည်။

လာမည့်နှစ်နှောင်းပိုင်း၌ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် အစီအစဉ်ရေးဆွဲထားသည့်အတိုင်း အကောင်အထည်ဖော်ရန် တပ်မတော်အစိုးရက ကတိကဝတ်ပြုထားကြောင်း တာဝန်ရှိသူများကို ကိုးကားလျက် ဗန်ကောက်ပို့စ် သတင်းစာတွင် ရေးသားဖော်ပြသည်။ **ရိုက်တာ။**

# အမေရိကန်သမ္မတရွေးကောက်ပွဲအပြီး အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာမည်ဟု သမ္မတပူတင် မျှော်လင့်

**ဂိုအာ(အိန္ဒိယ) အောက်တိုဘာ ၁၇**

ရုရှားနှင့် အမေရိကန် ဆက်ဆံရေးသည် အမေရိကန်သမ္မတရွေးကောက်ပွဲအပြီးတွင် ပြန်လည်ကောင်းမွန်လာဖွယ်ရှိကြောင်း အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ အောက်တိုဘာ ၁၆ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် သမ္မတ ဗလာဒီမာ ပူတင်က ပြောကြားလိုက်သည်။

အမေရိကန်၌ သမ္မတ ရွေးကောက်ပွဲအကြို အချေအတင် စကားစစ်ထိုးပွဲများ၊ သမ္မတရွေးကောက်ပွဲနှင့် နိုင်ငံတကာ နိုင်ငံရေးအခြေအနေနှင့် ဆက်စပ်နေသော ကျပ်တည်းသည့်ကာလများ လွန်မြောက်ပြီးသည့်အခါ မိမိ၏ နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား ဆက်ဆံရေး ပြန်လည်တိုးတက်လာမည့် အခွင့်အလမ်းများကို တွေ့မြင်ရလိမ့်မည်ဖြစ်ကြောင်း သမ္မတ ပူတင်၏ ပြောကြားချက်ကို ကိုးကားလျက် ရုရှားအာရ်အိုင်အေ နိုဗိုစတီ သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။




သမ္မတပူတင်သည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ပါဝင်သော ဘရစ်အုပ်စု ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ ရှိနေစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ **ဆင်ဟွာ။**

## ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် မိုးသည်းထန်ပြီး လေပြင်းတိုက် လေးရက်အတွင်း လူရှစ်ဦး ပျောက်ဆုံး၊ ၂၁ ဦးသေဆုံး

**ဟိုချီမင်းစီးတီး အောက်တိုဘာ ၁၇**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများ လွန်ခဲ့သည့် လေးရက်အတွင်း ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၂၁ ဦးသေဆုံးပြီး ရှစ်ဦး ပျောက်ဆုံးနေကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ကွမ်ဘင့်ပြည်နယ်တွင် လူ ၁၅ ဦး သေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးကာ လူ ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဟာဘင့်ပြည်နယ်၌ လူနှစ်ဦး သေဆုံးကာ တစ်ဦး ပျောက်ဆုံးနေပြီး ငွေ့အန်နှင့် ဘူရာသီယန်ပြည်နယ်တို့တွင် လူနှစ်ဦးစီ သေဆုံးခဲ့ရသည်။

အဆိုပါပြည်နယ်များရှိ လမ်းများနှင့် ရထားလမ်းများ ရေနစ်မြုပ်နေပြီး ဆက်သွယ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများ၌ ပျက်စီးဆုံးရှုံးမှုပမာဏ အကြီးအကျယ်ဖြစ်ပေါ်နေသည်။

အင်အားပြင်းထန်သော အပူပိုင်း တိုင်ဖုန်းမုန်တိုင်း ဆာကီရာသည် အောက်တိုဘာ ၁၉ ရက်တွင် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသအတွင်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားချက်များရှိသည်။ ယင်းမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းရသည်။

၂၀၁၆ ခုနှစ် ၏ ပထမကိုးလအတွင်း ဗီယက်နမ်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် လူပေါင်း ၁၂၅ ဦးမှာ သေဆုံး၊ သို့မဟုတ် ပျောက်ဆုံးရပြီး ၂၂၆ ဦး ထိခိုက်ဒဏ်ရာ ရခဲ့ရသည်။ ယင်းသဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးပျက်စီးရမှုတန်ဖိုးမှာ ဗီယက်နမ်ငွေကြေးဒေါင် ၇၀၅၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၇၀ ဒသမ ၈ သန်း)ခန့် ဆုံးရှုံးရကြောင်း ဗီယက်နမ် ဗဟိုစာရင်းအင်းကော်မတီက ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ။**

## ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် ရန်ပုံငွေထောက်ပံ့မှု တရုတ်အစိုးရ တိုးမြှင့်မည်

**ပေကျင်း အောက်တိုဘာ ၁၇**

ယနေ့ထုတ်ပြန်သော စက္ကူဖြူကြေညာစာတမ်းတစ်စောင်၏ အဆိုအရ လာမည့်ငါးနှစ်အတွင်း ဆင်းရဲမွဲတေမှုလျှော့ချရန် တရုတ်အစိုးရက ရန်ပုံငွေများ ပိုမိုခွဲဝေသွားမည်ဖြစ်သည်။

ဗဟိုအစိုးရက ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် ရန်ပုံငွေထောက်ပံ့မှုများပြားလာစေရန်နှင့် ချွတ်ခြုံကျနေသောဒေသများသို့ ငွေကြေးထောက်ပံ့မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း "ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့် လူ့အခွင့်အရေးတွင် တရုတ်နိုင်ငံ၏တိုးတက်မှု"ဟု အမည်ပေးထားသော အဆိုပါစက္ကူဖြူကြေညာစာတမ်းက ဆိုသည်။ ဗဟိုဘတ်ဂျက်တွင်ပါရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆင်းရဲမွဲတေသူများအား ပံ့ပိုးကူညီရန် အစီအစဉ်ရေးဆွဲထားသည်။

ဆင်းရဲမွဲတေမှုတိုက်ဖျက်ရန် တရုတ်အစိုးရက ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ပျမ်းမျှ နှစ်စဉ်တိုးတက်မှုနှုန်း ၁၄ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ယွမ် ၁၈၉ ဒသမ ၈၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁၇ ဘီလီယံ) ပမာဏရှိသော ဆင်းရဲမွဲတေမှုလျှော့ချရေး အထူးရန်ပုံငွေများ ခွဲဝေသတ်မှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်အကုန်ထိ တရုတ်နိုင်ငံ၌ ဆင်းရဲမွဲတေသူ ပြည်သူ ၅၅ ဒသမ ၇၅ သန်းရှိနေဆဲဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်မတိုင်မီ ဆင်းရဲမွဲတေသူအားလုံးကို ဆင်းရဲမှုနွံအတွင်းမှ ကယ်ထုတ်ရန် စီစဉ်လျက်ရှိသည်။

ပြုပြင်ပြောင်းလဲရေးစတင်လုပ်ဆောင်သည့် လွန်ခဲ့သော နှစ် ၃၀ ကတည်းက တရုတ်ပြည်သူ သန်း ၇၀၀ ကျော်အား ဆင်းရဲမွဲတေမှုနွံအတွင်းမှ ကယ်ထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အစီရင်ခံစာအရ တရုတ်နိုင်ငံရှိ အလွန်အမင်းဆင်းရဲမွဲတေသူ ပြည်သူအချိုးအစားမှာ ၁၉၉၀ ပြည့်နှစ်တွင် ၆၁ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၄ ဒသမ ၂ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ပြီး ဆင်းရဲမွဲတေမှုမှ ရုန်းထွက်နိုင်ခဲ့သော တရုတ်ပြည်သူအရေအတွက်မှာ ကမ္ဘာ့ဆင်းရဲမွဲတေမှုမှ ရုန်းထွက်နိုင်ခဲ့သူ ပြည်သူအရေအတွက် စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းရှိသည်။ **ဆင်ဟွာ။**

# အီရတ်တပ်ဖွဲ့၏ မိုဆူးမြို့ကို ပြန်လည်သိမ်းယူမှုသည် ပြည်သူများ အစာရေစာပြတ်လပ်နိုင်ဖွယ်ရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၇**

အီရတ်တပ်ဖွဲ့များက အိုင်အက်စ် စစ်သွေးကြွများ သိမ်းပိုက်ထားသော မိုဆူးမြို့ကို ပြန်လည်သိမ်းပိုက်ရန် စီစဉ်မှုသည် ဒေသခံပြည်သူများအတွက် အစာရေစာပြတ်လပ်မှုများနှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂ ကူညီထောက်ပံ့ရေး အေဂျင်စီက ၎င်း၏စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောကြားခဲ့သည်။

အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါ အယ်လ်အာဘာဒီက အောက်တိုဘာ ၁၇ ရက်တွင် အီရတ်တပ်ဖွဲ့များက မိုဆူးမြို့ကို ပြန်လည်သိမ်းပိုက်ရန် ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။ မိုဆူးမြို့သည် အိုင်အက်စ် စစ်သွေးကြွများ အခြေချနေထိုင်သည့် အကြီးမားဆုံးသော တပ်စခန်းတစ်ခုဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂရုံးက အီရတ်တပ်ဖွဲ့များအနေဖြင့် မိုဆူးမြို့ကို အိုင်အက်စ်တို့လက်မှ ပြန်လည်သိမ်းပိုက်ခြင်းသည် ၁ ဒသမ ၅ သန်းသော ဒေသခံပြည်သူများအတွက် အစာရေစာ ပြတ်လပ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ဒေသခံပြည်သူများသည် ပဋိပက္ခဖြစ်ပွားမှု၏ ဆိုးကျိုးများကို ခံစားနေရကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂရုံးက ဆိုသည်။ ထို့ပြင် အီရတ်ပြည်သူများအား ဒားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်မှုများလည်းရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ စစ်ပွဲများတွင် ပါဝင်ပတ်သက်သည့် မည်သည့်အဖွဲ့အစည်းမဆို နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေကိုလိုက်နာရန် အသိတရားရှိဖို့ လိုအပ်ကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂရုံးက တိုက်တွန်းပြောကြားထားသည်။ **အင်န်အိတ်ချ်ကေ။**



# အသံထုတ်လွှင့်မှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မှုအခြေအနေများ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၇**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဝါရှင်တန်ဒီစီ VOA အမေရိကန်အသံ ညွှန်ကြားရေးမှူး Ms. Amada Bennett နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြုပြင်ပြောင်းလဲရေးကာလအတွင်း မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားမှုကြောင့် တွန်းအားပေးမှု၊ အကြံပေးမှုများ လုပ်ဆောင်ခဲ့သည့် အခြေအနေများ၊ အမေရိကန်နိုင်ငံရှိ အလွှာအသီးသီးအနေဖြင့် မြန်မာနိုင်ငံအပေါ်၊ တပ်မတော်အပေါ် အထင်အမြင်လွဲမှားမှု အချို့ကျန်ရှိနေမှုများအား VOA အနေဖြင့် အမှန်အတိုင်း သိရှိနားလည်အောင် လုပ်ဆောင်ပေးနိုင်မည့်အခြေအနေများ၊ အသံထုတ်လွှင့်မှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မှုအခြေအနေများကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အကဲဖြတ်ပညာရှင်များ တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**
(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အကဲဖြတ်ပညာရှင်များ တွေ့ဆုံပွဲကို ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက ယခုပြိုင်ပွဲကို မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရပ်များ တိမ်ကော မပျောက်ပျက်အောင် ထိန်းသိမ်းရန်နှင့် ပြိုင်ပွဲဝင်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ မျိုးဆက်သစ်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ တွေ့ဆုံမှုမှတစ်ဆင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရန်သည် အဓိကဖြစ်ပါကြောင်း၊ မြန်မာမှုနယ်ပယ်ရှိ အနုပညာယဉ်ကျေးမှုကဏ္ဍအသီးသီးတွင် မတူကွဲပြားမှုများရှိသည့်အတွက် အနုပညာရှင်များနှင့် အကဲဖြတ်ဒိုင်လူကြီးများအနေဖြင့် ဒေသအလိုက်မှုများကို အခြေမခံဘဲ စံပြုထားသည့် နိုင်ငံတော်မူကိုအခြေခံပြီး အကဲဖြတ်အမှတ်ပေးရန် အလေးအနက် တင်ပြလိုပါကြောင်း၊ အမှတ်ပေးရာတွင် တရားမျှတမှုကိုအခြေခံပြီး အနုပညာအရည်အသွေး မြင့်မားသာလွန်သူများကို ရွေးချယ်ပေးရန် လိုအပ်ပါကြောင်း၊ အနုပညာရှင်ကြီးများ၊ အကဲဖြတ်အမှတ်ပေး ဒိုင်လူကြီးများသည် အနုပညာအမွေ ပေးဝေသူများဖြစ်ပြီး ပြိုင်ပွဲဝင်ကြမည့်မျိုးဆက်သစ်လူငယ်များသည် အနုပညာအမွေ ဆက်ခံသူများ ဖြစ်ပါကြောင်း၊ ယခုကျင်းပမည့် ပြိုင်ပွဲတွင် အနုပညာရှင်ကြီးများအနေဖြင့် မျိုးဆက်သစ်ပြိုင်ပွဲဝင်သူများအပေါ် မှန်ကန်တရားမျှတသည့် အနုပညာအမွေကို ပေးဝေနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဆို၊ အက၊ အရေး၊ အတီး အကဲဖြတ်ပညာရှင်အဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များထံ ဆေးဝါးများ ထောက်ပံ့ပေးအပ်ရာ အကဲဖြတ်ပညာရှင်များ ကိုယ်စား အဆိုအကဲဖြတ်ပညာရှင် ဒေါ်တင်တင်မြက ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

# ချင်းတွင်းမြစ်အတွင်းနစ်မြုပ်ခဲ့သော ခရီးသည်တင်အမြန်ရေယာဉ်မှ အသက်ရှင်လွတ်မြောက်သူများနှင့် တွေ့ဆုံခြင်း

အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီက ချင်းတွင်းမြစ်အတွင်း ခရီးသည်တင် အမြန်ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံး/ပျောက်ဆုံးသူစာရင်း အတိအကျ မသိရသေးသည့်အတွက် ပျောက်ဆုံးခရီးသည်များ၏ မိသားစုများအနေဖြင့် တိကျရေရာသောအဖြေရရှိရန် ရေယာဉ်မှောက်သည့်နေရာအောက်ပိုင်း ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် ပြန်တွေ့နိုးနိုးအဖြေကို စောင့်စားနေကြရကြောင်း သိရသည်။ ချင်းတွင်းမြစ်တစ်လျှောက် မြို့ရွာ/ကျေးလက်ဒေသရှိ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များအနေဖြင့် ကမ်းနားတစ်လျှောက် မျောပါလာသည့်အလောင်းများကို တွေ့ရှိဆယ်ယူနိုင်ခြင်းများရှိသကဲ့သို့ ရေစီးနှင့်အတူ မျောပါသွားသည်များကိုလည်း လိုက်လံဆယ်ယူလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ရေယာဉ်မှောက်အပြီး နာရီပိုင်းအတွင်း အသက်ရှင်လျက် ပြန်လည်ကယ်ဆယ်နိုင်ခဲ့သည့်ခရီးသည် ၁၆၀ ခန့်ကို ဖြစ်ပွားသည့်နေ့ကပင် မုံရွာမြို့သို့ အရောက်ပို့ပေးခဲ့သည်။ အဆိုပါအသက်ရှင်ကျန်သည့်ခရီးသည် ၁၆၀ ခန့်ထဲတွင် ဟုမ္မလင်းမြို့ နောင်ပကျစ်ကျောင်းတွင် ဆရာမတာဝန်ထမ်းဆောင်နေသည့် ဒေါ်မြခက်နှင့် ဟုမ္မလင်းမြို့မှ မသန်းဌေးတို့ကို မုံရွာမြို့ ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီရုံးခန်း၌တွေ့ဆုံ၍ ရေယာဉ်မှောက်စဉ် တွေ့ကြုံရသည်များကို မေးမြန်းဖြစ်ခဲ့သည်-

**ဒေါ်မြခက်(ဟုမ္မလင်း-နောင်ပကျစ်ကျောင်းဆရာမ)**

ကျွန်မတို့ အမျိုးသမီးနှစ်ယောက်နဲ့ (၁၁) နှစ်အရွယ်တူမလေးတို့က ရိုးရိုးတန်းရှေ့ဆုံးခုံတန်းမှာ လိုက်လာခဲ့တာပါ။ ဖြစ်တဲ့အချိန်က သုံးဦးစလုံးနိုးနေတာပါ။ မော်တော်က အမြန်ကြီးကွေ့လိုက်တာ။ ခြောက်ပတ်လောက်များရှိမလားမသိဘူး။ လည်နေတာသိရပြီး တူမဖြစ်တဲ့သူကို လက်ဆွဲထားတာပါ။ မော်တော်ပေါ်မှာ လူကသုံးရာကျော်လောက်ပါမယ်လို့ ခန့်မှန်းမိပါတယ်။ ဆိုင်ကယ်တွေက အစီး ၂၀ ကျော်မလားဘဲ။ တင်လာတာအများကြီးပါ။ လူများ၊ ပစ္စည်းများနဲ့ မော်တော်ထဲ ရေခဏခဏဝင်တာ ထမီရေစိုလို့လဲရတာ အခါခါပါ။ ခြေထောက်က လေဖြတ်ချင်သလိုဖြစ်လို့ မုံရွာကို ဆေးကုဖို့သွားတာပါ။ မော်တော်မှောက်တော့ ရေမကူးတတ်ဘူး။ ဒါပေမယ့် ရေထဲအကျမှာ ကျောပိုးအိတ်တစ်လုံးက ကပ်ပါလာတဲ့အတွက် အိတ်မှာမှီကပ်လိုက်လာရင်း မှောင်နဲ့မည်းမည်းမှာ ကမ်းပေါ်ကလူတွေရဲ့ကူညီမှုနဲ့ အသက်ချမ်းသာရာရခဲ့တာပါ။ ဒါပေမယ့် အသက် (၁၁)နှစ်အရွယ် တူမလေးကတော့ ဘယ်ရောက်လို့ရောက်နေမှန်း မသိတာ ရင်နာလို့မဆုံးဘူး။

**ဒေါ်သန်းဌေး(ဟုမ္မလင်းမြို့)**

ကျွန်မက အထူးခန်းကလိုက်ရင်း မော်တော်ပေါ်တင်တဲ့ ဝိတ်ကတအားကြီးများနေတော့ မော်တော်က တာဝန်ရှိတဲ့သူကို ကျွန်မတို့ကြောက်တယ် ကြည့်လုပ်ပေးပါဦးပြောတော့ လုပ်မပေးပါဘူး။ မော်တော်ထဲရေဝင်များပြီး အခြေအနေမဟန်မှန်းသိတော့ အထူးခန်းတံခါးကိုဖွင့်ထားတာ။ တကယ်လည်းမှောက်ရော ဖွင့်ထားတဲ့အပေါက်က စောင်းကျသွားတာ။ လူကရေထဲရောက်တော့ ရှေ့မှာရှိတဲ့အထုတ်ကို လှမ်းဆွဲဖက်ထားမိတယ်။ ဘေးကလည်း မှောင်မည်းပြီး ဘာမှမမြင်ရဘူး။ စက္ကန့်ပိုင်းအတွင်းမှာပဲ ငါးထည့်တဲ့ဖော့ဘူးကြီးမှာ အမျိုးသမီးသုံးဦးဖက်လိုက်လာတာတွေ့ရပြီး အဲဒါနဲ့အတူ ကျွန်မလည်းဖက်လိုက်လာတာ။ ခဏနေတော့ လှေနဲ့လာကယ်တဲ့သူတွေနဲ့တွေ့ပြီး အသက်ချမ်းသာရာရခဲ့တာပါ။ ကျွန်မသိသလောက် မော်တော်အောက်ထပ်ရိုးရိုးတန်းက တစ်ထပ်လုံးနီးပါးဟာ အိပ်ပျော်နေကြတဲ့ သူတွေချည်းများတော့ အသက်ရှင်ဖို့ အခွင့်အလမ်းကနည်းပါတယ်။ အများအားဖြင့် အမျိုးသားတွေ အများစုရှင်မှာဖြစ်ပြီး ကလေးငယ်တွေ၊ သက်ကြီးပိုင်းတွေ၊ ကျောင်းသား ကျောင်းသူ၊ ဆရာဆရာမတွေပါတယ်လို့သိရတာ။ အလွန်ကြောက်လည်းကြောက် ဝမ်းလည်းနည်းမိပါတယ်။ မဆင်မခြင်တင်တော့ ခံရတာခရီးသည်တွေ တနင့်တပိုးကြီးပါ။ အရေးယူတာတွေ ဘာတွေကနောက် အခုလောလောဆယ်ခရီးသည်တွေကတော့ အသက်ပေးသွားရတာအများကြီးပါ။



ဆရာမဒေါ်မြခက်နှင့် ဒေါ်သန်းဌေးတို့က သူတို့အတွေ့အကြုံကို ပြောပြခြင်းဖြစ်သည်။ အောက်တိုဘာ ၁၇ ရက်တွင် ကနီနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ဒေသများတွင် လူသေအလောင်းများကို ဒေသတာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းများက တွေ့ရှိဆယ်ယူထားကြောင်း ကြားသိရသကဲ့သို့ နစ်မြုပ်နေသော ရေယာဉ်ကို ရေငုပ်သမားလေးဦးပါဝင်သော ကရိန်းဖြင့် ရှာဖွေနေသောအဖွဲ့က တွေ့ရှိပြီဖြစ်ပြီး ဆိုင်ကယ်အနီရောင်တစ်စီးကို လူအားဖြင့် ဆယ်တင်နိုင်ခဲ့သလို လူသေအလောင်းနှင့်အတူ လက်ဝတ်ရတနာများပါလာရာ ကူညီကယ်ဆယ်ရေးအဖွဲ့က မှတ်တမ်းတင် ပြသထိန်းသိမ်းကာ ပိုင်ရှင်အမြန်သိရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စာပေ့စွမ်းအားပြည်ထွန်းကား

## ယောနကဘိုးထောင်

**-လူရေးကျယ်စွာ၊ အဖြာဖြာကို**
**လိမ္မာအတတ်၊ ချားရဟတ်သို့**
**လည်ပတ်ပြီးမှ၊ ပြန်တွက်ဆ၍**
**လှံ့လပင်စည်၊ အရင်းတည်လျက်**
**ခက်ရှည်ပညာ၊ ချမ်းသာအသီး**
**ကြီးစရွှေ့ရွှေ့၊ အစလေ့ဖြင့်**
**မမေ့မကျန်၊ လူမှုပွန်လျက်**
**စောင့်မာန်မဲ့ဆုံး၊ တော်ဖြောင့်သုံး၍**
**နှလုံးသန့်စင်ကြည်စေမင်း. . . ။**

**ကန်တော်မင်ကျောင်းဆရာတော်**
**လောကသာရဆုံးမစာ**

နိုင်ငံတော်အနာဂတ်မှာ လူငယ်မျိုးဆက်သစ်တို့၏ တာဝန်ဖြစ်ပါတယ်။ ပစ္စုပ္ပန်ကာလလေ့လာသင်ယူမှုသည် နိုင်ငံတော်ရှေ့ခရီးစဉ်ဖြစ်နေပါတယ်။ နိုင်ငံတည်ဆောက်ပြုပြင်ရေးမဟာဗျူဟာမျှော်မှန်းချက်တွင် လူငယ်မျိုးဆက်သစ်တို့ အိပ်မက်ကမ္ဘာဖြစ်ပါတယ်။ ယနေ့မျိုးဆက်သစ်လူငယ်များမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များတွင် အားသစ်လောင်း၍ရှိနေကြပါတယ်။ လူငယ်မျိုးဆက်သစ်တို့ စာဖတ်ခလေ့ယဉ်ကျေးမှုတွင် ပျော်ဝင်လျက်ရှိနေကြပါတယ်။ စာဖတ်ခြင်းမှာ လူကောင်း၊ လူတော်များကို မွေးထုတ်ပေးခြင်းဖြစ်ပါတယ်။ လူဆိုး လူမိုက်တို့ကား စာပေမသိ ဘဝအမှောင်တွင် နစ်မွန်းလျက်ရှိနေကြပါတယ်။ အလိမ္မာစာမှာရှိဆိုသလို နိုင်ငံ့သားကောင်းအလိမ္မာတို့မှာ စာပေအလင်းရောင်အောက်ဝယ် စာကိုမက်မက်စစ်စစ်ဖတ်ရှုနေကြပါတယ်။ စာဖတ်ခြင်းယဉ်ကျေးမှုခလေ့သည် နိုင်ငံနှင့် လူမျိုးတိုးတက်ဖွံ့ဖြိုးရေးကို ရှေ့ဆောင်လမ်းပြလျက်ရှိနေပါတယ်။

မျိုးဆက်သစ်လူငယ်တို့မှာ စာအုပ်စာပေကို မိတ်ဆွေဖွဲ့လျက် စာကြည့်တိုက်များတွင် အသိအလိမ္မာ ပညာရှာလျက်ရှိကြပါတယ်။ စာပေလေ့လာဖတ်ရှုကြိုးပမ်းအားထုတ်ခြင်းအလုပ်သည် အမှောင်တွင်းမှ ဘဝအလင်းရောင်ထွန်းညှိနေခြင်းဖြစ်ပါတယ်။ စာကြည့်တိုက်စာဖတ်ရုံများတွင် အတတ်ပညာ၊ အသိပညာစွယ်စုံရသပေးသော စာအုပ်စာပေများရှိနေကြပါတယ်။ ဒါ့ကြောင့် စာအုပ်စာပေများကို လူမိတ်ဆွေအစစ်ဟူ၍ ပြောဆိုနေပါတယ်။

ငါးကင်ရောင်းပြီး အခမဲ့စာကြည့်တိုက်များတည်ထောင်သူ ကိုသိန်းဇော်(ခေါ်) ကိုဇော်ဇော်၏ မွန်မြတ်သော စေတနာသဒ္ဒါတရားဖြစ်ပါတယ်။ မန္တလေးအခမဲ့စာကြည့်တိုက်(၁)ကို ၂၀၀၈ ခုနှစ် မေလမှာ ဖွင့်လှစ်တည်ထောင်ခဲ့ပြီး စာအုပ်ရေ ၁၀၀၀၀ ကျော်ရှိပါတယ်။ စာကြည့်တိုက်တည်နေရာအရပ်မှာ အမှတ်(၂၁၆) မြေညီထပ် အောင်မေတ္တာ(၄)လမ်း (၁)ရပ်ကွက် လှိုင်မြို့နယ်မှာ ဖြစ်ပါတယ်။ မန္တလေးအခမဲ့စာကြည့်တိုက်(၂)ကို ၂၀၁၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး စာအုပ်ရေ ၇၀၀၀ ကျော် ရှိပါတယ်။ စာကြည့်တိုက်တည်နေရာအရပ်မှာ စည်သာကျေးရွာကျောက်ပန်းတောင်းမြို့မှာ ဖြစ်ပါတယ်။ မန္တလေး အခမဲ့စာကြည့်တိုက်(၃)ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်ခဲ့ပြီး စာအုပ်ရေ ၁၄၀၀၀ ကျော်ရှိပါတယ်။ စာကြည့်တိုက်တည်နေရာအရပ်မှာ ခေမာသီဝံ ဘုန်းတော်ကြီးကျောင်း အနောက်စံပြရပ်ကွက် ကျောက်ပန်းတောင်းမြို့မှာ ဖြစ်ပါတယ်။ မန္တလေး အခမဲ့စာကြည့်တိုက်(၄)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်ခဲ့ပြီး စာအုပ်ရေ ၁၄၀၀၀ ကျော်ရှိပါတယ်။ စာကြည့်တိုက်တည်နေရာအရပ်မှာ ကန်ကြီးထောင့်မြို့ ဧရာဝတီတိုင်းဒေသကြီးမှာ ဖြစ်ပါတယ်။ မန္တလေးအခမဲ့စာကြည့်တိုက် (၅)ကို ယခုနှစ် ဇွန်လတွင်ဖွင့်လှစ်ခဲ့ပြီး စာအုပ်ရေ ၁၂၀၀၀ ကျော်ရှိပါတယ်။ စာကြည့်တိုက်တည်နေရာအရပ်မှာ ဇောတိကလမ်း မြို့မကွက်သစ်ရပ် ကျောက်ပန်းတောင်းမြို့မှာ ဖြစ်ပါတယ်။

ကိုဇော်ဇော်အခမဲ့စာကြည့်တိုက်ထူထောင်ရာတွင် အခက်အခဲပေါင်းများစွာကို ဖြတ်သန်းခဲ့ရပါတယ်။ မေတ္တာ သစ္စာ ဇွဲသတ္တိကို အရင်းတည်လုပ်ဆောင်မှုမှန်ကန်သောကြောင့် အောင်မြင်မှုကို ရရှိပိုင်ဆိုင်ခဲ့ပါတယ်။

ကိုဇော်ဇော်ရဲ့ လှိုင်မြို့နယ်ရှိ မန္တလေးအခမဲ့စာကြည့်တိုက်(၁)ကို အခန်းငှားခတစ်လ ကျပ်နှစ်သိန်းပေး၍ ငှားထားရပါတယ်။ အဲဒီစာကြည့်တိုက်ငှားခကို ဦးစိုးမြင့်က တစ်လကျပ် တစ်သိန်း လှူဒါန်းကြောင်း သိရှိရပါတယ်။ စာပေစေတနာသဒ္ဓါတရားကို လေးစားမြတ်နိုးတန်ဖိုးထားဖွယ်ဖြစ်ပါတယ်။ မန္တလေးအခမဲ့ စာကြည့်တိုက်(၂)ကို ကိုဇော်ဇော်ရဲ့ဇာတိ ကျောက်ပန်းတောင်းမြို့နယ်စည်သာကျေးရွာရှိ မိဘများနေအိမ်မှာ ဖွင့်လှစ်ထားပါတယ်။ မန္တလေးအခမဲ့စာကြည့်တိုက်(၃) အဆောက်အအုံကို အလှူရှင်တစ်ဦးက ဆောက်လုပ်လှူဒါန်းထားပါတယ်။ စုပေါင်းညီညာအောင်ကြောင်းဖြာစေသော လူမှုအကျိုးပြု လုပ်ငန်းကြီးဖြစ်ပါတယ်။ မန္တလေးအခမဲ့စာကြည့်တိုက် (၄)ကို ကန်ကြီးထောင့်မြို့ ရွှေဘိုသန္တိသုခကျောင်းဆရာတော်က နေရာပေးထားပါတယ်။ မန္တလေးအခမဲ့စာကြည့်တိုက်(၅)ကို စာပေအရသာသိရှိကြကုန်သော ပြည်သူလူထုအကူအညီအားကို ရယူနိုင်ခဲ့ပါတယ်။ စာပေထဲမှာ ခွန်အားများစွာရှိပါတယ်။ ဒါကြောင့် မြန်မာ



**ကိုဇော်ဇော် ပြည်သူ့ဂုဏ်ရည်ဆုယူအပြီး ဦးကျော်သူ၊ ဒေါ်ရွှေဇီးကွက်တို့နှင့်အတူ တွေ့ရစဉ်။**

ပြည်ကြီးကို ပြုပြင်နိုင်သောလက်နက်မှာ စာအုပ်စာပေများသာဖြစ်ပါတယ်။ ကိုဇော်ဇော်က သူ၏ စွမ်းအားရှိသလောက် တစ်နိုင်ငံလုံး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းသွားမယ်လို့ ဆိုပါတယ်။

လှိုင်မြို့နယ်ရှိ မန္တလေးအခမဲ့စာကြည့်တိုက် (၁)တွင် တစ်နေ့လျှင် စာအုပ်ရေ ၆၀၀ ကျော်ငှားရပါတယ်။ ပဲခူး၊ ဒလ၊ သန်လျင်၊ ထောက်ကြန့်၊ မော်လမြိုင် စတဲ့မြို့များကပင် လာရောက်ငှားရမ်းကြပါတယ်။ နယ်ဝေးမှလာငှားသူများကို တစ်ခါငှားလျှင် အုပ်ရေ ၂၀အထိငှားပေးကြောင်း သိရှိရပါတယ်။ မန္တလေးအခမဲ့စာကြည့်တိုက် (၃)တွင် တစ်နေ့လျှင် အုပ်ရေ ၄၀၀၀ ကျော်ငှားရကြောင်း သိရပါတယ်။ စာဖတ်ပညာပြည့်ဝလာလျှင် နိုင်ငံ့နှလုံးလှ လာမှာဖြစ်ပါတယ်။ ပြည်သူလူထုစာဖတ်ပါမှ နားမျက်စိ ပွင့်လင်းလာမှာဖြစ်ပါတယ်။ စာအုပ်စာပေများကို လူထုမျက်လုံးထဲမှာ စွဲမြဲပြီး လူထုနှလုံးသားထဲ အမြဲစီးဝင်နေဖို့ လိုအပ်ပါတယ်။ စာဖတ်ခြင်းယဉ်ကျေးမှုမြင့်မားတိုးတက်မှ နိုင်ငံတိုးတက်မှာပါ။

ကိုဇော်ဇော်ကို ဖခင်ဦးကျော်သန်းနှင့် မိခင်ဒေါ်ခင်ထွေးရီ တို့မှ ၄-၁-၁၉၈၉ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်က တောအုပ်စု စည်သာကျေးရွာဇာတိဖြစ်ပါတယ်။ မွေးချင်း ခြောက်ယောက်တွင် ဒုတိယမြောက်သား ဖြစ်ပါတယ်။ မွေးချင်းခြောက်ယောက်မှာ (၁)ကိုဇော်မင်းထွန်း၊ (၂) ကိုသိန်းဇော် (ခ) ကိုဇော်ဇော် (၃) ကိုထွန်းထွန်းနိုင်၊ (၄) ကိုသူရထွန်း၊ (၅) ကိုသူရစိုး (၁၀-တန်း အထက (၂) ကျောက်ပန်းတောင်း၊ (၆) မသက်မွန်မြင့် (၈-တန်း အထက (၂) ကျောက်ပန်းတောင်း) တို့ဖြစ်ပါတယ်။ ယခုအခါ ကိုဇော်ဇော်သည် အသက် (၂၇) နှစ် အရွယ်သာရှိပါသေးတယ်။ ကိုဇော်ဇော်ငယ်စဉ်ကနေခဲ့သော ကျောင်းမှာ အင်းကုန်းကျေးရွာ မူလတန်းကျောင်း နတ်မောက်မြို့မှာ လေးတန်းအောင်မြင်ခဲ့ပါတယ်။ မဲထီးကျေးရွာ အလယ်တန်းကျောင်း ငါးတန်းကို ၁၅ရက်ခန့်ကျောင်းတက်ခဲ့ပါတယ်။ ယနေ့နေရပ်လိပ်စာမှာ အမှတ်(၂၁၆) မြေညီထပ် အောင်မေတ္တာ (၄)လမ်း (၁)ရပ်ကွက် လှိုင်မြို့ နယ်တွင် အိမ်ငှားခတစ်လနှစ်သိန်းနှင့်ငှား၍ နေထိုင်ပါတယ်။

ကိုဇော်ဇော် ၁၈နှစ်သားအရွယ် ၂၀၀၇ ခုနှစ်တွင် ပညာရှာရင်းအလုပ်လုပ်ရန် ရန်ကုန်မြို့ကို တက်လာခဲ့ပါတယ်။ စာဖတ်ရန် စာအုပ်သုံးအုပ်သာပါရှိလာပါတယ်။ အသိပညာရှာမည်၊ အလုပ်လုပ်မည်ဟု ကိုဇော်ဇော်ဆုံးဖြတ်ထားပါတယ်။ စားသောက်ဆိုင်တစ်ခုတွင် စားပွဲထိုးဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ကိုဇော်ဇော် စားပွဲထိုးဝင်လုပ်ရင်း အားလပ်ချိန်တွင် စာဖတ်ပါတယ်။ စားဖိုမှူးရဲ့ အဝတ်အစားများကို လျှော်ပေးပြီး ထမင်းကြော်နည်း၊ ကြာဇံခေါက်ဆွဲကြော်နည်း၊ ငါးကင်နည်းများကို တတ်မြောက်အောင်သင်ယူခဲ့ပါတယ်။ တစ်ခါတစ်ရံမှာ အကြော်ဆရာရဲ့ ဝေယျာဝစ္စအလုပ်များကို လုပ်ကိုင်ပေးရင်း စားပွဲထိုးလုပ်သက်တစ်နှစ်အတွင်းမှာ ငါးကင်နည်းကို ကောင်းစွာတတ်မြောက်လာခဲ့ပါတယ်။ အတတ်ပညာတစ်ခုခုကို ဇွဲသတ္တိလုံ့လရှိရှိ ကြိုးပမ်းလုပ်ဆောင်မှုကြောင့် အကျိုးရလဒ်ထူးတစ်ခု ပိုင်ဆိုင်ခဲ့ပါတယ်။

ကိုဇော်ဇော်ဟာ စားပွဲထိုးရင်း စာကြည့်တိုက်များမှာ စာအုပ်လိုက်ငှားပါတယ်။ ရတဲ့စာအုပ်ကို သေသေချာချာ ဖတ်မှတ်ပါတယ်။

ကိုဇော်ဇော်ဟာ စာဖတ်ခြင်းဝါသနာကြီးမားပါတယ်။ စာကြည့်တိုက်တော်တော်များများက မှတ်ပုံတင်တောင်း၊ အိမ်ထောင်စုဇယားတောင်းသောအခါ ကိုဇော်ဇော်ခမျာ မပေးနိုင်ရှာသဖြင့် ငှား၍မရပေ။ ကိုဇော်ဇော်ဟာ စားပွဲထိုးလုပ်၍ ရသောငွေများကို အိမ်သို့လုံးဝမပို့တော့ပေ။ ရသမျှငွေများကို စာအုပ်များသာဝယ်ယူဖတ်ရှုပါတော့တယ်။ ကိုဇော်ဇော် ပညာရွှေအိုးကြီးဟာ လူမခိုးနိုင်ဘဲ ပြည့်ဝလှပချမ်းသာလာပါတော့တယ်။ အသိအတတ်အမြင်ပညာရပ်များသည် မျက်စိမှသည် ရင်တွင်းနှလုံးသားထဲသို့ ကိန်းအောင်းရောက်ရှိသွားပါတော့တယ်။ ကိုဇော်ဇော် အသိလိမ္မာ တစ်နေ့တခြား တိုးတက်မြင့်မားလာပါတော့တယ်။

ကိုဇော်ဇော်စာဖတ်ဝါသနာပါလာခြင်းမှာ သူ့အဘိုး ဦးစံသိန်းကြောင့်ဟူ၍ ပြောပြပါတယ်။ သူငယ်ငယ်က သူ၏ အဘိုးဖြစ်သူက နှမ်းခင်း၊ ပဲခင်းများကို စောင့်ပေးရင်း စာဖတ်ပြီး သူ့ကို ပြန်ပြောပြကြောင်း သိရှိရပါတယ်။ ကိုဇော်ဇော်ဟာ အဘိုးအလုပ်သို့ လိုက်သွားရင်း အဘိုးဖတ်သောစာအုပ်တိုင်းကို လိုက်ဖတ်ရာက စာဖတ်ဝါသနာပါလာခြင်းဖြစ်ပါတယ်။ ကိုဇော်ဇော်ငယ်စဉ်က အဘိုးဖြစ်သူ ပုံပြင်များ ပြောပြလေ့ရှိပါတယ်။ အဘိုးပြောသော ပုံပြင်များဟာ မန္တလေးနန်းတော်ရာဇဝင်အကြောင်းများသာ ပြောလေ့ရှိပါတယ်။ မန္တလေးကို မရောက်ဖူးသော်လည်း မန္တလေးကိုနှစ်သက်ခဲ့သဖြင့် စာအုပ်အငှားဆိုင်အမည်ကိုလည်း မန္တလေးအခမဲ့စာကြည့်တိုက်လို့ အမည်ပေးခဲ့ပါတယ်။

ကိုဇော်ဇော်သည် ၂၀၀၈ ခုနှစ်မှာ စားသောက်ဆိုင်ကအလုပ်ထွက်လိုက်ပါတယ်။ စုဆောင်းထားသော ငွေကြေးဖြင့် လက်တွန်းလှည်းတစ်စီးဝယ်ပါတယ်။ လက်တွန်းလှည်းကို “မန္တလေးမာလာငါးကင်”ဟူ၍ အမည်ပေးကာ နေ့စဉ် ညနေတိုင်း လှည်းတန်းအင်းစိန်လမ်းမဘေးမှာ ငါးကင်ဆိုင်လေးဖွင့်ခဲ့ပါတယ်။ အားလပ်ချိန်မှာ မိမိရှိသောစာအုပ်များကို စက်ဘီးတစ်စီးပေါ်တင်ပါတယ်။ အဲဒီနောက် ကားမှတ်တိုင်ရှိလူများကို လိုက်လံ၍ စာအုပ်အခမဲ့ဖတ်ကြပါလို့ဆိုကာ လိုက်ပေးပါတယ်။

ကိုဇော်ဇော်ငါးကင်ဆိုင်ဖွင့်သည့်နေ့မှစ၍ စာအုပ်ဝယ်ရန် တစ်နေ့သုံးထောင်ကျပ်ပုံမှန်စုပါတယ်။ တစ်လလျှင် ကျပ်ကိုးသောင်းဖိုး စာအုပ်ဝယ်သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်ပါတယ်။ ကိုဇော်ဇော်သည် မိမိငှားနေသော တိုက်ခန်းကို ၂၀၀၈ ခုနှစ်မှာ မန္တလေးအခမဲ့စာကြည့်တိုက်အဖြစ်ဖွင့်လှစ်ခဲ့ပါတယ်။ မိမိစုဆောင်းထားသော စာအုပ်များကို အခမဲ့ငှားရမ်းပေးပါတယ်။ လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်ထဲသို့လည်း စက်ဘီးတစ်စီးဖြင့်လိုက်၍ စာအုပ်ဖတ်ချင်သောအိမ်များသို့ စာအုပ်များ အခမဲ့လိုက်ငှားပေးပါတယ်။ စာအုပ်စာပေဖတ်ချင်သူများကို ရှာဖွေပြီး စာအုပ်လိုက်ပို့ပေးပါတယ်။ ကိုဇော်ဇော်စာဖတ်ခြင်း အလုပ်ကိုလည်းလုပ်ပြီး သူတစ်ပါးကိုလည်း စာဖတ်ဝါသနာပါလာအောင် ပျိုးထောင်ပေးပါတယ်။

ကိုဇော်ဇော်သည် သူ၏ မန္တလေးအခမဲ့စာကြည့်တိုက်ကို နေ့စဉ်နံနက် ၉နာရီမှ ည ၁၁နာရီအထိ ဖွင့်ထားပါတယ်။ ငါးကင်သွားရောင်းသည့် အချိန်တွင်လည်း စာကြည့်တိုက်ကို ဤအတိုင်းဖွင့်ထားခဲ့ပါတယ်။ စာအုပ်ငှားသူများက ငှားသူအမည်နှင့် ငှားသွားသည့်စာအုပ်အမည်များကို ကိုယ်တိုင်ရေးမှတ်သွားပေးပါတယ်။ စာအုပ်ကို ဤအတိုင်းယူသွားသူများရှိကြောင်းလည်း သိရှိရပါတယ်။

ကိုဇော်ဇော်သဘောကောင်းမှုကို အခွင့်ကောင်းယူ၍ အရက်သမား၊ ယမကာလုလင်တို့က အရက်ဖိုးလာတောင်းကြပါတယ်။ ကိုဇော်ဇော်က စာအုပ်တစ်အုပ်ဖတ်၍ ပြန်ပြောပြနိုင်လျှင် ငွေတစ်ထောင်ထုတ်ပေးပါတယ်။ အရက်သမား ယမကာလုလင် အချို့ဟာ စာအုပ် ငါးအုပ်လောက်ဖတ်ပြီးလျှင် ကိုဇော်ဇော်ပေးသော ငွေကို မယူတော့ပေ။ အချို့ဆိုလျှင် စာပေသမားများပင်ဖြစ်သွားကြပါတယ်။ ကိုဇော်ဇော်စာပေကျေးဇူးကြောင့် အရက်ပြတ်သည့်သူများပင် ပေါ်ပေါက်လာခဲ့ပါတယ်။ ကိုဇော်ဇော်က အရက်ဖိုးပေး၍ စာကြမ်းပိုးမွေးမြူရေးကို လုပ်ကိုင်ပါတယ်။ စာဖတ်ဝါသနာပိုးဝင်သွားလျှင် အသိအလိမ္မာ ကြွယ်ဝသွားလေပြီ။

ကိုဇော်ဇော် ကလေးသူငယ်များကိုလည်း စာအုပ်တစ်အုပ်ဖတ်ပြီး ပြန်ပြောပြနိုင်လျှင် ငွေတစ်ထောင်ကျပ်မုန့်ဖိုးပေးပါတယ်။ ဤသို့ဖြင့် လူတိုင်း လူတိုင်း စာဖတ်ချင်လာအောင် အမျိုးမျိုးကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။ မန္တလေးအခမဲ့စာကြည့်တိုက် (၁)၌ ဇယ်ခုံ ခုနစ်ခုံနှင့် ဂီတာခုနစ်လက်ကိုလည်း ထားရှိပေးပါတယ်။ စာအုပ်များများဖတ်သည့်သူများကို ဇယ်ခုံ၊ ဂီတာတို့ကို အိမ်အထိ အလှည့်ကျငှားရမ်းနိုင်ခွင့်ပေးပါတယ်။ ကိုဇော်ဇော်သည် သူ့အတွက်ဆိုလျှင် အင်္ကျီကိုလည်း သန့်သန့်ပြန့်ပြန့်နေရုံလောက်သာ ဝတ်ပါတယ်။ ဖိနပ်ကိုလည်း နှစ်ထောင်တန်လောက်သာစီးပါတယ်။ ရသမျှငွေကြေးကို စာအုပ်ဝယ်ရန်လောက်သာ ဆန္ဒရှိသူဖြစ်ပါတယ်။

ကိုဇော်ဇော်စာအုပ်များကို စက်ဘီးတစ်စီးဖြင့် လိုက်ပို့ပေးနေကြောင်း နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူသိသောအခါ ကိုဇော်ဇော်ကို ကားတစ်စီးလှူပါတယ်။ ကိုဇော်ဇော်လက်မခံပါ။ စက်ဘီးနှင့်စာအုပ်ပို့ပေးရသည်မှာ ပို၍လွယ်ကူကြောင်းပြောပြပါတယ်။ ကိုဇော်ဇော်ကြိုးစားအားထုတ်မှုကြောင့် မန္တလေးအခမဲ့စာကြည့်တိုက် ငါးတိုက်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အခြားစာကြည့်တိုက်ပေါင်း ၅၀ကျော်ကိုလည်း စာအုပ်များပြန်လည်လှူဒါန်းပေးနေကြောင်း သိရှိခဲ့ရပါတယ်။ လူငယ်လူရွယ်များ စာဖတ်လာစေရေးကြိုးပမ်းမှုကို သိသောအခါ အမေရိကန်နိုင်ငံက ၂၀၁၅ ခုနှစ်အတွက် ပြည်သူ့ဂုဏ်ရည်အထူးဆုကို ကိုဇော်ဇော်အား ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ ထိုဆုကြီးကို ၂၀၁၅ ခုနှစ် ဇွန်လ ၁၄ရက်နေ့တွင် တော်ဝင်နှင်းဆီခန်းမ၌ ထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာပင် ရန်ကုန်မြို့ အမေရိကန်စင်တာက ချီးမြှင့်သော Certificate of completion ဆုကိုလည်း ထပ်မံဆွတ်ခူး ရရှိခဲ့ပြန်ပါတယ်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၆ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ကိုသိန်းဇော်(ခေါ်) ကိုဇော်ဇော်သည် လိုအပ်သည့်နေရာများသို့ စာအုပ်များလှူဒါန်းလျက်ရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် “မန္တလေးအခမဲ့စာကြည့်တိုက်”ငါးခုအထိ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ **စာအုပ်စာပေများမှ ရရှိသော ခွန်အားဖြင့် ဘဝကို ခိုင်ခိုင်မာမာရပ်တည်နိုင်သည့်အပြင် မျိုးဆက်သစ်လူငယ်များ စာပေလေ့လာဖတ်ရှုနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်းသည် အသိပညာလူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခြင်းဖြစ်သလို နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်နေခြင်းဟု ရှုမြင်ပါသည်။ သို့ဖြစ်၍ ကိုသိန်းဇော် (ခေါ်) ကိုဇော်ဇော်အား ယခုနှစ် ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်၍ ဤကျေးဇူးတင်လွှာကိုထုတ်ပြန်လိုက်ပါသည်။** ကိုသိန်းဇော် (ခေါ်) ကိုဇော်ဇော်ကဲ့သို့ပင် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့ လူ့အဖွဲ့အစည်း၊ မိမိတို့နိုင်ငံတော်အတွက် ဝိုင်းဝန်းကူညီကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအားပေးလျက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်” ဟူ၍ နေ့စဉ်ထုတ်သတင်းစာများတွင် ဖတ်ရှုမှတ်သားမိပါတယ်။

“စာပေစွမ်းအား ပြည်ထွန်းကား”နိုင်ရန် စာအုပ်စာပေကျေးဇူးကားမြတ်နိုးတန်ဖိုးထားဖွယ် ဖြစ်ပါတယ်။ ယနေ့ လူငယ်မျိုးဆက်သစ်တို့ အားမာန်ကို ချီးကျူးဂုဏ်ပြုကြိုဆိုလိုက်ရပါတယ်။

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ။

**စာကိုး**

**၁။ ၁၇ ဩဂုတ် ၂၀၁၆ နေ့စဉ်ထုတ်သတင်းစာများ**

**၂။ မင်္ဂလာမောင်မယ် ၂၀၁၆ ခုနှစ် ဇူလိုင်လအတွဲ ၂၈ အမှတ် ၇**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ငိုသံတွေရှိတဲ့အရပ်မှာ ညကမှောင်လွန်းတယ်



## ဇေယျတု(မကွေး)

"ဥပဒေသာမရှိဘူးဆိုရင် သူ့ကိုသတ်ပစ်လိုက်ချင်တယ် . . ."။ မျက်ရည်တွေစီးကျရင်း တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းဖျားက ထွက်လာတဲ့အသံဟာ ကွဲအက်နေတဲ့နှလုံးအိမ်ထဲကမှန်း သိသာနေပါတယ်။ ထိတ်လန့်မှု၊ ရှက်ရွံ့မှုတို့ ရောပြွမ်းနေတဲ့ သမီးငယ်လေးရဲ့မျက်နှာကိုကြည့်ရင်း တောက်ခေါက်သံပြင်းပြင်းတစ်ချက်ထွက်လာပြီး ကို. . . က သတင်းထောက်တွေကို အားနာသလိုမော့ကြည့်ပါတယ်။

ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံး ခြေမွခံလိုက်ရတဲ့မိသားစုတစ်စုဟာ အသက်မပြည့်သေးတဲ့ သမီးငယ်လေးရဲ့အဖြစ်ဆိုးအတွက် သတင်းသမားတွေရဲ့ ကင်မရာတွေရှေ့မှာ စိုးနင့်နေတဲ့မျက်ဝန်းကိုယ်စီနဲ့ အကူအညီတောင်းခံဖို့ ရောက်ရှိနေခဲ့တာပါ။

"သမီးက (၁၃)နှစ်ပဲရှိသေးတယ်။ တောထဲဆိတ်ကျောင်းသွားနေကျ။ မွေးဖက်ပေးကျောင်းခိုင်းတဲ့ ဆိတ်ပိုင်ရှင်က စော်ကားတာ။ ကလေးကမပြောဘူး။ ပတ်ဝန်းကျင်ပြောမှပဲ သိရတယ်" ဟု ဆက်ရှင်းပြဖို့ ကို. . . ဟာ တော်တော်လေး စိတ်ထိန်းနေရပါတယ်။ မင်းဘူး (စကု) မြို့နယ် ရွာလေးတစ်ရွာက ခုနှစ်တန်း ကျောင်းသူလေးရဲ့ ရှေ့ရေးဟာ လူမှုနယ်ပယ်မှာတော့ အရိပ်ဆိုးကြီးတစ်ခု ဖြစ်လို့ သွားခဲ့ရပါပြီ။

ရိုးသားပြီး 'အ'တဲ့ဘက်ကိုရောက်နေတဲ့ သူတို့မိသားစုဟာ မခံမရပ်နိုင်တဲ့ ဒေသခံတွေအကူအညီနဲ့ ရဲစခန်းကို တိုင်ကြားခဲ့ပြီး အသက်(၃၈)နှစ်အရွယ်ကျူးလွန်သူဟာ ရှောင်တိမ်းသွားခဲ့ပါတယ်။ ကျူးလွန်သူရဲ့ဇနီးက မွေးဖက်ပေးထားတဲ့ ဆိတ်တွေကို ပြန်သိမ်းသွားခဲ့ပြီး ကျန်နေခဲ့တဲ့ ဆိတ်တွေကို ကို . . . တို့မိသားစုက ခိုးထားပါတယ်လို့ ရဲစခန်းမှာ အမှုပြန်ဖွင့်ခဲ့ပါတယ်။ သမီးငယ်လေးအတွက် သောကမီးတွေဝိုင်းနေဆဲမှာပဲ သူတို့ဟာ ခိုးမှုနဲ့ ထောင်ထဲဝင်ရကိန်း ဆိုက်နေခဲ့ပါပြီ။

ဒီမှုခင်းမတိုင်ခင် စလင်းမြို့နယ်ထဲက ကျေးရွာတစ်ရွာမှာ အသက်(၆၀)ကျော် သက်ကြားအိုက ဖျက်ဆီးလိုက်လို့ အသက်(၁၂)နှစ်အရွယ် မိန်းကလေးတစ်ယောက် ဘဝ ညစ်နွမ်းခဲ့ရပါသေးတယ်။

"အနိုင်ကျင့်ပြီး ကလေးကို ပြန်ပြောရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားတာ။ သမီးနဲ့ရွယ်တူကလေးတစ်ယောက်ကိုလည်း စော်ကားပြီး ခြိမ်းခြောက်ထားသေးတယ်လို့ သမီးကပြောတယ်။ သိပ်မကြာခင်မှာပဲ အဲဒီကလေးမလေး ဆုံးသွားတယ်" လို့ နစ်နာသူတွေက ဆိုပါတယ်။ သူတို့ဟာ စိတ်နှလုံးကြေကွဲပြီး သေသွားတဲ့ ကလေးမလေးလို သူတို့ သမီးကိုဖြစ်မှာ စိုးရိမ်နေဟန်ရှိပါတယ်။

စလင်းနယ်ထဲက သက်ကျားအိုကြီးကို တရားဥပဒေအရ ထောင်ဒဏ် လေးနှစ်စီရင်နိုင်ခဲ့ပေမယ့် မင်းဘူး(စကု)နယ်ထဲက ကို . . . တို့ရွာလေးမှာ တောက်ခေါက်သံတွေက ကြားနေရဦးမှာပါပဲ။ တရားခံကလည်းလွတ်နေဆဲ။ အရှက်တရားကိုအခြေခံတဲ့ နာကြည်းစိတ်နောက်မှာ အခြားမှုခင်းတွေ ထပ်ဖြစ်လာမယ်၊ မလာဘူးဆိုတာကတော့ နတ်ဒေဝါတွေမှ သိနိုင်မယ့် ကိစ္စပါပဲ။

"ကလေးကို အခြားလူကြီးတစ်ဦးနဲ့ မျက်ကွယ်မှာ အချိန်အကြာကြီး အတူရှိနေစေတာ၊ အန္တရာယ်ရှိတဲ့၊ ဒုက္ခပေးနိုင်တဲ့ ပတ်ဝန်းကျင်မှာ အလုပ်လုပ်စေတာတွေဟာ သက်ငယ်မုဒိမ်းမှုတွေ ဖြစ်စေတဲ့အကြောင်းအရင်းတွေထဲမှာ ပါတယ်"လို့ SCVG ဒါရိုက်တာ ကိုအောင်လင်းကြည်က ပြောပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ သမီးရှင်မိဘတွေအဖို့တော့ ရတက်မအေးစရာ သတင်းတွေက လူမှုကွန်ရက်တွေမှာ၊ တရားဝင်သတင်းစာမျက်နှာတွေမှာ မမြင်ချင်မှ အဆုံးလို့ ပြောရမလိုပါပဲ။ မိန်းကလေးဆိုရင် လေး၊ ငါးနှစ်အရွယ်ကစ စိတ်မချရတာတွေအပြင် ဆယ်ကျော်သက်လေးတွေဟာလည်း အယုံလွယ်ခင်မင်ရင်း ဆေးခတ်ပြီး ကာမရယူ ခံရတာတွေ၊ ဆင်းရဲနွမ်းပါးမှုကို အခွင့်ကောင်းယူ၊ အလုပ်အကိုင်ရမယ်အကြောင်းပြပြီး ပြည့်တန်ဆာလောကထဲ ဖွတ်ဆွဲသွင်းတာတွေ မြန်မာပြည်မှာ ရှိနေပါတယ်။

သက်ငယ်မုဒိမ်းမှုတွေနဲ့ပတ်သက်လို့ အောက်ခြေမှာ လျော်ကြေးနဲ့ဖြေရှင်းမှုတွေရှိနေသလို တရားစီရင်တဲ့အမှုတွေမှာလည်း ပြစ်ဒဏ်တွေနည်းပါးလွန်းနေတဲ့အတွက် ဝေဖန်မှုတွေက နေရာအနှံ့ထွက်ပေါ်နေခဲ့ပါတယ်။ သေဒဏ်ချမှတ်ပေးပါလို့ တောင်းဆိုမှုတွေကလည်း မနည်းလှပါဘူး။

"ရာဇသတ်ကြီးပုဒ်မ ၃၇၆ မုဒိမ်းမှုကျူးလွန်သူအား ထောင်ဒဏ်(၂၀)နှစ်ထိဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အသက်(၁၆)နှစ်အောက် အရွယ်မရောက်သေးတဲ့ ကလေးသူငယ်ကို မုဒိမ်းမှုကျူးလွန်တာနဲ့ပတ်သက်ပြီးတော့ ကျူးလွန်သူကို ပြစ်ဒဏ်သီးခြားသတ်မှတ်ထားခြင်းမရှိဘူး ။ နောက်နောင် မကျူးလွန်ဝံ့အောင်၊ ကြံရွယ်နေတဲ့သူတွေလည်း မကျူးလွန်ဝံ့တဲ့အထိ ပြင်းထန်တဲ့ သီးခြားဥပဒေတစ်ခုပြဋ္ဌာန်းသင့်ပါတယ်"လို့ တရားလွှတ်တော်ရှေ့နေ ဦးမြင့်အောင်က ပြောပါတယ်။

တရားရုံးတွေဆိုတာ ဥပဒေပြဋ္ဌာန်းချက်ဘောင်ကို ကျော်လွန်ပြီး အပြစ်ပေးလို့မရတဲ့အတွက် သက်ငယ်မုဒိမ်းမှုဆိုတဲ့နေရာမှာလည်း ပုဒ်မ(၃၇၆)ပါ ပြစ်ဒဏ်ထက်ပိုတဲ့ ပြစ်ဒဏ်ပေးဖို့ဆိုရင် ဥပဒေပြဋ္ဌာန်းချက်ကို ဥပဒေပြုရေးအဖွဲ့အစည်းများက ပြင်ဆင်ပေးမှရမယ်လို့ မင်းဘူးမြို့နယ် တရားသူကြီး ဦးဇော်မင်းက ပစ္စက္ခအခြေအနေကို ရှင်းပြပါတယ်။

"မိခင်တစ်ယောက်အနေနဲ့ ကလေးတွေ ကျောင်းအပို့၊ အကြို အချိန်တိကျအောင် ဂရုစိုက်တယ်။ အိမ်နီးနားချင်း သက်ကြီးယောကျ်ားတွေနဲ့ လက်ပွန်းတတီးနေတာကိုလည်း ကန့်သတ်ပြီး အမြဲတမ်းသတိရှိနေရတယ်။ ခေတ်ကိုက မယုံရတော့ဘူးလေ" ဆိုပြီး မကွေးဒေသခံ ကျောင်းသူမိခင် မဖူးပွင့်က မိခင်တစ်ယောက်ရဲ့သောကကို ရင်ဖွင့်ရှာပါတယ်။ အလင်းအားကောင်းတဲ့အချိန် ယာထဲ၊ တောထဲ ဆိတ်ကျောင်း၊ နွားကျောင်းသွားတဲ့ကလေးတွေ၊ အမှောင်ကြီးစိုးချိန် ကျေးရွာကပြတဲ့ ဗီဒီယိုရုံ၊ အိမ်နီးချင်းအိမ် တီဗွီရှေ့မှာရောက်နေတဲ့ ကလေးတွေအတွက်တော့ ကျေးလက်ဓလေ့ဆိုတာ အန္တရာယ်ရှိတဲ့အပြုအမူတစ်ခုတောင်ဖြစ်နေပြီလား တွေးစရာပါ။

ကို . . . တို့ရွာကလေးမှာတော့ ပူပူနွေးနွေး ဖြစ်နေသေးတဲ့ သောကမီးတွေကြောင့် လူမှုရေးစည်းရိုးတွေမှာ ဆူးခက်တွေ အုံဖွဲ့နေတုန်းပါပဲ။

"ကလေးက ကျောင်းဆက်မတက်ချင်တော့ဘူး။ စကားပြောလည်း နည်းလာတယ်။ သူ့ဘာသာ တစ်နေရာမှာ ငြိမ်ပြီးနေတတ်တယ်"လို့ သမီးလေး အခြေအနေကို ဆွေမျိုးသားချင်းတစ်ယောက်က ပြောပြပါတယ်။ ကလေးရဲ့ နှလုံးသားနုနုမှာ ပြင်းထန်တဲ့ ရိုက်ချက်တွေ ထိရှုပြီးတဲ့နောက် စိတ်အခြေအနေတွေကလည်း ကလေးဘဝကို အေးအေးလူလူ ဖြတ်သန်းဖို့ ခက်ခဲနေဦးမှာပါ။

"ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပွားတဲ့ သက်ငယ်မုဒိမ်းမှုတွေဟာ သက်ငယ်တွေအပေါ်မှာသာ ကျူးလွန်လိုတဲ့စိတ်အခြေခံရှိသူတွေက ကျူးလွန်ခြင်းမျိုးမဟုတ်ဘဲ ကလေးသူငယ်တွေရဲ့ အားနည်းချက်တွေအပေါ်မှာ အခွင့်ကောင်းယူလိုတဲ့ မကောင်းတဲ့စိတ်အခြေခံရှိသူတွေ ဖြစ်ပါတယ်" လို့ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးအရာရှိ ဦးသစ္စာက ပြောပါတယ်။

"ကျူးလွန်ခံရတဲ့ကလေးနဲ့ သူ့မိသားစုဟာ လူမှုဝန်ထမ်းက ဆောင်ရွက်နေတဲ့ Psycho Social Support စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုလိုအပ်ပြီး ပညာသင်ကြားဆဲကလေးအတွက် ဆက်လက်ပညာသင်ကြားရေးလုပ်ဆောင်ဖို့ လိုပါတယ်။ ကလေးသူငယ်တွေရဲ့ နစ်နာမှုတွေအတွက် UNICEF၊ UNFPA၊ Save the Children International၊ World Vision Myanmar၊ Marry Stop International၊ Good Neighbors Myanmar၊ SCVG၊ ရတနာ့မေတ္တာ၊ ကြက်ခြေနီအသင်းစတဲ့အဖွဲ့အစည်းတွေက လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ပူးတွဲလုပ်ဆောင်မှုတွေရှိနေတယ်" လို့ ဦးသစ္စာက ဆိုပါတယ်။

လူမှုကွန်ရက်မှာ ပျံ့နေတဲ့ Legal Aid Projectဆိုတဲ့ အဖွဲ့ကလည်း ရှေ့နေခ၊ ခရီးစရိတ်၊ စားစရိတ်၊ စာရွက်စာတမ်းခ ပေးစရာမလိုဘဲ ဥပဒေကြောင်းအရ အခမဲ့အကူအညီတွေ ပေးနေတယ်လို့ သိရပါတယ်။

မကွေးတိုင်းဒေသကြီးထဲမှာ ၂၀၁၄ခုနှစ်က မုဒိမ်းမှု ၅၅ မှု ၊ ၂၀၁၅ ခုနှစ်မှာ ၅၆ မှု ၊ ၂၀၁၆ စက်တင်ဘာလထိ ၅၂ မှု တိုင်ကြားမှုရှိခဲ့တယ်လို့ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့က မှတ်တမ်းတင်ထားပါတယ်။

ထမင်းစားရေသောက်လောက်နီးပါးဖြစ်နေတဲ့လူငယ်တွေကြားထဲက ဖိုမဆက်ဆံရေးအရှုပ်အထွေးတွေနဲ့အတူ ပြောင်ကျကျ သွားလာဈေးကွက်ရှာနေတဲ့ ပြည့်တန်ဆာလောကသားတွေကလည်း မြို့ကြီးတွေမှာ နေရာတစ်ခုတော့ ရရှိနေတာကို တွေ့ရပါတယ်။ KTV မာဆတ်လိုနေရာမျိုးတွေကလည်း တင်းနေတဲ့အာရုံကြောအချို့ကို ပြေလျော့စေတာကြောင့် ညစ်ညမ်းဝက်ဘ်ဆိုက်တွေရဲ့ ဘေးထွက်ဆိုးကျိုးဟာ မြို့ပြမှာတော့ စိုးရိမ်ရေမှတ်အောက်လို့ ယေဘုယျ ဆိုနိုင်ပါသေးတယ်။

"မြို့တွေမှာကတော့ လိင်စိတ်ကိုပြေလျော့စေမယ့် အခွင့်အလမ်းတွေရှိပါတယ်။ ဒါပေမယ့်လည်း ကလေးတွေရဲ့အနီးဆုံးမှာ အန္တရာယ်တွေရှိနေနိုင်ပါသေးတယ်။ကျေးလက်တွေမှာကတော့ ကျူးလွန်ချင်သူတွေအတွက် အခွင့်အရေးပိုရနိုင်တဲ့ ပတ်ဝန်းကျင်တွေရှိနေတယ်"လို့ သတင်းထောက် ကိုပိုင်ဇေက ပြောပါတယ်။

နယ်မြေခံသတင်းထောက်တစ်ဦးဖြစ်သူ ကိုပိုင်ဇေကတော့ သူလိုက်ခဲ့ဖူးသမျှ အတွေ့အကြုံတွေအရ ကျူးလွန်ခံရတဲ့ ကလေးငယ်ရဲ့မိဘတွေဟာ အလွန်ဆင်းရဲကြပြီးတော့ အထောက်အပံ့ပေးနေတဲ့၊ အိမ်မှာအဝင်၊ အထွက်များတဲ့သူရဲ့ တစ်စတစ်စ ကျုံးသွင်းကျူးလွန်ခြင်းကို ခံခဲ့ရတာလို့ ဆိုပါတယ်။ ကျူးလွန်ပြီးသွားလို့ ပေါ်ပေါက်လာခဲ့ရင်လည်း အရှက်တရားနဲ့ သိမ်ငယ်မှုတွေနဲ့အတူ ငွေကြေးအင်အားနဲ့ ဖိအားပေးခံရတာတွေရှိနေတတ်တယ်လို့ ပြောပါတယ်။

"အရွယ်မရောက်သေးတဲ့ကလေးတွေကို မိဘတွေက ထိန်းသိမ်းစောင့်ရှောက်ဖို့၊ ဒီလိုစောင့်ရှောက်တတ်အောင်လည်း ပညာပေးဖို့ လိုပါတယ်။ ရုပ်မြင်သံကြားနဲ့ ရေဒီယိုတွေကနေ သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်တဲ့ ဆောင်ဖို့၊ ရှောင်ဖို့ ပညာပေးဇာတ်လမ်းတွေ၊ အစီအစဉ်တွေကိုပါ လုပ်ဆောင်ပေးရပါလိမ့်မယ်။ ဒါ့အပြင် သက်ငယ်မုဒိမ်းမှုတွေ ပပျောက်လျော့နည်းသွားအောင် လုပ်တဲ့နေရာမှာ အကြောက်တရား စိုးမိုးအောင်လုပ်တဲ့နည်းနဲ့ သေဒဏ်ပေးသင့်တယ်ဆိုတာကိုလည်း လက်ခံပါတယ်" လို့ မကွေးဒေသခံစာရေးဆရာ နန္ဒကျော်ခေါင်က သုံးသပ်ပါတယ်။

ပထမအကြိမ်ပြည်သူ့လွှတ်တော်မှာ ကလေးသူငယ်မုဒိမ်းမှုကျူးလွန်သူတွေ သေဒဏ်ပေးဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြခဲ့ပေမယ့် အဆိုရှုံးနိမ့်သွားခဲ့ရပါတယ်။ မင်းဘူး(စကု)မြို့နယ်ထဲက ရွာလေးတစ်ရွာမှာ စော်ကားခံလိုက်ရတဲ့ သမီးငယ်အတွက် နှလုံးကြေကွဲနေရတဲ့ ကို. . . ကိုတော့ လွှတ်တော်ကိုယ်စားလှယ်တွေ မြင်ဖူးကြမယ် မထင်ပါဘူး ။ ကို . . . လိုသူတွေ အများကြီး ရှိလိမ့်မယ်လို့လည်း သူတို့တွေးမိဟန် မတူပါဘူး။

ကိုယ်ချင်းစာစိတ်နဲ့တွေးကြည့်ရင် မြန်မာ့လူမှုအဖွဲ့အစည်းကြီးတစ်ခုလုံးဟာ တရားဥပဒေစိုးမိုးဖို့၊ လုံခြုံတဲ့ဘဝနဲ့ စိတ်အခြေအနေတွေပိုင်ဆိုင်ဖို့ စိတ်အားထက်သန်နေကြမှာပါပဲ။

ဥပဒေဘက်တော်သားတစ်ဦးရဲ့ အဆိုအရ Legislature body ဆိုတဲ့ ဥပဒေပြုအဖွဲ့အစည်းကြီးဟာ The law will be change with the changing society လူ့အဖွဲ့အစည်းပြောင်းလဲမှုနဲ့အတူ ဥပဒေတွေကိုလည်း ပြောင်းလဲဖွဲ့စည်းပေးရလိမ့်မယ်ဆိုတဲ့ တာဝန်နဲ့ဝတ္တရားတွေ ရှိနေပါတယ်။ လူ့အဖွဲ့အစည်းကြီးဟာ မုဒိမ်းသမားတွေကို လက်ခံနေပါသလား။ အထူးသဖြင့် သက်ငယ်မုဒိမ်းသမားတွေအပေါ် ဘယ်လိုသဘောထားရှိနေပါသလဲ။

ပျော်ပျော်ရွှင်ရွှင် ပြေးလွှားဆော့ကစားနေရမယ့် အချိန်မှာထိတ်လန့်နာကြည်းစရာ အဖြစ်ဆိုးတစ်ခုကို မလိုချင်ဘဲရလိုက်တဲ့ ကလေးငယ်တို့ရဲ့ဘဝတွေ၊ အဖြစ်ဆိုးလိုက်တာ သမီးလေးရယ်လို့ မချိတင်ကဲကြေကွဲနေရတဲ့ မိဘတွေ၊ ပေးဆပ်လိုက်ရတဲ့အရှက်တရားနဲ့ လူ့ဂုဏ်သိက္ခာတွေ . . . ။ ဒါတွေအတွက် မုဒိမ်းမှုကျူးလွန်သူကို အပြစ်ပေးနိုင်တဲ့ ဥပဒေက ဒါပဲလားလို့ မေးစရာဖြစ်လို့ လာခဲ့ပါပြီ။

တရားစီရင်ရေးပိုင်းဟာ ရှိပြီးသားဥပဒေအပေါ်မှာ အပြစ်ပေးရတာမှန်သော်လည်းပဲ စလင်းမြို့နယ်ထဲက သက်ငယ်မုဒိမ်းမှုတစ်ခုကို ထောင်ဒဏ်လေးနှစ်ပဲ ချမှတ်လိုက်တဲ့အပေါ် သမီးရှင်မိဘတစ်ယောက်ရဲ့နေရာက ဝင်ကြည့်ရင် ဘယ်လိုမှ ကျေနပ်လောက်စရာ မရှိပါဘူး။ ငါတို့လည်း ထောင်လေးနှစ်အကျခံမယ်၊ သူတို့မိသားစုထဲက တစ်ဦးဦးကို ပြန်ကျူးလွန်မယ်ဆိုတဲ့ ဟန်မူရာဘီရဲ့ ကိုဓဥပဒေတွေ ထွန်းကားမလာနိုင်ဘူးလို့ ဘယ်သူတာဝန်ခံနိုင်ပါသလဲ။

ဘက်နှစ်ဖက်ပါဝင်တဲ့ ပြဿနာရဲ့နောက်မှာ လူသတ်မှုတွေ၊ အပြန်အလှန်ကလဲ့စားချေမှုတွေ ဖြစ်လာနိုင်ပြီး ရပ်ရွာတွင်းမှာ တရားဥပဒေစိုးမိုးမှုနဲ့ တည်ငြိမ်အေးချမ်းရေးတွေ ပျက်လာနိုင်ပါတယ်။ လက်ရှိဥပဒေအရ အမြင့်ဆုံး ပြစ်ဒဏ်ထောင်ဒဏ်နှစ် ၂၀ ဆိုတာကလည်း ကျူးလွန်တဲ့အပေါ်မူတည်ပြီး တရားရေးက ဆုံးဖြတ်ရတာဖြစ်လို့ ဒီကျူးလွန်မှုဟာလည်း အပြင်းထန်ဆုံးနဲ့ အရက်စက်ဆုံး ကျူးလွန်တဲ့ စာရင်းထဲထည့်သွင်း စဉ်းစားရမှာပါ။

ကြားနေရတဲ့အသံတွေက သက်ငယ်မုဒိမ်းမှုတွေကို သေဒဏ်ပေးပါတဲ့။ ဒီအသံဟာ ပြည်သူ့အသံလို့ မယုံကြည်သေးဘူးဆိုရင်လည်း လူထုဆန္ဒကောက်ယူကြဖို့ပဲ ကျန်ပါတော့တယ်။ ငိုကြွေးနေတဲ့ ကလေးတွေရဲ့မျက်ရည်တွေကို ဘယ်သူကူလို့ သုတ်ပေးကြမှာလဲ။ ဘယ်သူက စာနာစိတ်နဲ့ လက်ကမ်းပြီး ဆွဲထူမှာလဲ။ ကလေးတွေရဲ့ကမ္ဘာကို ဘယ်သူက ကာကွယ်ပေးမှာလဲ။ ငိုသံတွေရှိတဲ့အရပ်မှာမှ ညက မှောင်လွန်းနေပါတယ်။

ပြည်သူတင်တဲ့အစိုးရအနေနဲ့ ကြေကွဲဆို့နင့်နေတဲ့ ကို . . . လို ဖခင်တွေအတွက် ခြေမွခံလိုက်ရတဲ့ ကလေးငယ်တွေရဲ့ အနာဂတ်တွေအတွက် တစ်ခုခု လုပ်ဆောင်ကြလိမ့်မယ်လို့ မျှော်လင့်ရတာပါပဲ။ ။

❖ ရွှေဖုံးမှ

### ပြောဆိုဆွေးနွေးမှုများကို နားထောင်မှတ်သား

မိမိတို့ဘက်က ရှင်းလင်းပြောကြားမှုများပြုလုပ်သကဲ့သို့ ၎င်းတို့၏ ပြောဆိုဆွေးနွေးမှုများကို နားထောင်မှတ်သားခဲ့ပါကြောင်း၊ ယခုဖြစ်စဉ်သည် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားသည့် အရေးကိစ္စမှန်သော်လည်း မြန်မာနိုင်ငံတော်၏ အရေးကိစ္စဖြစ်ကြောင်း၊ ပြည်ထောင်စု၏ အရေးကိစ္စဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရ၊ တပ်မတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဆရာတော်၊ သံဃာတော်များက ယခုဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်နှလုံး မသာမယာဖြစ်ရကြောင်း၊ နောင်အလားတူမဖြစ်ရန် သတိဝီရိယနှင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခင်က အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပြီး ယခုအချိန်တွင် ပို၍ကြီးကြီးမားမားဖြစ်သည့်အတွက်ကြောင့် ထပ်မဖြစ်ရန် ဂရုစိုက်ဆောင်ရွက်သင့်ကြောင်း၊ တပ်များ အင်အားဖြည့်တင်းပြီး လုံခြုံရေးစိတ်ချရအောင် ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း၊ ဒေသအမြန်ဆုံးပြန်လည်တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်ပေးရန်၊ ဒေသခံပြည်သူလူထု စိတ်လုံခြုံမှုရှိပြီး အကြောက်တရားများလျော့ပါးအောင် ဆောင်ရွက်ပေးရန်၊ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနောက်သို့ ပါရှိသွားသည့်လက်နက်များ အမြန်ဆုံးပြန်ရအောင် ဆောင်ရွက်ပေးရန်၊ တိုင်းရင်းသားရွာများ ဆက်လက်ရပ်တည်နေထိုင်နိုင်ရေး အစိုးရအနေဖြင့် ကူညီထောက်ပံ့ပေးရန်တို့ကို ဆွေးနွေးပါကြောင်း။

### ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်

ယင်းနောက် ဒေသခံများဆွေးနွေးတင်ပြသည့် အချက်များတွင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ ပြည်သူ့စစ်များဖွဲ့စည်းပြီး လက်နက်တပ်ဆင်ပေးရန်၊ လူဝင် လူထွက်များကို စစ်ဆေးကြပ်မတ်မှုမရှိဖြစ်နေတာကို စိစစ်ဆောင်ရွက်ပေးရန်၊ ကျေးရွာများတွင် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးယန္တရားဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန် စသည့်အချက်များ ဆွေးနွေးပါကြောင်း။

ပြဿနာကို အရင်းအမြစ်ဝေဖန်သုံးသပ်ပြီး ဆွေးနွေးမှုများလည်း ရှိပါကြောင်း၊ ထိုအထဲတွင် ပုဂ္ဂိုလ်တချို့က အကြမ်းဖက်တိုက်ခိုက်သူများဘက်မှ Soft Power၊ Hard Power နှင့် ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးဆောင်ရွက်လာသည့်အတွက်ကြောင့် မိမိတို့ဘက်ကလည်း လုံခြုံရေးဆိုင်ရာအစီအမံကို အစိုးရလုံခြုံရေးအဖွဲ့နှင့် နယ်မြေခံပြည်သူလူထုတို့ ပူးပေါင်းပါဝင်သည့် မဟာဗျူဟာတစ်ရပ် ပီပြင်စွာစီမံချက်ရေးဆွဲဆောင်ရွက်ရန် စသည်ဖြင့် တိုက်တွန်းပြောဆိုမှုများလည်း ရှိပါကြောင်း။

အစ္စလာမ်ဘာသာရေးအသိုင်းအဝိုင်းမှပုဂ္ဂိုလ်များနှင့် ပြောဆိုသည့်အခါတွင် သူတို့ဘက်က ဆွေးနွေးတင်ပြသည့်အထဲတွင် ယခုဖြစ်စဉ်နှင့်ပတ်သက်ပြီး ၎င်းတို့အနေဖြင့် များစွာစိတ်မကောင်းဖြစ်မိကြောင်း၊ ဘယ်အကြမ်းဖက်မှုမျိုးကိုမဆို လက်မခံဘဲရှုတ်ချကြောင်း၊ အစ္စလာမ်ဘာသာဝင်များအနေဖြင့် အစိုးရအဖွဲ့အစည်းများနှင့် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သူများနှင့်ပတ်သက်သည့် ရရှိသောသတင်းများကို သက်ဆိုင်ရာကို သတင်းပို့တင်ပြမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏ လုံခြုံမှုအတွက်လည်း အစိုးရအနေဖြင့်ကူညီပြီး ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်ဟု တင်ပြချက်များရှိပါကြောင်း။

### ကဏ္ဍအသီးသီးအလိုက် သုံးသပ်မှုများ ပြုလုပ်လျက်ရှိ

ခရီးစဉ်တွင် တွေ့ရှိခဲ့သည့်အချက်များနှင့်စပ်လျဉ်းပြီး သွားရောက်ခဲ့သည့်အဖွဲ့အနေဖြင့် ကဏ္ဍတစ်ခုချင်းအလိုက် ကာကွယ်ရေး၊ ပြည်ထဲရေး၊ လူဝင်မှုကြီးကြပ်ရေးစသဖြင့် ကဏ္ဍအသီးသီးအလိုက် သုံးသပ်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ စုပေါင်းပြီး သုံးသပ်ချက်ပြုလုပ်လျက်ရှိပါကြောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အစည်းအဝေးတွင် မိမိတို့ ရှင်းလင်းတင်ပြခဲ့ပါကြောင်း။

လတ်တလောဖြစ်နေသည့်ကိစ္စရပ်များနှင့် ယင်းအပေါ် ဆက်လက်ပြီး ဆောင်ရွက်သည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြခြင်းဖြစ်ပြီး သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းလာသမျှကိုလည်း ဖြေကြားသွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ဖြစ်စဉ်ဖြစ်ရပ်များကို ပွင့်လင်းမြင်သာစွာ ဆောလျင်စွာဖြေကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အကြမ်းဖက်မှုနှင့်ဆက်စပ်မှုရှိသည့် နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်မှု အခြေအနေသိလိုကြောင်း မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဖြေကြားရာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် လူ့အခွင့်အရေးအဆိုမူကြမ်းကို ဥရောပသမဂ္ဂက ကမကထလုပ်၍ တင်ပြပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီတိုးတက်လာခြင်း၊ ဒီမိုကရေစီအရရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်ပေါ်လာခြင်း၊ လူ့အခွင့်အရေးကိစ္စနှင့်ပတ်သက်၍ အစိုးရအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေခြင်းတို့အပေါ် မူတည်ပြီး ဥရောပသမဂ္ဂအနေဖြင့် အဆိုမူကြမ်းကို မတင်တော့ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ အခြားသူများတင်ပြခြင်းကိုလည်း ၎င်းတို့အနေဖြင့် မလိုလားဟု ဆုံးဖြတ်ခဲ့ပါကြောင်း။

### ကျေနပ်သူရှိသကဲ့သို့ မကျေနပ်သူများလည်းရှိ

အဆိုပါဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ကျေနပ်သူရှိသကဲ့သို့ မကျေနပ်သူများလည်းရှိပါကြောင်း၊ ပြည်ပမှ ပါဝင်ပတ်သက်သူများ ရှိနေသည်ဆိုရာတွင် သက်ဆိုင်ရာအစိုးရများအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း မရှိစေရန်အတွက် မိမိတို့အနေဖြင့် သံတမန်လမ်းကြောင်းအရ ဆောင်ရွက်နေပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း အကြမ်းဖက်မှုမှန်သမျှ ၎င်းတို့ လက်မခံဟု ရပ်တည်ပေးထားပါကြောင်း၊ ထိုသို့ရပ်တည်ထားပြီး လက်နက်ကိုင်တိုက်ခိုက်ခဲ့သည့်ကိစ္စတွင် ပါဝင်ပတ်သက်ခဲ့သူ နှစ်ဦးလာရောက်ပြီး အပ်နှံထားခြင်းလည်း ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အဆိုမူကြမ်းကို OIC ဟုခေါ်သည့် အစ္စလာမ္မစ်နိုင်ငံများအဖွဲ့အစည်းမှနေ၍ တင်ပြရန် ကြိုးစားနေမှုလည်းရှိပါကြောင်း၊ ထိုသို့ ကြိုးစားသည့်နေရာတွင် မိမိတို့ဘက်ကလည်း အဖြစ်မှန်ကို အားလုံးကိုတင်ပြနေပါကြောင်း၊ ဤအရေးကိစ္စတွင် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်နေခြင်း



ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့၏ ရခိုင်ပြည်နယ်ခရီးစဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဖြစ်ကြောင်း၊ အင်အားသုံးသည့်အခါမှာပင် လိုအပ်သည့်အင်အားထက်ပိုပြီး မသုံးဘူးဆိုသည့်ကိစ္စကိုလည်း ရှင်းပြနေပါကြောင်း၊ အာဆီယံနိုင်ငံများထဲတွင် အစ္စလာမ်ဘာသာကိုးကွယ်သည့် နိုင်ငံသုံးနိုင်ငံရှိပါကြောင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘရူနိုင်း နိုင်ငံတို့ဖြစ်ပါကြောင်း၊ အဆိုပါနိုင်ငံများမှ သံအမတ်ကြီးများအား ယနေ့ခေါ်တွေ့ပြီး အခြေအနေမှန်ကို ပိုမိုသိရှိအောင် ရှင်းပြပါကြောင်း။

### တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သုံးနိုင်ငံစလုံးက လက်ခံ

ထိုသို့ရှင်းပြသည့်အခါတွင် ၎င်းတို့၏ရပ်တည်ချက်ကိုလည်း ပြောပြပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးက အင်ဒိုနီးရှားအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးလွတ်လပ်ခွင့်နှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို လေးစားပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် မလိုလားပါကြောင်း ပြောကြားခဲ့ရာ ယင်းမှာ အင်မတန်မှ အရေးကြီးပါကြောင်း၊ နောက်မိမိတို့၏ လုပ်ဆောင်မှုနှင့်ပတ်သက်ပြီး ၎င်း၏ရပ်တည်ချက်ကို ပြောကြားရာတွင်လည်း မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်ချက်သည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံတွင်ရှိသည့် လုပ်ပိုင်ခွင့်သာဖြစ်ပြီး တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း အင်ဒိုနီးရှားအစိုးရအနေဖြင့် လက်ခံပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် “မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေးကာကွယ်ရေးကို လက်ကိုင်ထားဆောင်ရွက်နေသည်ကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်ကို တွေ့ရပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် အစ္စလာမ်ဘာသာဝင် သန်းပေါင်းများစွာ နေထိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ အဆိုပါသံအမတ်ကြီး၏ ရပ်တည်ချက်ကို ဘရူနိုင်းသံအမတ်ကြီးနှင့် မလေးရှားနိုင်ငံသံအမတ်ကြီးတို့ကလည်း ထောက်ခံပြီး ထိုအတိုင်း ရပ်တည်ကြပါကြောင်း။

### ဥရောပသမဂ္ဂသံအမတ်ကြီးကိုလည်း ရှင်းပြ

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ နိုင်ငံများသာမက နိုင်ငံအားလုံးကိုလည်း ရှင်းပြထားပါကြောင်း၊ မိမိအနေဖြင့်လည်း ဥရောပသမဂ္ဂသံအမတ်ကြီးကိုဆက်သွယ်ပြီး ဤကိစ္စနှင့်ပတ်သက်၍ ပြောပြပါကြောင်း၊ ဥရောပသမဂ္ဂသံအမတ်ကြီးကလည်း ၎င်းအနေဖြင့် အဖွဲ့ဝင်နိုင်ငံများကို မိမိတို့၏လုပ်ဆောင်ချက်များကို ရှင်းပြပေးမည်ဟု ပြောပါကြောင်း၊ ဤနည်းဖြင့် သံတမန်နည်းလမ်းမှနေ၍ အခြားသက်ဆိုင်ရာ သံအမတ်ကြီးများကိုလည်း ရှင်းပြရန်ရှိပါကြောင်း ဖြေကြားသည်။

### ရေရှည်မည်သို့ဆောင်ရွက်မည်

အကြမ်းဖက်မှုဖြစ်ပွားနေသည့်နေရာတွင် ကျေးရွာနှင့်လူဦးရေ အရေအတွက်နှင့် ရေရှည်မည်သို့ ဆောင်ရွက်သွားမည်ဆိုသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လက်ရှိနောက်ဆုံးစာရင်းအရ ဘူးသီးတောင်၊ မောင်တောဒေသတွင် ရပ်ကွက်ပေါင်း ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀၄ စု၊ ကျေးရွာပေါင်း ၉၀၅ ရွာရှိပါကြောင်း၊ ရခိုင်တိုင်းရင်းသားကျေးရွာမှာ ၃၄၉ ရွာရှိပြီး ဘင်္ဂါလီကျေးရွာ ၅၃၆ ရွာ ရှိပါကြောင်း၊ တိုင်းရင်းသားနှင့် ဘင်္ဂါလီပူးတွဲနေသည့် ကျေးရွာ ၂၀ ရှိပါကြောင်း၊ တိုင်းရင်းသားလူဦးရေမှာ တစ်သိန်းနှစ်သောင်း နှစ်ထောင့်လေးဆယ့်တစ်ဦးရှိပါကြောင်း၊ တိုင်းရင်းသားငါးထောင့်သုံးဆယ့်တစ်ဦးရှိပြီး ဘင်္ဂါလီ ခုနစ်သိန်းခြောက်သောင်း ငါးထောင့်ရှစ်ရာ ခြောက်ဆယ့်နှစ်ဦးရှိပါကြောင်း၊ စုစုပေါင်းကောက်ယူသည့် စာရင်းအရ ရှစ်သိန်းကိုးသောင်း နှစ်ထောင့်ကိုးရာ သုံးဆယ့်လေးဦးရှိကြောင်း ပြောကြားသည်။

### ဒေသလုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ မူလတာဝန်ဖြစ်သည့် လုံခြုံရေးအပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များ မဖြစ်ပွားစေရန် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး ဒေသလုံခြုံရေးကိုဆက်လက်ပြီး တည်ဆောက်နေမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်ပြီး လမ်းကြောင်းလုံခြုံရေးများကိုလုပ်ထားသော်လည်း ပုဂ္ဂလိကယာဉ်လိုင်းများပြေးဆွဲရန် အားနည်းနေမှု၊ ဒေသတစ်ခုမှာ ပိတ်မိနေသူများ သွားလာနိုင်ရန်အတွက်လည်း အုပ်ချုပ်ရေးအဖွဲ့အစည်းများကစီစဉ်ပေးသည့် ပို့ဆောင်ရေးလုပ်ငန်းစဉ်နှင့် ရွှေ့ပြောင်းပို့ဆောင်မှုများ လုပ်ပေးနေမှု၊ ကာလတစ်ခုအတွင်းမှာ ပုံမှန်လမ်းပန်းဆက်သွယ်ရေးကိုလည်း ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းပုံမှန်လူနေမှုဘဝကို ပြန်လည်ရရှိနိုင်ရန် တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း ဖြေကြားသည်။

### ခရီးစဉ်သုံးသပ်ချက်များ

ရခိုင်ကျေးရွာများဆက်လက်ရပ်တည်ရန် ဆောင်ရွက်မည့်အစီအစဉ်နှင့် အစိုးရကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သုံးသပ်ချက်များ သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆရာတော်များပါဝင်သည့် မြို့မိ မြို့ဖများနှင့်လည်း တွေ့ဆုံပြောဆိုခဲ့ပါကြောင်း၊ ရခိုင်ကျေးရွာများဆက်လက်ရပ်တည်ရန်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ အဆိုပါဒေသတွင် ရခိုင်တိုင်းရင်းသားများသည် လူဦးရေအရ အချိုးအစားနည်းပါးပါကြောင်း၊ ထိုသို့နည်းပါးသည့်အတွက် ပဋိပက္ခဖြစ်ပွားပါက ထိခိုက်ဆုံးရှုံးမည်ကို စိုးရိမ်ကြပါကြောင်း၊ အဆိုပါဒေသတွင် ရခိုင်တိုင်းရင်းသားများ၏ စိုးရိမ်ကြောင့်ကျမှုများမှာ တော်တော်ကြီးမားနေသည်ကို မိမိတို့တွေ့ရှိရပါကြောင်း။

### လူ ၁၀၀ တွင် ၁၀၀ လုံး ပြန်လာရန်မှာ မသေချာ

ပြဿနာမတည်မငြိမ်ဖြစ်လာပါက ရွှေ့ပြောင်းကြပါကြောင်း၊ ယခုပြဿနာဖြစ်ပွားသည့်အတွက် အနည်းနှင့်အများ ရွှေ့ပြောင်းမှုရှိနေသည်ကို အားလုံးကြားသိပြီးဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းပြီးပါက ယခုနေရာများမှာ တည်ငြိမ်သွားပြီဆိုပါကလည်း ရွှေ့ပြောင်းသွားသူများထဲမှ လူ ၁၀၀ တွင် ၁၀၀ လုံး ပြန်လာရန်မှာ မသေချာဘူးဆိုသည်ကို စဉ်းစားနိုင်ပါကြောင်း၊ သို့ဖြစ်၍ တဖြည်းဖြည်းနည်းပါးသွားပါက ရခိုင်ရွာများ၏ ရပ်တည်မှုသည် ပို၍ခက်ခဲသွားလိမ့်မည်ဆိုသည့် စိုးရိမ်ရသည့်အကြောင်းကို တင်ပြကြကြောင်း၊ ယင်းကိုမည်ကဲ့သို့ ကုစားမည်ဆိုသည်မှာ ရေရှည်အတွက် စဉ်းစားသုံးသပ်၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊

မိမိတို့အဖွဲ့၏ တွေ့ရှိချက်၊ သုံးသပ်ချက်များအနက်မှ အဓိကကျသည့် အချက်တချို့ကိုပြောရမည်ဆိုပါက ယခုပြဿနာသည် အချိန်ကြာမြင့်စွာ ဖြစ်ပေါ်ခဲ့သည့် အကြောင်းတရားများကိုအခြေပြု၍ ယခုဖြစ်စဉ် ပေါ်ပေါက်သည်ဟု သုံးသပ်ရပါကြောင်း၊ လတ်တလော အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆုံးရှုံးသွားသည့် လက်နက်ခဲယမ်းများ အမြန်ဆုံးပြန်လည်ရရှိရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ အမြစ်ပြတ်ချေမှုန်းရေး၊ ၎င်းတို့နှင့် အဆက်အသွယ်ရှိသူများကို အမြန်ဆုံးဖော်ထုတ်ရေး စသည်များ လိုအပ်သည်ဟု မိမိတို့ သုံးသပ်ပါကြောင်း။

### လုံခြုံမှုအပြည့်အဝရှိပြီး အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်သင့်

ထိုကဲ့သို့ဆောင်ရွက်မှုများကို မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများ၊ နိုင်ငံတကာ ဥပဒေများနှင့်အညီဆောင်ရွက်ခြင်းဖြင့်သာ ရေတိုရေရှည် အကျိုးဖြစ်ထွန်းနိုင်မည်ဟု သုံးသပ်ပါကြောင်း၊ ယခုဖြစ်စဉ်အပေါ်ဆောင်ရွက်သည့်နေရာတွင် ပြဿနာဖြစ်သည့် ကျေးရွာများ၌ တရားဥပဒေစိုးမိုးရေး ပြည့်ဝစွာ ရှိရန်နှင့် အုပ်ချုပ်ရေးယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးတို့အတွက် တစ်ပါတည်း ဆောင်ရွက်သင့်သည်ဟု မိမိတို့ သုံးသပ်ရရှိပါကြောင်း၊ ရေတိုရေရှည်တွင် ဒေသခံပြည်သူလူထု လုံခြုံမှုအပြည့်အဝရှိပြီး အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန် အစီအမံများချမှတ်ဆောင်ရွက်သင့်သည်ဟု သုံးသပ်ပါကြောင်း။

### အပြုသဘောဆောင်သည့် သဘောထားရှိလာ

နတ်မြစ်ဝတွင်ရှိသည့် ဒုက္ခသည်စခန်းများတွင် လူဝင်လူထွက်ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သည်ဟုသုံးသပ်ပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်ခြားတွင်ရှိသည့် ခြံစည်းရိုးအား ခိုင်ခံ့ပြီး လုံခြုံမှုရှိစေရန်အတွက် ဘဏ္ဍာငွေသုံးစွဲဆောင်ရွက်ဖို့ လိုအပ်သည်ဟု သုံးသပ်ပါကြောင်း၊ တိုင်းရင်းသားကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လုံခြုံမှုကောင်းမွန်စေရေးအတွက် စီမံဆောင်ရွက်ပေးရန် လိုအပ်သည်ဟု သုံးသပ်ပါကြောင်း။

ရခိုင်ပြည်နယ်ရှိ အချို့သော နိုင်ငံရေးပါတီများသည် လက်ရှိအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုနည်းပါးခဲ့သော်လည်း အောက်တိုဘာ ၉ ရက် ဖြစ်စဉ်အပေါ်တွင် ရခိုင်ပြည်နယ်ရှိ နိုင်ငံရေးပါတီအားလုံးက အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြမည်ဟု ပြောကြားကြသည်ကိုတွေ့ရသည့်အတွက် ယခုဖြစ်စဉ်အပေါ် အပြုသဘောဆောင်သည့် သဘောထားရှိလာသည်ဟု မိမိတို့ သုံးသပ်မိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လူမှုကွန်ရက်အဖွဲ့အစည်းများ၏ ကိုယ်စားပြုကော်မတီသည်လည်း ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘောဆောင်သည့် သဘောထားများ တင်ပြလာသည့်အတွက် ၎င်းတို့၏အကြံဉာဏ်များကိုလည်း မိမိတို့ စဉ်းစားသုံးသပ်ပါကြောင်း၊

စာမျက်နှာ ၉ သို့ ◆



ဒေါက်တာဖေမြင့်



ဦးကျော်တင့်ဆွေ



ဗိုလ်ချုပ်အောင်စိုး



ဗိုလ်မှူးကြီးဇော်မင်းထွန်း



ဗိုလ်ချုပ်မြင့်နွယ်



ဦးကျော်ဇေယျ

◆ စာမျက်နှာ ၈ မှ

ယခုအချက်များသည် မိမိတို့၏ ယေဘုယျသုံးသပ်ချက်များဖြစ်ပြီး ယင်းအပေါ်တွင် ဆက်လက်ဆွေးနွေး၍ ရေတိုရေရှည်အတွက် စီစဉ်ဆောင်ရွက်သွားရန် ရှိပါကြောင်း ဖြေကြားသည်။

**စစ်ဆင်ရေးနယ်မြေ**

ရခိုင်ပြည်နယ်ဖြစ်စဉ်တွင် အင်အားမသုံးဘူးဆိုသော်လည်း တပ်မတော်စစ်ကြောင်းများက သေနတ်ဖြင့်ပစ်ခတ်မှုများသည် အမှန်တကယ်လိုအပ်၍ သုံးစွဲခြင်း ဟုတ်၊ မဟုတ်၊ ဒေသခံတိုင်းရင်းသားများ ပြည်သူ့စစ်မဟာဗျူဟာအရ လက်နက်တပ်ဆင်လိုမှုကို အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်၊ အကြမ်းဖက်ခေါင်းဆောင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သင်တန်းသွားရောက်တက်ခဲ့သည်ဆိုသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို မြန်မာအစိုးရအနေဖြင့် တရားဝင်ကန့်ကွက်ရန် အစီအစဉ် ရှိ၊ မရှိ၊ ဖြစ်စဉ်တွင်ပါသည့် အကြမ်းဖက်ခေါင်းဆောင်များသည် ကျေးရွာများတွင် ဝင်ရောက်နေထိုင်မှုနှင့်ပတ်သက်ပြီး လဝက/နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် လူဝင်၊ လူထွက်များအား မည်သို့စိစစ်ဆောင်ရွက်မည်ဆိုသည့် မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးဇော်မင်းထွန်းက ယခုဖြစ်စဉ်တွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်လိုက်သောကြောင့် အကြမ်းဖက်သုံးဦး သေဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ မောင်တောဒေသ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများကို အကြမ်းဖက်သမားများ စတင်တိုက်ခိုက်ခဲ့သည့် အောက်တိုဘာ ၉ ရက်မှာပင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က နိုင်ငံတော်သမ္မတရုံးသို့ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်နယ်မြေကို စစ်ဆင်ရေးနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်ခွင့်ပြုရန် တင်ပြခွင့်ပြုချက်ရယူခဲ့ရာ နိုင်ငံတော်သမ္မတရုံးက ခွင့်ပြုခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယင်းနယ်မြေသည် စစ်ဆင်ရေးနယ်မြေများဖြစ်ကြောင်း၊ ယင်းနယ်မြေများတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်ထားပါကြောင်း။

**တပ်ဖွဲ့ဝင်များကို ဓားဖြင့်ဝင်ခုတ်**

တပ်မတော်မှ ဖြစ်စဉ်စတင်ဖြစ်ပွားခဲ့သည့် အောက်တိုဘာ ၉ ရက်မှစတင်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့များနှင့်ပူးပေါင်းပြီး နယ်မြေစိုးမိုးရေး၊ ရှင်းလင်းရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ နယ်မြေရှင်းလင်းရာတွင် တောတွင်း၊ တောင်ပေါ်နယ်မြေများကို ရှင်းလင်းရာတွင် တပ်မတော်ကဦးဆောင်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းရှင်းလင်းခဲ့ပါကြောင်း၊ သတင်းရသည့်ရွာများကို ရှင်းလင်းရာတွင် ရဲတပ်ဖွဲ့ဝင်များက ရှေ့မှဝင်ရောက်ပြီး တပ်မတော်က ရဲတပ်ဖွဲ့ကို ဝန်းရံပါကြောင်း၊ မိမိတို့ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းဒေသရှိ ရွာများကို သတင်းအရ ပူးပေါင်းရှင်းလင်းခဲ့မှုများ ရှိပါကြောင်း၊ နယ်မြေရှင်းလင်းရေးဆောင်ရွက်ရာတွင် နယ်မြေဒေသအေးချမ်းရေးကို လိုလားသည့် ရွာသူ၊ ရွာသားများ ပူးပေါင်းပါဝင်သည့်ရွာများကို အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုဖြစ်စဉ်တွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကိုဆောင်ရွက်နေသည့်တပ်ဖွဲ့ဝင်များကို ဓားဖြင့် ဝင်ခုတ်ခဲ့ပါကြောင်း၊ အကြမ်းဖက်မှုများ စတင်ဖြစ်ပွားစဉ်ကပင် ရဲတပ်ဖွဲ့ဝင်များ ဓားဒဏ်ရာများဖြင့် ကျဆုံးခဲ့ရပါကြောင်း။

တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အကြီးအကျယ် ထိခိုက်စေခြင်းဖြစ်သည့်အတွက် လျစ်လျူရှု၍မရပါကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များကို ပူးပေါင်းကာကွယ်နေသည့် တပ်မတော်အနေဖြင့် ပစ်ခတ်ဖမ်းဆီးရုံမှလွဲ၍ အခြားနည်းလမ်းမရှိပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း လိုအပ်သည့် ထိန်းသိမ်းတုံ့ပြန်မှုများကို ပြုလုပ်ခဲ့ရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မိမိတို့ရခိုင်တိုင်းရင်းသား မြို့မိမြို့ဖများနှင့် တွေ့ခဲ့ပါကြောင်း၊ ထို့ပြင် အစ္စလာမ်အသိုင်းအဝိုင်းမှ လူထုနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း၊ လက်နက်တပ်ဆင်မှုကိစ္စများ၊ ပြည်သူ့စစ်ဌာနေဖွဲ့စည်းမည့်ကိစ္စများ ဆောင်ရွက်ရန် တောင်းဆိုသည့်အခါတွင် မိမိတို့ ရခိုင်တိုင်းရင်းသားလူထုက တောင်းဆိုခြင်းဖြစ်ပါကြောင်း။

**ဒေသန္တရရဲတပ်ဖွဲ့**

မိမိအနေဖြင့် ပြောရလျှင် ယင်းကိစ္စသည် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ မိမိတို့ လက်ရှိအစိုးရအနေဖြင့်လည်း ယင်းရပ်ရွာတွင်ရှိသည့် လူ့အသိုင်းအဝိုင်းနှစ်ခုကို အဆင်ပြေစေရန် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် မိမိတို့လက်နက်တပ်ဆင်ရေးကိစ္စမှာ လောလောဆယ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ သို့သော်လည်း မိမိအကြံတစ်ခုပေးပါကြောင်း၊ စစ်တွေလူထုနှင့် တွေ့ဆုံသည့်အခါတွင် ပြည်နယ်ရဲမှူးချုပ်ကြီးက ရှင်းပြခဲ့ပါကြောင်း၊ ဒေသန္တရကာကွယ်ရေးအတွက် ကျေးရွာများ၊ ရပ်ရွာများတွင် ပြည်သူ့စစ်တာဝန်ထမ်းဆောင်မည်ဆိုပါက မိမိလုပ်ငန်းတစ်ဖက်လည်း ရှိနေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်ထားသည့် ဒေသန္တရရဲတပ်ဖွဲ့ ဖွဲ့စည်းထားပါကြောင်း၊ စိတ်ပါဝင်စားပါက ရခိုင်ပြည်သူများက မိမိရပ်ရွာ၊ မိမိကျေးရွာကို တရားဝင်ဝန်ထမ်းအဖွဲ့အစည်းများဖြင့် ကာကွယ်နိုင်ရန် ဒေသန္တရရဲတပ်ဖွဲ့များတွင် ဝင်ရောက်ရန် အစီအစဉ်ရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ဆက်သွယ်၍ ဆောင်ရွက်ရန် အကြံပြုထားပါကြောင်း၊ ယခုဒေသ အသိုင်းအဝိုင်းများ တည်ငြိမ်အေးချမ်းမှုရှိအောင် လက်ရှိအစိုးရ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုကို မဖြစ်မနေဆောင်ရွက်သွားရန် ရှိပါကြောင်း၊ ထို့ကြောင့် လောလောဆယ်တွင် ပြည်သူ့စစ်မဟာဗျူဟာ ဆောင်ရွက်ရန်ကိစ္စများ၊ လက်နက်တပ်ဆင်မည့်ကိစ္စများမှာ ရေရှည်စဉ်းစားရမည့်ကိစ္စရပ်ဖြစ်ပါကြောင်း ဖြေကြားသည်။

**နယ်စပ်တစ်လျှောက် လုံခြုံရေးပိတ်ဆို့ပေးထား**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဘင်္ဂလားဒေ့ရှ်က တာဝန်သိသည့် အိမ်နီးနားချင်းနိုင်ငံတစ်ခုအနေဖြင့် ကျူးလွန်သူများ ဘင်္ဂလားဒေ့ရှ်ဘက်ထွက်ပြေးမလာနိုင်အောင် အောက်တိုဘာလအစောပိုင်းမှစပြီး နယ်စပ်တစ်လျှောက် လုံခြုံရေးပိတ်ဆို့ပေးထားပါကြောင်း၊ ယင်းနေ့မှာပင် ရခိုင်ပြည်နယ်ဘက်မှ ထွက်ပြေးလာသူနှစ်ဦးကို မြန်မာအစိုးရလက်ထဲသို့ ပြန်လည်လွှဲအပ်ပေးနိုင်ခဲ့သည်ဟု ထုတ်ပြန်ချက်ထဲတွင် ဖော်ပြထားပါကြောင်း၊ နှစ်နိုင်ငံအာဏာပိုင်များ အဆက်အသွယ်မပြတ်ရှိနေပြီး မြန်မာအစိုးရဘက်က တောင်းဆိုသမျှကို ဖြည့်ဆည်းပေးနေသည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါကြောင်း ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ယခုကိစ္စနှင့်စပ်လျဉ်းပြီး ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးနှင့် ခေါ်ယူတွေ့ဆုံပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ မိမိတို့ ရှင်းထားသည့်အထဲတွင် ပါဝင်သည့် ခေါင်းဆောင်သည် ပါကစ္စတန်တွင်သွားရောက်ပြီး လေ့ကျင့်မှုများ လုပ်သည်ဟုပြောထားပါကြောင်း၊ ယခုအချိန်တွင် သတင်းအချက်အလက်များမှာ ကနဦးအနေအထားသာရှိနေပါကြောင်း၊ အချက်အလက် တိတိကျကျ ခိုင်ခိုင်မာမာမရှိဘဲနှင့် တစ်ဖက်ဖက်ကိုသွား၍ စွပ်စွဲ၍မရပါကြောင်း၊ ထို့ကြောင့် ကန့်ကွက်သည်ဆိုသည့်အဆင့်ကို သွား၍မရသေးပါကြောင်း၊ သေချာခိုင်မာသည့် သတင်းအချက်အလက်များအားလုံးရှိမှသာလျှင် မိမိတို့က ကန့်ကွက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိရသည့် သတင်းအချက်အလက်များသည် ကနဦးအဆင့်သာရှိပါကြောင်း၊ မိမိတို့က ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုအဆင့်ကို စပြီးတောင်းဆိုရပါကြောင်း၊ မိမိကိုယ်တိုင် သံအမတ်ကြီးနှင့်တွေ့ဆုံပြီး ပြောကြားသည့်အချက်အားလုံးကို သံအမတ်ကြီးက လက်ခံပါကြောင်း၊ တစ်အချက် ၎င်းတို့အနေဖြင့် ထိခိုက်မှုအတွက် စာနာပါကြောင်း၊ ၎င်းတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း။

တစ်ချိန်တည်းမှာပင် ပါကစ္စတန်သံအမတ်ကြီးနှင့်လည်း ကိုယ်တိုင်တွေ့ဆုံပြီး ယင်းကိစ္စကို မေးထားပါကြောင်း၊ ယင်းဖြစ်ရပ်ကို ကျူးလွန်နေသည်ဆိုသည့် ခေါင်းဆောင်များ၏အမည်များသည် သူတို့ဆီတွင် ဘုံသုံးသည့်အမည်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကဲ့သို့ ခိုင်ခိုင်မာမာအချက်အလက်မရှိဘဲ ၎င်းတို့အနေဖြင့် တိတိကျကျ အရေးယူပေးရန် ခက်ခဲပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံအစိုးရ၏ပန်ကြားချက် သတင်းအချက်အလက်ကို ယင်းတို့အနေဖြင့် လက်ခံရရှိကြောင်း၊ လိုအပ်သည့် အရေးယူဆောင်ရွက်မှုအားလုံးကို ၎င်းတို့အနေဖြင့် ဆောင်ရွက်ပေးမည်ဆိုသည့်အပိုင်းမှာ ၎င်းတို့ဘက်က ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါကြောင်း၊ အလားတူ မိမိတို့ထုတ်ပြန်သည့်သတင်းများတွင် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ဆော်ဒီတို့ကို သံတမန်ရေးရာနည်းလမ်းဖြင့် အသုံးပြုပြီး လိုအပ်သည့်ပူးပေါင်းဆောင်ရွက်မှုအားလုံးကို မိမိတို့အနေဖြင့် တောင်းဆိုထားပါကြောင်း ဖြေကြားသည်။

**ကျေးရွာ လူဝင်၊ လူထွက်**

ကျေးရွာလူဝင်၊ လူထွက်ကို မည်သို့ဆောင်ရွက်ထားသလဲ ဆိုသည့်မေးခွန်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဖြေကြားရာတွင် မိမိတို့ဝန်ကြီးဌာနက ရခိုင်ပြည်နယ်တွင် အမှတ် (၄) လူဝင်မှုကြီးကြပ်ရေးဌာနခွဲ အနောက်ဘက်နယ်စပ်ဒေသ နယ်မြေ လေးခုရှိပါကြောင်း၊ ယင်းနယ်မြေဒေသ လေးခုတွင် နယ်မြေ ၁၁ ခု ပိုင်းခြားထားပါကြောင်း၊ စခန်း ၂၆ ခု ရှိပါကြောင်း၊ ချောင်းပေါက်ဝ ကင်းစခန်း ၂၇ ခု ရှိပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ သဘောတူညီချက်အရ မောင်တောကုန်သွယ်ရေးနယ်စပ်စခန်းမှ နှစ်နိုင်ငံ ပြည်သူများအား အပြန်အလှန်သွားလာနိုင်ရေး ခြောက်ညအိပ် ခုနစ်ရက် တရားဝင်ခွင့်ပြုချက်ဖြင့် ပေးနေပါကြောင်း၊ နေ့စဉ်နှင့်အမျှ သွားလာနေသည့် ပြည်သူများကိုလည်း မှတ်တမ်းတင်ပြီး သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တချို့မှာ တရားဝင်သွားရောက်ခြင်းရှိသကဲ့သို့ တချို့မှာ တရားဝင်သွားပြီး ပြန်မလာသည့်သူများလည်း ရှိပါကြောင်း၊ တချို့မှာ တရားမဝင်သွားခြင်းများလည်း ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မိမိတို့နိုင်ငံ နယ်စပ်ဆိုသည်မှာ ကုန်းနယ်စပ်ချည်း မဟုတ်ပါကြောင်း၊ ရေပြင်ဆက်စပ်နေသည့် နတ်မြစ်တစ်လျှောက်တွင်လည်း ကူးသန်းသွားလာလျက်ရှိပါကြောင်း၊ ယင်းနယ်စပ်ဒေသအပါအဝင် ရခိုင်ပြည်နယ်တချို့နေရာဒေသများတွင် ငါးဖမ်းလှေများသည်လည်း နေ့စဉ်ရာနှင့်ချီပြီး ဝင်ထွက်နေပါကြောင်း၊ ရေပြင်ထဲရောက်သည့်အခါတွင် နယ်စပ်ဆိုသည်မှာ တိတိကျကျသတ်မှတ်ကာရံထားရန် ခက်ခဲသည့်အတွက် ယင်းနေရာဒေသများမှတစ်ဆင့် ကူးဝင်ကူးထွက်များ ရှိနိုင်ပါကြောင်း၊ အမှန်တကယ်လည်း ရှိနေပါကြောင်း၊ တရားမဝင် ဝင်ရောက်မှုများဖြစ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးအပိုင်းတွင် အားနည်းသည်ဟုဆိုပါက လက်ခံပါကြောင်း။

နောင်အနာဂတ်ကာလတွင် လူဝင်မှုကြီးကြပ်ရေးကိစ္စများ၊ တရားဥပဒေစိုးမိုးမှုခိုင်မာရေးကိစ္စများ၊ တရားဥပဒေစိုးမိုးမှုနှင့် အုပ်ချုပ်ရေးကိစ္စများကို ယခုထက် ပိုမိုခိုင်မာသည့်စနစ်များဖြစ်အောင် ဌာနအားလုံး ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဆိုပါက နောင်အနာဂတ်ကာလတွင် မိမိတို့၏အားနည်းချက်များသည် ပိုမိုလျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့လျော့နည်းသွားအောင် မိမိတို့အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**ထိခိုက်သေဆုံးမှု၊ ဖမ်းဆီးရမိမှုများ**

အကြမ်းဖက်မှုဖြစ်စဉ်စတင်ချိန်မှ ယခုအချိန်အထိ ထိခိုက်သေဆုံးမှု၊ ဖမ်းဆီးရမိသူများနှင့်စပ်လျဉ်း၍ သိလိုကြောင်း မေးခွန်းအပေါ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြစ်စဉ်စတင်ချိန်မှ ယနေ့အချိန်အထိ ထိခိုက်ကျဆုံးမှုမှာ တပ်မတော်မှ ကျဆုံးသည့်တပ်ဖွဲ့ဝင် ငါးဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးအပါအဝင် တပ်ဖွဲ့ဝင် ကိုးဦး၊ ဒဏ်ရာရရှိသူ တပ်ဖွဲ့ဝင် လေးဦးရှိပါကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများဘက်မှ သေဆုံးသူစုစုပေါင်း အမျိုးသား ၂၈ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၃၀ ရှိပါကြောင်း၊ ဖမ်းဆီးရမိထားသူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ဆေးမှုအပိုင်းတွင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**စုစုပေါင်း ဖမ်းဆီးထိန်းသိမ်းထားသူ ၂၉ ဦး ရှိ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက စုစုပေါင်း ဖမ်းဆီးထိန်းသိမ်းထားသူ ၂၉ ဦးရှိပါကြောင်း၊ စစ်တွေအကျဉ်းထောင်တွင် နှစ်ဦး ချုပ်ထားပြီးကျန် ၂၇ ဦးကို မောင်တောဒေသတွင်ရှိသည့် အချုပ်ခန်းများတွင် ထားရှိပါကြောင်း၊ အချုပ်သားများ ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ဆေးမှုများအား စနစ်တကျမှတ်တမ်းထားရှိပြီး စစ်ဆေးမေးမြန်းမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**ရဲမှူးချုပ်တစ်ယောက်ကို အစားထိုး**

မောင်တောနယ်ခြားစောင့်ရဲတပ်ဖွဲ့တွင် ရဲမှူးချုပ်တစ်ယောက်အစားထိုးခန့်လိုက်ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြေကြားရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့က ကျိုးကန်းပြင်သို့ရောက်ရှိသွားပြီဖြစ်ပါကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက်နေ့တွင် ဖြစ်စဉ်နှင့်ပတ်သက်ပြီး အားလုံးစိစစ်ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် အဆိုပါနယ်မြေဒေသ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုများကို လိုအပ်သည့်ပြန်လည်ဖွဲ့စည်းပြင်ဆင်မှုများနှင့် လိုအပ်သည့် ဆောင်ရွက်ချက်များကို အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရဲမှူးချုပ်တစ်ယောက်ကို အစားထိုး၍ ယခင်ကွပ်ကဲရေးမှူးကို ယာယီအားဖြင့် တာဝန်မှခဏရပ်ခဲ့ပြီး အခြားဌာနတစ်ခုတွင် ယာယီတွဲဖက်ထားကြောင်း ဖြေကြားသည်။

**သတင်းနှင့် သတင်းဓာတ်ပုံများ ရယူခြင်း**

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့် သတင်းနှင့် သတင်းဓာတ်ပုံများရယူရာတွင် သက်ဆိုင်ရာအစိုးရအဖွဲ့က ထိန်းချုပ်ထားခြင်းရှိ၊ မရှိနှင့် လွတ်လပ်စွာ သတင်းရယူခွင့် ရှိ၊ မရှိ သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းရယူမှုနှင့်ပတ်သက်၍ မည်သူ့ကိုသာပေးမည်၊ မပေးဘူးဆိုသည့် ခွဲခြားထားမှုမျိုးလုံးဝမရှိကြောင်း၊ တချို့သတင်းသမားသည် မည်ကဲ့သို့သတင်းများရယူသည်ဆိုသည်ကို မိမိမသိရှိကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ခွဲခြားထားသည့်သဘောမရှိကြောင်း၊ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင်သိရသည့်

စာမျက်နှာ ၁၀ သို့ ❖

❖ စာမျက်နှာ ၉ မှ

သတင်းများကို ပြည့်ပြည့်စုံစုံနှင့် မြန်မြန်ဆန်ဆန် အများပြည်သူအား တင်ပြပေးနိုင်ရန် ကြိုးစားနေကြောင်း၊ သတင်းစာရှင်းလင်းပွဲများအားလည်း အခါအားလျော်စွာ ပြုလုပ်ပေးရန် အစီအစဉ်ရှိကြောင်း၊ သတင်းနှင့်ပတ်သက်၍ ကန့်သတ်ထားမှုမရှိကြောင်း၊ မြေပြင်တွင် အမှန်တကယ်ထိတွေ့တိုက်ခိုက်မှု ဖြစ်နေသည့်နေရာများသို့ မသွားပါရန်၊ မလာပါနှင့် စသည်ဖြင့် ပြောဆိုခြင်းမျိုး ရှိကောင်းရှိနိုင်ကြောင်း၊ အန္တရာယ်အတွက် စိတ်မချရဘူးဆိုသည့် သဘောမျိုး ပြောဆိုသည်မျိုး ရှိကောင်းရှိနိုင်ပါကြောင်း၊ သို့သော် တမင်ကန့်သတ်ထားခြင်းမျိုးမှာ မရှိပါကြောင်းဖြေကြားသည်။

## ကန့်သတ်ချက် မရှိ

နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက Myanmar Review ဂျာနယ် သတင်းထောက်အနေဖြင့် စစ်သတင်းထောက်ပုံစံဖြင့် သွားခြင်းဖြစ်သည့်အတွက် တပ်မတော်အပိုင်းနှင့်ညှိနှိုင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အစိုးရပိုင်းအနေဖြင့် သတင်းထောက်များ သတင်းရယူခွင့် ကန့်သတ်ချက်လုံးဝမရှိကြောင်း၊ အချို့တိုက်ပွဲနယ်မြေတွင် ကန့်သတ်ချက်ရှိကြောင်း၊ အစိုးရအနေဖြင့် ကန့်သတ်ချက်မရှိပါကြောင်း ဖြေကြားသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်းက Myanmar Review ဂျာနယ်မှ ကိုရဲမိုးကိစ္စနှင့်ပတ်သက်၍ ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ၎င်းကိုယ်တိုင် ရေးသားထားပါကြောင်း၊ တပ်မတော်ကလည်း တရားဝင်ခွင့်ပြုထားခြင်းမရှိကြောင်း၊ သို့သော် ၎င်း၏အသိုင်းအဝိုင်းသည် တပ်မတော်ဖြစ်သည့်အတွက် ၎င်းအသိုင်းအဝိုင်းတွင် ကျင်လည်သည်မှာ မဆန်းကြယ်ကြောင်း၊ လုံခြုံရေးယူနေရသည့် တပ်မတော်စစ်ကြောင်းများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့များအနေဖြင့် အချို့အပိုင်းများတွင် လုံခြုံရေးအရ ကန့်သတ်ရသည့် အနေအထားများရှိကြောင်း ဖြေကြားသည်။

## အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ရသည့်အကြောင်းရင်း

အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ရသည့်အကြောင်းရင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အား ထိန်းချုပ်နိုင်ခြင်း ရှိ/မရှိ၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သူများနှင့် နစ်နာသူများအား သက်ဆိုင်ရာက မည်သို့ထောက်ပံ့ကူညီသွားမည်ကို သိလိုကြောင်း မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် မည်သည့်အတွက်ကြောင့် အကြမ်းဖက်မှုဖြစ်ကြသည်ကို သုံးသပ်ရန်လိုပါကြောင်း၊ နိုင်ငံတကာတွင် အကြမ်းဖက်မှုများဖြစ်နေပါကြောင်း၊ တစ်ကမ္ဘာလုံးတွင် အကြမ်းဖက်မှုဖြစ်ပွားရသည့် အကြောင်းအရင်းမျိုးစုံရှိပါကြောင်း၊ နိုင်ငံတကာက ခံယူထားသည်မှာ ဆင်းရဲနွမ်းပါးမှုသည်လည်း အကြမ်းဖက်မှုကို ဖြစ်စေနိုင်ကြောင်း၊ နောက်တစ်ခုမှာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆိုင်ပါကြောင်း၊ ထို့ကြောင့် အကြမ်းဖက်မှု၏ အရင်းအမြစ်ကို ရှာဖွေဖြေရှင်းသည့်နေရာတွင် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု အနိမ့်၊ အမြင့် နည်းပါးအောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ နောက်တစ်ခုမှာ အယူဝါဒနှင့်ဆိုင်ပါကြောင်း၊ အယူဝါဒမျိုးစုံရှိပါကြောင်း၊ ယင်းအယူဝါဒအပေါ် ယုံကြည်ချက်အစွန်းရောက်သွားမည်ဆိုပါက ယင်းအယူဝါဒကို မှန်မှန်မယူဘဲ အစွန်းရောက်သည့်ကိစ္စကြောင့်လည်း အကြမ်းဖက်မှုဖြစ်စေနိုင်ပါကြောင်း။

အယူဝါဒဆိုသည်မှာ ဘာသာရေးတစ်ခုတည်းကို ပြောခြင်းမဟုတ်ပါကြောင်း၊ မည်သည့်နိုင်ငံရေးစနစ်ကိုဖြစ်ဖြစ် အစွန်းရောက်ပါက အကြမ်းဖက်မှုကို ဖြစ်စေနိုင်ပါကြောင်း၊ အကြမ်းဖက်မှု မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို မိမိတို့နိုင်ငံတစ်ခုတည်းအနေဖြင့် စဉ်းစားရမည်မဟုတ်ပါကြောင်း၊ ကမ္ဘာနှင့် အဝှမ်း စဉ်းစားရမည့်ကိစ္စဖြစ်ပါကြောင်း၊ ယခုပြဿနာသည် အလွန်ခက်ခဲပြီး ကမ္ဘာနှင့်အဝှမ်း ကြုံတွေ့နေရသည့် ကိစ္စဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုမရှိခြင်းသည်လည်း အကြမ်းဖက်မှုကို စေ့ဆော်စေပါကြောင်း၊ ယင်းကိစ္စများသည် အကြမ်းဖက်မှု၏ အခြေခံအကြောင်းအရာဟု သုံးသပ်လိုပါကြောင်း ဖြေကြားသည်။

## အကြမ်းဖက်မှုများ ထိန်းချုပ်နိုင်ရန်

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အကြမ်းဖက်မှုများကို ထိန်းချုပ်နိုင်ရန်အတွက် တပ်မတော်နှင့်ပူးပေါင်းပြီး ထပ်မံမဖြစ်ပွားရန် မြို့ရွာ၊ တပ်ဌာနချုပ်၊ စခန်းများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ၏ လုံခြုံမှုကို တည်ဆောက်ထားပြီးဖြစ်ပါကြောင်း၊ အလားတူနိုင်ငံတော်က ဆောင်ရွက်နေသည့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးယန္တရားများ ပုံမှန်လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် အကြမ်းဖက်အဖွဲ့များထံပါသွားသည့် လက်နက်များပြန်လည်သိမ်းဆည်းရမိရန်နှင့် တခြားတရားမဝင် သိုဝှက်ထားသည့် လက်နက်များဖော်ထုတ်ရန်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသည့်အတွက် ဖော်ထုတ်သိမ်းဆည်းရရှိမှုများ ရှိနေပြီဖြစ်ပါကြောင်း၊ ဖမ်းဆီးရမိထားသည့် သောင်းကျန်းသူများထံမှ သတင်းဆက်များ စိစစ်ဖော်ထုတ်ပြီး နယ်မြေအတွင်းရှိသည့် သောင်းကျန်းသူများ၊ အမာခံများနှင့် ယခုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် သောင်းကျန်းသူများ ဖော်ထုတ်ဖမ်းဆီးရေးလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် အလားတူ ထပ်မံအကြမ်းဖက်မှုမဖြစ်ပွားအောင် ထိန်းချုပ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် သတင်းကွင်းဆက်များအရ ဖော်ထုတ်ရမည့် ပုဂ္ဂိုလ်များနှင့် ဖော်ထုတ်ရမည့် တရားမဝင်လက်နက်များကို ဖော်ထုတ်ပြီးရရှိသည့် သတင်းကွင်းဆက်များအပေါ် မူတည်၍ နယ်မြေအတွင်း အခြေမခံနိုင်အောင် ဆက်လက်ပြီး အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် အကြမ်းဖက်အဖွဲ့များ အခြေခံခဲ့သည့် နိုင်ငံများနှင့် ပတ်သက်၍လည်း လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆက်လက်တိုးမြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးဇော်မင်းထွန်းက မောင်တောဖြစ်စဉ်တွင် တပ်မတော်သားငါးဦး ကျဆုံးခဲ့ပါကြောင်း၊ ကျဆုံးခဲ့သည့် တပ်မတော်သားများနှင့်ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနေဖြင့်လည်း ထောက်ပံ့မှုများ ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)အဆင့်၊ တိုင်းစစ်ဌာနချုပ်အဆင့် ထောက်ပံ့မှုများလည်း ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ အဆိုပါထောက်ပံ့မှုများအပြင် ယခုနောက်ပိုင်းတွင် တိုက်ပွဲကျ သေဆုံးမိသားစုဝင်များကို စစ်မှုထမ်းဟောင်းအိမ်ရာများပေးခြင်း၊ ၎င်းတို့ဘဝအတွက် ပင်စင်လစာအပြင် ခံစားခွင့်၊ ချီးမြှင့်ငွေနှင့် စရိတ်များအပြင် ဘဝတစ်လျှောက်လုံး အာမခံချက်ရှိရေးအတွက် နေရေး၊ ထိုင်ရေးကအစ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

## ငွေကျပ် သိန်း ၈၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ယခုဖြစ်စဉ်အတွင်း ရဲတပ်ဖွဲ့အနေဖြင့် ကျဆုံးသူကိုးဦးရှိပြီး ဒဏ်ရာရရှိသူ ခုနစ်ဦးရှိပါကြောင်း၊ ကျဆုံးခဲ့သည့် ရဲတပ်ဖွဲ့ဝင် ကိုးဦးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့မှု၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ထောက်ပံ့မှု၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ထောက်ပံ့မှု၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ထောက်ပံ့မှုအပါအဝင် အားလုံးထောက်ပံ့မှု စုစုပေါင်းကိုကြည့်ပါက ကျဆုံးစစ်သည်တစ်ဦးလျှင် ငွေကျပ် သိန်း ၈၀ ထောက်ပံ့ထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ ဒဏ်ရာရစစ်သည် တစ်ဦးကို လက်ရှိအချိန်အထိ ငွေကျပ် သိန်း ၃၀ ထောက်ပံ့ထားပြီးဖြစ်ပါကြောင်း၊ အနာဂတ်အတွက်လည်း လိုအပ်သည်များကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပေါင်းစပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း နိုင်ငံတော်မှ လိုအပ်သည့်ဆုတံဆိပ်နှင့် ဘွဲ့တံဆိပ်များကို ချီးမြှင့်နိုင်ရန် ဆက်လက်ပြီး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် စခန်းသုံးခုအနက် စခန်းနှစ်ခုက ဆောင်ရွက်ချက်များကောင်းမွန်ပါကြောင်း၊ ထို့ကြောင့် အဆိုပါစခန်းနှစ်ခုတွင်ရှိသည့် တပ်ဖွဲ့ဝင်အားလုံးကို တစ်ဆင့်မြင့်ရာထူးချီးမြှင့်ပေးလိုက်ပြီဖြစ်ပါကြောင်း ဖြေကြားသည်။

## နယ်မြေလုံခြုံရေး

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသ လက်ရှိအခြေအနေ၊ ဒေသခံများ၏ ရှေ့ရေးပညာရေးနှင့် ပြောင်းရွှေ့သွားသည့် ဒေသခံများကို မည်သို့ ပြန်လည်ထူထောင်ပေးမလဲဆိုသည့်မေးခွန်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြေကြားရာတွင် လက်ရှိတွင် မိမိတို့မှ လုံခြုံရေးအပိုင်း တာဝန်ယူထားပြီး တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းထားသည့် စစ်ကြောင်းများ သွားလာရာလမ်းကြောင်းများတစ်လျှောက်တွင် ရံဖန်ရံခါ ထိတွေ့ဖြစ်စဉ်များ ဖြစ်ပွားသော်လည်း အဓိကကျသည့် မြို့၊ ရွာ၊ တပ်ဌာနချုပ်စခန်းများတွင် သီးသန့်အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခြင်းမရှိသဖြင့် နယ်မြေလုံခြုံရေးနှင့်ပတ်သက်ပြီး မိမိတို့ထိန်းချုပ်ထားနိုင်ပါပြီဟု ပြောဆိုနိုင်ပါကြောင်း။

## ပုံမှန်လည်ပတ်လျက်ရှိ

ဆရာ ဆရာမများသည် ကျောင်းပိတ်ရာသီဖြစ်သည့်အတွက် ယခင်ကလည်း ပြန်နေကျဖြစ်ပြီး ပြန်ချိန်နှင့်တိုက်ဆိုင်နေ၍သာ ပြန်ကြခြင်းဖြစ်ပါကြောင်း၊ ကျန်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများမှာ တာဝန်ကျရာနေရာများတွင်သာ ဆက်လက်တာဝန်ထမ်းဆောင်နေကြပါကြောင်း၊ ဒေသအုပ်ချုပ်ရေးယန္တရားမှာလည်း ပုံမှန်လည်ပတ်လျက်ရှိပါကြောင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များမှာလည်း ယခုဖြစ်စဉ် ဖြစ်ရပ်များကြောင့် တရားစွဲဆိုရသည့် လုပ်ငန်းစဉ်များမှလွဲ၍ ကျန်သည့်နယ်မြေဒေသများတွင် အကြမ်းဖက်လုပ်ရပ်အပါအဝင် ကျန်သည့်မှုခင်းဖြစ်ပွားမှုမရှိသဖြင့် ယခုအခြေအနေမှာ အတိုင်းအတာတစ်ခုအထိ တည်ငြိမ်နေပြီဖြစ်ပါကြောင်း၊ သီတင်းကျွတ် ကျောင်းပိတ်ရက်အပြီး ကျောင်းများပြန်ဖွင့်ပါက နယ်မြေအခြေအနေပေါ်မူတည်၍ မူလကျေးရွာများတွင် စာပြန်သင်နိုင်ရန် ဦးတည်ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းပြန်ဖွင့်သည့် ရာသီတွင်လည်း လုံခြုံရေးကို အကောင်းဆုံးအခြေအနေသို့ရောက်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူနည်းစုနေထိုင်ကြသည့် ဒေသခံတိုင်းရင်းသား လူမျိုးစုများမှာ ဆက်လက်ပြီး နေထိုင်ရန်စိုးရိမ်နေကြသဖြင့် အချို့ပြောင်းရွှေ့နေသည့် ရွာများကို ဘူးသီးတောင်၊ မောင်တောဘက်တွင် စုစည်းပြီး ယာယီစခန်းများ ဖွင့်လှစ်ပေးထားကာ လိုအပ်သည့် စား၊ ဝတ်၊ နေရေးအတွက်ကိုလည်း သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ကူညီပံ့ပိုးထားသည့် စားနပ်ရိက္ခာများဖြင့် ယာယီထောက်ပံ့ ဖြည့်ဆည်းပေးထားပါကြောင်း၊ နယ်မြေဒေသတည်ငြိမ်သွားသည့်အခါတွင်လည်း မူလကျေးရွာများတွင် ပြန်လည်နေထိုင်နိုင်ရန် ဒေသအစိုးရနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့်ပူးပေါင်း၍ ပြန်လည်နေရာချထားရေး အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

## စုစည်းကျေးရွာ

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ကျေးရွာများ ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတွင် နေထိုင်သည့် တိုင်းရင်းသားလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်နေသဖြင့် ယခုဘူးသီးတောင်၊ မောင်တောဒေသတွင်ဖြစ်ပွားသည့် ကိစ္စနှင့်ပတ်သက်၍ လူဦးရေအချိုးအစားမတူညီမှုမှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၁၉၉၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ကျေးရွာနှစ်ခု တည်ထောင်ထားခဲ့ပြီး လက်ရှိ ကျေးရွာပေါင်း ၃၆ ရွာရှိပါကြောင်း၊ ရွှေ့ပြောင်းကျေးရွာ၊ စုစည်းကျေးရွာဟုရှိပြီး ယင်းဒေသရှိ အိမ်ခြေ ၂၀၊ ၃၀ ခန့်ရှိသည့် ကျေးရွာမှ တိုင်းရင်းသားများ၏ သဘောထားများကို စုစည်းရယူပြီး စုစည်းကျေးရွာအဖြစ် ထူထောင်ပေးထားပါကြောင်း၊ အခြားဒေသများမှ ဆန္ဒပြုသူများနှင့် လာရောက်နေထိုင်လိုသူများကိုလည်း လိုအပ်သည့်ထောက်ပံ့မှုများပေးပြီး ရွှေ့ပြောင်းကျေးရွာတွင် လူဦးရေ ၁၄၀၀၀ ခန့်ရှိနေပါကြောင်း၊ နေထိုင်ရေးအခက်အခဲရှိနေသဖြင့် လိုအပ်သည့် အထောက်အပံ့များကို ယခုခရီးစဉ်တွင် ဝန်ကြီးဌာနနှစ်ခုပူးပေါင်း၍ ဆောင်ရွက်ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရပိုင်းက နတလစုစည်းစံပြကျေးရွာများကို ထူထောင်ပေးနေရုံမျှမက အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရန် မှာကြားထားပါကြောင်း၊ ကျေးရွာများ ပိုမိုများပြားလာအောင်လည်း နိုင်ငံတော်နှင့်အတူ ဝန်ကြီးဌာနအနေဖြင့် စဉ်ဆက်မပြတ်လုပ်ဆောင်နေပါကြောင်း ဖြေကြားသည်။

## RSO နှင့်ဆက်သွယ်မှု

အကြမ်းဖက်တိုက်ခိုက်သူများနှင့် ပတ်သက်၍ RSO နှင့်ဆက်သွယ်မှု အထောက်အထားများ ခိုင်မာမှု ရှိ/မရှိ၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်သတင်းရရှိခြင်း ရှိ/မရှိ၊ ယင်းကိစ္စအား ကိုင်တွယ်ဆောင်ရွက်နေသည့် အစီအမံများနှင့် တာဝန်ပေါ့လျော့သူများကို မည်သို့အရေးယူ ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖမ်းဆီးရမိခဲ့သူများ၏ ထွက်ဆိုချက်များအရ အကြမ်းဖက်အဖွဲ့ကို ခေါင်းဆောင်ခဲ့သူအနေဖြင့် RSO အဖွဲ့များနှင့် အဆက်အသွယ် ရှိခဲ့မှု၊ သင်တန်းများတက်ခဲ့မှု၊ အထောက်အပံ့များရခဲ့မှု၊ ဒုက္ခသည်စခန်းတွင် သွားရောက်နေထိုင်ခဲ့သည့်အချိန်ကလည်း RSO အဖွဲ့နှင့် ဆက်သွယ်ခဲ့မှုတို့ကို ထွက်ဆိုချက်များအရ သိရှိရခြင်းဖြစ်ပါကြောင်း၊ ထွက်ဆိုချက်များအရ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းရယူမှုအပိုင်းနှင့် ကြိုတင်သတင်းရရှိမှုအပိုင်းတို့တွင် အားနည်းချက်များရှိခဲ့ပါကြောင်း။

## အကြမ်းဖက်သမားအင်အား

အကြမ်းဖက်သမားအင်အား ၄၀၀ ဆိုသည်မှာ ဖြစ်စဉ်စတင်ဖြစ်ပွားခဲ့သည့်အချိန်တွင် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာအားလုံး၏ လုပ်ဆောင်ချက်များအပေါ်တွင် စုစည်းတင်ပြလိုက်သည့် အင်အားဖြစ်ပါကြောင်း၊ လက်ရှိတွင် ယင်းအင်အားစုများသည် ဖြန့်ခွဲ၍ သွားလာနေခြင်းဖြစ်ပါကြောင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်မြေအတွင်း လှည့်လည်ရှင်းလင်းသည့်အခါ ယင်းကဲ့သို့ အင်အားစုအလိုက် လုပ်ဆောင်သည့် လုပ်ဆောင်ချက်များ နောက်ပိုင်းတွင် မရှိတော့သည်ကို တွေ့ရှိရပါကြောင်း၊ အင်အားစုများနှင့် ရင်ဆိုင်ရပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ပူးပေါင်းဆောင်ရွက်မှု

အစ္စလာမ် ဘာသာဝင်များဘက်မှ ပူးပေါင်းဆောင်ရွက်မှု ရှိလာနိုင်သလား မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အစ္စလာမ်ဘာသာဝင်များဘက်မှ ပူးပေါင်းဆောင်ရွက်မည်၊ ကြားနေမည်၊ ဆန့်ကျင်သည့်အထဲတွင် ပါဝင်သွားမည်ဆိုသည့်ကိစ္စမှာ တိတိကျကျပြောဆိုရန် အင်မတန်ခက်ခဲပါကြောင်း၊ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် ထိတွေ့ခဲ့ရမှုမှာ စစ်တွေ၊ မောင်တောနှင့် ဘူးသီးတောင်မြို့တို့ရှိ အစ္စလာမ်ဘာသာရေး အသိုင်းအဝိုင်းထဲမှ ပုဂ္ဂိုလ်များ၏ ပြောဆိုချက်အရ ပူးပေါင်းဆောင်ရွက်မည်ဟု ပြောဆိုခြင်းဖြစ်ပါကြောင်း၊ အကြမ်းဖက်ခြင်းကို မလိုလားကြောင်း၊ အကြမ်းဖက်သမားများကို ပတ်ဝန်းကျင်တွင် သိရှိပါက အသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း စသည်ဖြင့် ပြောဆိုပါကြောင်း။

သို့သော် မိမိတို့ထိတွေ့ခဲ့ရခြင်းသည် များသောအားဖြင့် မြို့ပေါ်တွင် နေထိုင်ကြသည့် ပုဂ္ဂိုလ်၊ ရပ်ရွာတွင် ထင်ထင်ရှားရှားရှိသည့် ပုဂ္ဂိုလ်အချို့သာ ဖြစ်ပါကြောင်း၊ လေးငါးခြောက်ဆယ် အများဆုံး တစ်ရာပတ်ဝန်းကျင်ခန့်သာ ရှိပါကြောင်း၊ ဒီထဲတွင် မပါဝင်သည့် အခြားပုဂ္ဂိုလ်များ၏ သဘောထားကို တိတိကျကျ သိရန်ခက်ခဲပါကြောင်း၊ ပဋိပက္ခဖြစ်ပွားသည့် နေရာများတွင် လူအများထံမှ သဘောထားအမှန်ကို ပြည့်ပြည့်စုံစုံ သိရှိရန် ခက်ခဲသည်ကို အားလုံးသိနိုင်ပါကြောင်း၊ ထို့ကြောင့် မေးခွန်းနှင့်ပတ်သက်၍ တိတိကျကျဖြေရန် ခက်ခဲပါကြောင်း ဖြေကြားသည်။

## တာဝန်ပေါ့လျော့သူ

တာဝန်ပေါ့လျော့သူများကို မည်သို့ အရေးယူဆောင်ရွက်မလဲဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ဖြစ်စဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ချက်ကောင်းမွန်ကြသည့် စခန်းမှဝန်ထမ်းများကို တစ်ဆင့်မြင့် ရာထူးများ ပေးအပ်လိုက်ပြီဖြစ်ပါကြောင်း၊ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အားနည်းချက်များဖြစ်ပေါ်ခဲ့မှု၊ ပြန်လည်ပြုပြင်ရန်လိုအပ်မှုများကို ရဲလေ့ကျင့်ရေး အရာရှိချုပ်က စခန်းများအားလုံးသို့ လိုက်လံစစ်ဆေးဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် လိုအပ်သည့် သင်ခန်းစာများရယူရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒုတိယပိုင်းအနေဖြင့် နိုင်ငံတော်၏လုံခြုံရေး ကျိုးပေါက်အောင်၊ လက်နက်များဆုံးရှုံးသွားအောင်၊ တပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးသွားရသည်အထိဖြစ်ရသည့် ပေါ့လျော့မှုဖြင့် တာဝန်ရှိသူအားလုံးကို စုံစမ်းစစ်ဆေးမှုအပေါ် မူတည်ပြီး အရေးယူမှုကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

## အကြမ်းဖက်မှုဖြစ်စဉ်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်

နိုင်ငံတကာအကြမ်းဖက်မှုဖြစ်စဉ်များတွင် ခုံးစာခံဖမ်းဆီးမှုများရှိသည့်အတွက် မြန်မာနိုင်ငံတွင် အလားတူဖြစ်ရပ်မျိုးမဖြစ်စေရန် မည်သို့ ကြိုတင်ကာကွယ် ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်းနှင့် မောင်တောခရိုင်အတွင်းရှိ ဆရာမများအပါအဝင် ဝန်ထမ်းများ ရွှေ့ပြောင်းနေမှုအခြေအနေကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ဖျက်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ဥပဒေတွင်ပါရှိသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို နိုင်ငံတော်အဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး အဖွဲ့ဝင် ၃၄ ဦးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လည်း စာမျက်နှာ ၁၁ သို့ ❂

✪ စာမျက်နှာ ၁၀ မှ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေး၊ ချေမှုန်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိပါကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ပြီး မိမိတို့နိုင်ငံအတွင်း၊ ဒေသအတွင်း ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်နိုင်အောင် ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်လာမည်ဆိုပါက အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့သာမက တပ်မတော်မှ အကြမ်းဖက်တိုက်ဖျက်ရေးအတွက် လေ့ကျင့်ထားသည့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံထားပါကြောင်း ဖြေကြားသည်။

### သီတင်းကျွတ်ကျောင်းပိတ်ရက်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပညာရေးဝန်ထမ်းများမှာ အမျိုးသမီးများဖြစ်နေပြီး ကလေးငယ်များပါ ပါနေခြင်း၊ သီတင်းကျွတ်ကျောင်းပိတ်ရက်နှင့်လည်း တိုက်ဆိုင်နေခြင်းကြောင့် တပ်မတော်က ရဟတ်ယာဉ်များဖြင့် ဘူးသီးတောင်ဒေသကို ပို့ဆောင်ပေးခြင်းဖြစ်ပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းအောင် အမြန်ဆုံးဆောင်ရွက်ပြီးပါက ယင်းဝန်ထမ်းများကို သက်ဆိုင်ရာတာဝန်ရှိသည့်နေရာများတွင် အမြန်ဆုံးပြန်လည်တာဝန်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအပြင် ပုံမှန်ဝန်ထမ်းများ၏ လုပ်ငန်းများဆောင်ရွက်နိုင်ရေးကို အထူးဦးစားပေးဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

### ဆရာ ဆရာမ ၂၅၄ ဦး အပါအဝင် စုစုပေါင်း ၄၈၂ ဦး ရွှေ့ပြောင်း

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးဇော်မင်းထွန်းက မောင်တော မြောက်ဘက်အခြမ်းတွင်ရှိသည့် ငါးခူရ၊ တောင်ပြိုဝဲ၊ အောင်ဇူရွက်ညိုတောင်မှ ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ သံဃာနှင့် အရပ်သားများကို ဘူးသီးတောင်နှင့် စစ်တွေဘက်သို့ ရွှေ့ပြောင်းပေးခဲ့ပါကြောင်း၊ ဆရာ ဆရာမ ၂၅၄ ဦး၊ ဝန်ထမ်း ၁၂၂ ဦး၊ မိသားစုဝင် ၆၉ ဦး၊ သံဃာ နှစ်ပါးနှင့် အရပ်သား ၃၅ ဦး စုစုပေါင်း ၄၈၂ ဦးဖြစ်ပါကြောင်း၊ ယင်းဒေသရှိ ဆရာ ဆရာမများသည် သီတင်းကျွတ်ပိတ်ရက်နှင့် တိုက်ဆိုင်ပြီး ကျောင်းများ ပိတ်ထားသည့်အတွက် လတ်တလောအခြေအနေအရ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အခြေအနေတည်ငြိမ်သွားပါက တာဝန်ကျဒေသများတွင် ပြန်လည်ပြီး တာဝန်ထမ်းဆောင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ရွှေကျင်သီတင်းကျွတ်မီးမျှောပွဲ ယခင်နှစ်ထက် ဘုရားဖူးဧည့်လာရောက်မှု ပိုမိုများပြားလာ



ရွှေကျင်မြို့ သီတင်းကျွတ်မီးမျှောပွဲတော်၌ မီးကြာခွက်၊ မီးရှူး၊ မီးပန်းတို့ဖြင့် ပူဇော်နေစဉ်။ ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)

**ရွှေကျင် အောက်တိုဘာ ၁၇**

မည်သည့်ဒေသများနှင့်မျှမတူ တစ်မူထူးခြားကွဲပြားသည့် ဓလေ့ရိုးရာနှင့် နှစ်စဉ်ကျင်းပသော ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲသည် ယခုဆိုလျှင် (၁၆၅)ကြိမ်မြောက်ရှိလာပြီဖြစ်ပြီး ဘုရားဖူးဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် လာရောက်မှုပိုမိုများပြားလာသည်ကို တွေ့ရသည်။

ရွှေကျင်သီတင်းကျွတ် မီးမျှောပွဲသည် မြန်မာနိုင်ငံတစ်ဝန်း၌ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ရိုးရာများရှိသည့်အနက် တစ်မူထူးခြားကွဲပြားနေသောကြောင့် နိုင်ငံတစ်ဝန်းလူသိများ ထင်ရှားလာသည့်အလျောက် နှစ်စဉ် ဘုရားဖူးဧည့်သည်များ လာရောက်မှုပိုလာခြင်းဖြစ်သည်။

ပွဲတော်ရက်ကို နှစ်စဉ် ၁၀ ရက်ကျင်းပသော်လည်း သီတင်းကျွတ်လပြည့်နေ့နှင့်လပြည့်ကျော် ၁ ရက်နေ့ဆိုလျှင် ကြက်ပျံမကျအထူးစည်ကားလျက်ရှိသည်။ အထူးသဖြင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ဆိုလျှင် နံနက်ပိုင်းကတည်းက အနယ်နယ်အရပ်ရပ်မှ လာရောက်သည့် ဘုရားဖူးဧည့်သည်များက ဒေသအရ တစ်မူကွဲပြားသည့် ဓလေ့ရိုးရာ၊ အစားအစာနှင့် ရွှေကျင်ချောင်း၏ သဘာဝအလှတရားတို့ကို လေ့လာကြသည်။

ပွဲတော်လာ ဧည့်သည်အချို့က ဓလေ့အကဖြစ်သည့် တက်ပုံယိမ်း၊ တက်ခုပ်ယိမ်းတို့ ယှဉ်ပြိုင်မှုကို သဘောကျနှစ်ခြိုက်အားပေးကြည့်ရှုသလို မမြင်မတွေ့ဖူးသည့် ဧည့်သည်တချို့ကလည်း ထူးခြားမှုတစ်ခုကို မိမိတို့၏ ဖုန်းကိုယ်စီဖြင့် မှတ်တမ်းတင်ရိုက်ကူးလျက်ရှိသည်။

အဆိုပါယိမ်းပြိုင်ပွဲဝင်များကလည်း နံနက်မှ မွန်းလွဲအထိ ရွှေကျင်ချောင်းအတွင်း ကိုယ့်အလှည့်ကို တန်းစီစောင့်စားလျက် နေပူရမှန်းမသိ၊ ချွေးထွက်ရမှန်းမသိ အားတက်သရော ယှဉ်ပြိုင်နေပုံမှာလည်း ဒေသ၏ ဓလေ့ရိုးရာကို ဖော်ထုတ်ပြသရန်ဆန္ဒပြင်းပြနေပုံရသည်။

ပွဲတော်၏ အဓိကရက်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ယိမ်းပြိုင်ပွဲများ၏ ဆုပေးပွဲအခမ်းအနားကို ညပိုင်းတွင် ပြုလုပ်သလို မီးကြာခွက်မျှောခြင်းကိုလည်း ထိုရက်တွင် အဓိကထားပြုလုပ်သည်။

ထိုရက်၌ ညနေပိုင်းရောက်ပြီဆိုသည်နှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်သူတို့က မီးကြာခွက်၊ မီးရှူး၊ မီးပန်းတို့ကို အသင့်ဝယ်ယူပြီး စက်လှေကြီးငယ်တို့ကို စုပေါင်းငှားရမ်း၍ သော်လည်းကောင်း၊ စင်းလုံးငှားရမ်း၍ သော်လည်းကောင်း ကြိုတင်ပြင်ဆင်၍ ရွှေကျင်ချောင်း၏ ကြည်လင်သည့် ရေပြင်ပေါ်တွင် လှည့်လည်သွားလာလျက် ရှိကြသည်။

ထိုသို့ လှည့်လည်သွားလာနေစဉ် နေအလင်းရောင် တဖြည်းဖြည်းပျောက်လာသည်ဆိုသည်ဖြင့် မီးရှူးမီးပန်းများ၊ မီးကြာခွက်များ တစ်စတစ်စဖြင့် ပစ်ဖောက်သူကဖောက်၊ မျှောသူက မျှောဖြင့် ကြည်လင်အေးမြသည့် ရေပြင်ပေါ်တွင် အလှတရားက တဖြည်းဖြည်း ပီပြင်လာလေသည်။

မီးကြာခွက်များမှာ ရွှေကျင်ဒေသက ပြုလုပ်သည့် ဒေသထွက်ပစ္စည်းဖြစ်သလို မီးကြာခွက်မျှောခြင်းကို ယင်းဒေသက အစဉ်အလာအရ မျှောခြင်းဖြစ်သော်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်သူတို့က ဒေသ၏ ဓလေ့ကို လိုက်ပါစီးမျှောလုပ်ဆောင်ခြင်းက ပီတိကြည်နူးစိတ်ကိုဖြစ်ပေါ်စေသည်။ ဓလေ့ကို စီးမျှောသူတို့ထဲတွင်လည်း ပြည်ပခရီးသွားများလည်း ပါဝင်လာသည်။

မည်သို့ပင်ဆိုပါစေ ဒေသတစ်ခု၏ ထူးခြားမှုက ခရီးသွားဧည့်သည်ကို ဆွဲဆောင်နိုင်သလို ဒေသခံများက သူတို့၏ ယိမ်းအကအခြေခံကို ပြုပြင်ပြောင်းလဲခြင်းမရှိဘဲ အကများကို ဆန်းသစ်တီထွင်ဖန်တီးပြီး စဉ်ဆက်မပြတ် အမြဲတမ်း ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဆိုပါက ဘုရားဖူးဧည့်သည်လာရောက်မှုက နှစ်စဉ်ပိုမိုလာရောက်နိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်မည်။

**(ကိုသက်၊ ခင်မောင်လွင်)**



နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာအုပ်စု အလိုတော်ပြည့်ဘုရားကြီးကျောင်းတိုက် သဒ္ဓမ္မသုခမ္မရိပ်သာ အလိုတော်ပြည့်စေတီတော်ပရိဝုဏ်၌ ယနေ့ညဥ့်ဦးယံက ကြေးမုံသတင်းစာတိုက်ဝန်ထမ်းများ ဓမ္မာစကြာဒေသနာတော် ရွတ်ဖတ်ပူဇော်ကြစဉ်။ (ကိုကိုနေ)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၇**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၆၀၀၀၀ | - | ၈၆၀၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၆၀၀၀၀ | - | ၈၆၀၀၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၅၉၀/၆၁၀ ကျပ်၊ | ၆၃၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၆၀၅/၆၂၀ ကျပ်၊ | ၆၄၀/၆၆၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၉၁ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၆၀ ကျပ်

**၁၀-၁၀-၂၀၁၆ ရက်နေ့မှ ၁၄-၁၀-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၈၆ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၉၈ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြား ငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၅၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၁. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၇. ၁၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၅၆၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၀၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၈၇၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၉. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၇၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၆. ၉၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၄. ၈၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## နိုင်ငံရေးစာပေစာတမ်းစာအုပ်(ပထမတွဲ+ဒုတိယတွဲ)နှင့် ပြည်သူ့အတွက် ပထမ ရက်(၁၀၀)စာအုပ် ဖြန့်ချိမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေဖြန့်ချိမည့် "ပြည်သူ့အတွက် ပထမရက်(၁၀၀)စာအုပ်"နှင့် "နိုင်ငံရေးစာပေစာတမ်းများ (ပထမတွဲ+ဒုတိယတွဲ)"စာအုပ်များကို အောက်တိုဘာ ၂၄ ရက်တွင် ထွက်ရှိလာမည်ဖြစ်သည်။

အဆိုပါစာအုပ်များမှ ပြည်သူ့အတွက် ရက်(၁၀၀)စာအုပ်ရောင်းဈေးမှာ ငွေကျပ် ၃၃၀၀၊ နိုင်ငံရေးစာပေစာတမ်းများ(ပထမတွဲ)မှာ ငွေကျပ် ၂၃၀၀၊ နိုင်ငံရေးစာပေစာတမ်းများ (ဒုတိယတွဲ)မှာ ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်)ရှိ ဆိုင်များတွင် အောက်တိုဘာ ၂၄ ရက်မှ စတင်၍ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တစ်ပတ်အတွင်းအားကစားသတင်း သုံးသပ်ချက်

*ဒီတစ်ပတ်မှာတော့ ပြိုင်ပွဲတွေအတွင်း အော်ရီရာနဲ့ အိုဇေးလ်တို့ရဲ့ ထူးထူးခြားခြား အောင်ပွဲခံပုံစံတွေ၊ ပီကေးအပေါ် ဆိုးဆိုးရွားရွား ဆက်ဆံခဲ့တဲ့ ဗန်ဟားလ်၊ ကြေးအမြင့်ဆုံးရရှိတဲ့ ဘာစီလိုနာဂျာစီ၊ ကမ္ဘာ့အဆင့်(၁)နေရာနဲ့ ပိုပြီးနီးစပ်လာခဲ့တဲ့ ဗြိတိန်သား အန်ဒီမာရေးတို့ရဲ့ အကြောင်းတွေကတော့ အနည်းငယ် ထူးခြားတဲ့ အားကစားသတင်းတွေအဖြစ် ကျန်ရှိနေမှာပါ။ ဒါ့အပြင် ပရိသတ်များ စိတ်ဝင်စားတဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေလည်း ကြားရက်မှာ ယှဉ်ပြိုင်ရမှာဖြစ်လို့ ဒီပွဲစဉ်အတွက် ပြင်ဆင်မှုတွေ၊ အခုနောက်ပိုင်း ဂရစ်ဇ်မန်းဟာ မက်ဆီ၊ စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်၊ပေါ့ဘာတို့လို အားကစားမီဒီယာတွေရဲ့ ဇောင်းပေးဖော်ပြခံရတဲ့ ကစားသမားဖြစ်လာတာကလည်း ထူးခြားချက်တစ်ရပ်ဖြစ်လာခဲ့ပါပြီ။*

### ကြေးအမြင့်ဆုံးရရှိတဲ့ ဘာစီလိုနာဂျာစီ

ဘာစီလိုနာအသင်းနဲ့ နိုက်ကီ(Nike)တို့ အားကစားဝတ်စုံအတွက် ချုပ်ဆိုတဲ့ စာချုပ်တန်ဖိုးက ယူရို ၁၀၅သန်း ရှိခဲ့တာကြောင့် ကမ္ဘာ့တန်ဖိုးအမြင့်မားဆုံး စပွန်ဆာကြေးရတဲ့ ဂျာစီအင်္ကျီဟာ ဘာစီလိုနာအသင်းဂျာစီ ဖြစ်လာပါတယ်။ ဒုတိယ တန်ဖိုးအမြင့်ဆုံးကြေးရတာကတော့ မန်ယူအသင်းဖြစ်ပြီး တန်ဖိုးအားဖြင့် ယူရို ၉၆ သန်းရရှိကာ မန်ယူနဲ့စာချုပ်ချုပ်ဆိုတဲ့ အားကစားပစ္စည်း




ကုမ္ပဏီက အက်ဒီးဒက်စ်(Addidas) ဖြစ်ပါတယ်။ အဲဒီနောက် ဘိုင်ယန်မြူးနစ်နဲ့ အက်ဒီးဒက်စ်တို့ရဲ့ စာချုပ်က ယူရိုသန်း ၈၀ နဲ့ တတိယနေရာလိုက်နေပြီး ချယ်လ်ဆီးနဲ့ အက်ဒီးဒက်စ်တို့ရဲ့ ယူရို ၆၆ သန်းတန် စာချုပ်က စတုတ္ထနဲ့ ပဉ္စမနေရာကတော့ ရီးယဲလ်မက်ဒရစ်က ယူရိုသန်း၄၀ နဲ့ အသီးသီးရပ်တည်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဘာစီလိုနာနဲ့ ရီးယဲလ်မက်ဒရစ် ဂျာစီ စပွန်ဆာကြေးဟာ ထက်ဝက်မက ကွာခြားနေတာကြောင့် အခု အက်ဒီးဒက်စ်နဲ့ စာချုပ်သက်တမ်းကုန်ဆုံးရင် ရီးယဲလ်ဟာ အခြားကုမ္ပဏီတစ်ခုနဲ့ စာချုပ်ချုပ်ဆိုဖို့အလားအလာရှိနေပါတယ်။ကမ္ဘာ့လောကမှာ နာမည်ကြီး အားကစားပစ္စည်း ကုမ္ပဏီတွေ ဖြစ်တဲ့ နိုက်ကီ(Nike)၊ အက်ဒီးဒက်စ်(Addidas)၊ ပူးမား(Puma) နဲ့ အင်န်ဘီ(NB)တို့ ဆိုပြီးရှိကြပေမယ့် နာမည်ကျော်ကစားသမားတွေနဲ့ ကလပ်အသင်းတွေကို စပွန်ဆာကြေး အပြိုင်အဆိုင်ပေးတဲ့နေရာမှာ အမေရိကန်ကုမ္ပဏီနိုက်ကီနဲ့ ဂျာမန်ကုမ္ပဏီ အက်ဒီးဒက်စ်တို့ကို ဘယ်ကုမ္ပဏီကမှ ကျော်လွန်နိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။

### ဖီဖာရဲ့ စုံစမ်းခံနေရတဲ့ အော်ရီရာ

အိုင်ဗရီကို့စ်လက်ရွေးစင်လည်းဖြစ် ပီအက်စ်ဂျီနောက်ခံလူလည်းဖြစ်တဲ့ အော်ရီရာဟာ အိုင်ဗရီကို့စ်နဲ့ မာလီအသင်းတို့ရဲ့ပွဲစဉ်အတွင်း ပရိသတ်များဆီကို သွားရောက်ကာ လည်ပင်းကိုဖြတ်တဲ့ပုံစံနဲ့ အောင်ပွဲခံခဲ့တာ ကြောင့် ဒီဖြစ်ရပ်ကို ဖီဖာ(ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်)က စုံစမ်းနေကြောင်း သိရပါတယ်။ အော်ရီရာမှာ အိုင်ဗရီကို့စ်အသင်းဂိုးရပြီးနောက် ပွဲကြည့်စင် ဘက်ကို သွားရောက်ပြီး သူရဲ့ လည်မျိုဆီလက်ကိုဆန့်တန်းပြီး လည်ပင်း ဖြတ်တဲ့ဟန်နဲ့ အောင်ပွဲခံခဲ့တာ ဖြစ်ပါတယ်။

ဖီဖာအုပ်ချုပ်ရေး အဖွဲ့အစည်းက ဒီလို လုပ်ဆောင်ခဲ့ခြင်းအတွက် ပဏာမ စုံစမ်းမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၁၄ ရက်က အတည်ပြုခဲ့ပါတယ်။ အော်ရီရာရဲ့ အခုလို အငြင်းပွားဖွယ် အောင်ပွဲခံပုံစံဟာ ပြဿနာတစ်ခု မပြီးသေးမီ နောက်ထပ်ပြဿနာတစ်ခု ထပ်ဖြစ်လာစေဖို့ ဖန်တီးနေသလို ဖြစ်နေပါတယ်။ သူဟာ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းကပဲ ရဲအရာရှိတစ်ဦးကို တံတောင်နဲ့တွက်ခဲ့တဲ့အတွက် ဆိုင်းငံ့ပြစ်ဒဏ် ထောင်ဒဏ် နှစ်လ ချမှတ်ခံထားရပြီး ဖေဖော်ဝါရီလအတွင်းကလည်း အဲဒီအချိန်က ပီအက်စ်ဂျီနည်းပြအဖြစ် ဆောင်ရွက်နေတဲ့ လောရင့်ဘလန့်ကို ညစ်ညမ်းတဲ့ စကားလုံး သုံးစွဲဝေဖန်ခဲ့တာကြောင့် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရပါသေးတယ်။

### မာရာဒိုနာရဲ့ နှိုင်းယှဉ်ချက်တွေ

အာဂျင်တီးနားအသင်းရဲ့ ဂန္ထဝင် ကစားသမားဖြစ်ခဲ့သူ ဒီယေဂိုမာရာဒိုနာဟာ ဘောလုံးလောကမှာ တစ်ဦးနဲ့တစ်ဦး ပြိုင်ဆိုင်မှုရှိတဲ့ မက်ဆီနဲ့ စီရိုနယ်လ်ဒို၊ ပီကေးနဲ့ ရာမို့စ်တို့ကို ခိုင်းနှိုင်းပြီး ဘယ်သူက ဘယ်သူ့ထက် ပိုကောင်းတယ်ဆိုတာမျိုးသူ့အမြင်ကို ပြောကြားခဲ့တာကြောင့် ဒါဟာ သူတို့တွေအကြားရန်တိုက်ပေးတဲ့သဘောမျိုးတောင် ဖြစ်စေတယ်လို့ မှတ်ချက်ချက်ရမှာပါ။ မာရာဒိုနာက မက်ဆီဟာ စီရိုနယ်လ်ဒိုထက် ဖီဖာဘလွန်းဒီအောဆု နှစ်ကြိမ်ပိုရထားပေမယ့် တကယ်တမ်းကျတော့ စီရိုနယ်လ်ဒိုထက် ပိုကောင်းတဲ့ ကစားသမားမဟုတ်ဘူးလို့ ပြောခဲ့သလို စပိန်ဗဟိုနောက်ခံလူနှစ်ဦးဖြစ်တဲ့ ပီကေးနဲ့ ရာမို့စ်တို့နှစ်ဦးမှာ ပီကေးက နည်းစနစ်ပိုင်းနဲ့ အရည်အသွေးပိုင်းနှစ်ရပ်လုံးမှာ ပိုကောင်းသူလို့ မှတ်ချက်ချပါတယ်။ ပီကေးက ဘာစီလိုနာအသင်းရဲ့ ဗဟိုနောက်ခံလူဖြစ်သလို ရာမို့စ်ကလည်း ရီးယဲလ်မက်ဒရစ်ကဆိုတော့ ကလပ်အသင်းနှစ်သင်းရဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့အနေအထားကြောင့် သူတို့နှစ်ဦးဟာ အစကတည်းက ဆက်ဆံရေးပြေလည်သူတွေမဟုတ်သလို ပီကေးရဲ့ ကာတလန်ခွဲထွက်ရေးဝါဒကြောင့် စပိန်မှ အခြားကစားသမားတွေနဲ့တောင် အဆင်ပြေမှုမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်မာရာဒိုနာရဲ့ အခုလို မှတ်ချက်စကားဟာ ဘောလုံးလောကအတွင်း မသင့်မြတ်ကြဘူးလို့ ယူဆနေကြတဲ့သူတွေကို ပိုပြီး အဆင်မပြေအောင် ရန်တိုက်ပေးနေတဲ့ အခိပ္ပာယ်ကိုသာ ဆောင်စေတယ်လို့ မှတ်ချက်ချရတော့မှာပါ။

### ဘာစီလိုနာနဲ့ နောက်ထပ် စံချိန်တစ်ခုထပ်ရတဲ့ မက်ဆီ

မက်ဆီက ဒီပို့တီဗိုကို ရင်ဆိုင်ခဲ့တဲ့ လာလီဂါပွဲစဉ်(၈)မှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် အိမ်ကွင်းသွင်းဂိုး ၁၇၉ဂိုး ရှိလာခြင်းနဲ့အတူ ယခင် ဘီဘာအိုတိုက်စစ်မှူးဟောင်း တာမိုဇာရာရဲ့ အိမ်ကွင်းဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ စံချိန်ကိုလိုက်မီခဲ့ပါတယ်။ မက်ဆီကဒဏ်ရာပြဿနာကြောင့် သုံးပတ်ခန့် အနားယူနေရာကနေ ဒီပို့တီဗိုနဲ့ ပွဲစဉ်ရောက်မှသာ ဘာစီလိုနာအတွက် ပြန်လည်ဝင်ရောက်ကစားနိုင်ခဲ့ပြီး ပြန်လည်ကစားနိုင်တာနဲ့ တစ်ပြိုင်နက် အခုလို ဂိုးသွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ သူဟာ လာလီဂါရဲ့ ထာဝရအများဆုံး ဂိုးသွင်းရှင်၊ ဂိုးဖန်တီးမှုအများဆုံးပြုလုပ်ပေးနိုင်တဲ့ စံချိန်တွေကိုရယူနိုင်ပြီးနောက် အခုလို နောက်ထပ် စံချိန်တစ်ခုကို ထပ်မံရယူနိုင်ခဲ့တာဖြစ်ပါတယ်။

### ဗန်ဟားလ်နင်းချေခဲ့တဲ့ ပီကေးရဲ့တက်လမ်း

ဘာစီလိုနာနောက်ခံလူ ပီကေးက မန်ယူအသင်းကို မပြောင်းရွှေ့မီ ပထမဦးဆုံး ဘာစီလိုနာကစားသမားဘဝမှာ အဲဒီအချိန်က ဘာစီလိုနာ နည်းပြအဖြစ် ဆောင်ရွက်နေသူ ဗန်ဟားလ်က သူ့ရဲ့ဘဝတက်လမ်းကို နင်းချေခဲ့တဲ့သူလို့ စွပ်စွဲလိုက်ပါတယ်။ အချိန်က ၁၉၉၈ ခုနှစ်ဖြစ်ပြီး ဘာစီလိုနာအသင်းမှာ နေရာမရဖြစ်နေတဲ့ ပီကေးကို ဗန်ဟားလ်က ကြမ်းပြင်ပေါ် ကျတဲ့အထိ တွန်းထိုးခဲ့ဖူးတယ်လို့ ပီကေးက ဖွင့်ဟလိုက်ပါတယ်။




**၁၉၉၈ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ဗန်ဟားလ်နှင့် ပီကေးတို့ဆန့်ကျင်ဘက် အနေအထားရောက်ရှိသွားပုံကို သရုပ်ဖော်ထားသည့် ကာတွန်း။**

ပီကေးက "သူက ကျွန်တော့်ဘဝကို ဖျက်ဆီးခဲ့သူပါ။ ကျွန်တော်ဟာ အသက်(၁၈)နှစ်အရွယ်ထိ အပေ့ါစားအားကစား(ဂျမ်)တောင် မလုပ်ခဲ့ရပါဘူး။ သူက ကျွန်တော့်ကို တွန်းတယ်။ ပြီးတော့ ကြမ်းပေါ်ပစ်ကျအောင် ဆောင့်ပြီး လွှတ်ချခဲ့တဲ့အထိ ကြမ်းကြမ်းတမ်းတမ်းလုပ်ခဲ့တယ်ဆိုတာ ဘယ်သူမှ မသိခဲ့တဲ့ အကြောင်းတရားတစ်ရပ်ပါ။ ပြီးတော့ ကျွန်တော်က အသင်းအတွက် ဝင်ရောက်ကစားဖို့ လုံလောက်တဲ့ ကြံ့ခိုင်မှုမရှိဘူးလို့ ပြောပြီး အသင်းလူစာရင်းကနေ ချန်လှပ်ထားခဲ့ပါတယ်" လို့ TV3 နဲ့ အင်တာဗျူးမှာ ဖွင့်ဟပြောကြားလိုက်ပါတယ်။ အခုအချိန်မှာ နည်းပြဗန်ဟားလ်ဟာ မန်ယူကနေ ထုတ်ပယ်ခံရပြီး အသင်းလက်မဲ့အနေအထားဖြစ်နေပေမယ့် ပီကေးကတော့ ကမ္ဘာ့အကောင်းဆုံးနောက်ခံလူထဲက တစ်ဦးဖြစ်နေပြီဖြစ်တာကြောင့် လွန်ခဲ့တဲ့ ၁၉၉၈ ခုနှစ်နဲ့ အခု ၂၀၁၆ ခုနှစ်ကြား လုံးဝဆန့်ကျင်ဘက် အခြေအနေဖြစ်သွားပြီလို့ အားကစားမီဒီယာတွေကတော့ ရေးသားဖော်ပြခဲ့ကြပါတယ်။

### ကျွန်တော်ကသာ ကမ္ဘာ့အကောင်းဆုံးလို့ ဆိုတဲ့ စီရိုနယ်လ်ဒို

ဖီဖာဘလွန်းဒီအောဆု ပေးအပ်ဖို့ နီးကပ်လာတာနဲ့အမျှ သူသာ လက်ရှိ ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်သလို ဒီနှစ်ဘောလုံးရာသီမှာလည်း ဆုဖလားတွေအားလုံးကို သိမ်းကျုံးရယူဖို့ ကြိုးပမ်းသွားမယ်လို့ စီရိုနယ်လ်ဒိုက



ဆိုပါတယ်။ စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်နဲ့ ချန်ပီယံလိဂ်ဖလားရယူနိုင်ခဲ့သလို ပေါ်တူဂီအတွက်လည်း ယူရိုဖလား ရယူထားနိုင်သူဖြစ်တာကြောင့် ဒီနှစ် ဖီဖာဘလွန်းဒီအောဆုကို ရရှိဖို့ ထိပ်ဆုံးက ရေပန်းစားနေပါတယ်။သူ့ရဲ့ ခေါင်းထဲမှာ သူသာလျှင် ကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်သလို တစ်နေ့ထက်တစ်နေ့ ပိုမိုပြီးပြည့်စုံတဲ့ ကစားသမားဖြစ်လာစေဖို့ အားထုတ်နေပြီး သူ့ရဲ့ ပြိုင်ဘက်ကလည်း သူကိုယ်တိုင်ပဲ ဖြစ်တယ်လို့ ဆိုပါတယ်။

### အိုဇေးလ်ရဲ့ M ဆိုတဲ့ အဓိပ္ပာယ်

အာဆင်နယ်ကွင်းလယ်လူ မီဆပ်အိုဇေးလ်က ဆွမ်ဆီးဘက်ကို ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက်မှာ သူ့ရဲ့ လက်ချောင်းသုံးချောင်းနဲ့ အင်္ဂလိပ်အက္ခရာ "M" ကို ပုံဖော်အောင်ပွဲခံခဲ့ပါတယ်။ အိုဇေးလ်ကတော့ဒီ "M" သင်္ကေတဟာ သူ့ရဲ့ တူမဖြစ်သူ မီရား(Mira) ကို ကိုယ်စားပြုပါတယ်လို့ ဆိုပါတယ်။ မီရားလေးက ရုံဖန်ရုံခါ လန်ဒန်မြို့ကို လာလည်ပြီး အိုဇေးလ်ကစားတဲ့ ပွဲတွေကို လာရောက်အားပေးတတ်တာကြောင့် ဂိုးသွင်းပြီးနောက်မှာ အခုလို ပုံစံနဲ့ အောင်ပွဲခံတာဖြစ်တယ်လို့ အိုဇေးလ်က ဆိုပါတယ်။ ဒါ့အပြင်မီရားမှာ သူ့အမည်ရေးထိုးထားတဲ့ ဂျာမနီလက်ရွေးစင်အသင်းဂျာစီရော အာဆင်နယ်ဂျာစီပါရှိတယ်လို့လည်း အိုဇေးလ်က ဆိုပါတယ်။

### ဂရစ်ဇ်မန်းနဲ့ မီဒီယာများ

ပြင်သစ်သား ဂရစ်ဇ်မန်းဟာ အရင်ကတော့ သိပ်ပြီး ထင်ရှားတဲ့ ကစားသမားမဟုတ်ပေမယ့် ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်တို့လို အသင်းတွေနဲ့ ရင်ဆိုင်ရတဲ့ပွဲတွေမှာ အဆုံးအဖြတ်ဂိုးသွင်းနိုင်သူဖြစ်နေခဲ့တာ၊ ယူရို ၂၀၁၆ ပြိုင်ပွဲ ရဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့တာအပြင် ဒီရာသီမှာလည်း အကောင်းဆုံးပုံစံကို ဆက်ထိန်းနိုင်တာကြောင့် မီဒီယာတွေရဲ့ အာရုံစိုက်မှုကို အထူးရရှိနေသူဖြစ်လာပါတယ်။ ဂရစ်ဇ်မန်းကို ဖီဖာဘလွန်းဒီအောဆု ရရှိစေချင်တဲ့ သုံးသပ်ချက်တွေ၊ ဂရစ်ဇ်မန်းရဲ့ ပြောစကားတွေ၊ အခြားကစားသမားတွေရဲ့ ဂရစ်ဇ်မန်းအပေါ် ထင်မြင်ချက်တွေ၊ သူ့ကို လိုချင်တဲ့ အသင်းတွေရဲ့ အကြောင်းနဲ့ ဘယ်အသင်းကို ပြောင်းမလဲဆိုတဲ့ အဖြေထုတ်မှုတွေဟာ တစ်နေ့တစ်မျိုး မရိုးရအောင်တွေ့နေရပါတယ်။ ဒါကြောင့် အခုအချိန်မှာတော့ ဂရစ်ဇ်မန်းဟာ စီရိုနယ်လ်ဒို၊ မက်ဆီ၊ ပေါ့ဘာတို့လို မီဒီယာ စာမျက်နှာတွေထက် နေရာအယူဆုံး ကစားသမားတစ်ဦး ဖြစ်ခွင့်ရလာခဲ့ပါတယ်။

### ကမ္ဘာ့အဆင့်(၁)နေရာအိပ်မက်ကို ပိုပြီး ခိုင်မာအောင် အားထုတ်နိုင်သူ

လက်ရှိကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမား အန်ဒီမာရေးဟာ တရုတ်အိုးပင်းမှာ ဗိုလ်စွဲပြီးနောက် ရှန်ဟိုင်းမာစတာ တင်းနစ်ပြိုင်ပွဲမှာလည်း ထပ်မံအောင်ပွဲခံနိုင်တာကြောင့် သူ့ရဲ့ ကမ္ဘာ့အဆင့်(၁)အိပ်မက်အတွက် နောက်ထပ်ခြေလှမ်းတစ်လှမ်းဆက်တိုးနိုင်မှု ဖြစ်ခဲ့ပါပြီ။ မာရေးဟာ ရာသီလက်ကျန်ပြိုင်ပွဲသုံးရပ်ဖြစ်တဲ့ ဗီယင်နာအိုးပင်း(အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်)၊ ပဲရစ်မာစတာ(အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်)၊ ရာသီသိမ်းပြိုင်ပွဲအဖြစ် လန်ဒန်မြို့မှာကျင်းပမယ့် ATP World Tour Final(နိုဝင်ဘာ ၁၃ ရက်မှ ၂၀ ရက်)တို့အားလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။



ဒါပေမယ့် ဂျိုကိုဗစ်ချ်ကတော့ ကြံ့ခိုင်မှုအနေအထားကြောင့် ATP World Tour Final ပြိုင်ပွဲတစ်ပွဲမှာပဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာဖြစ်ပြီး တရုတ်အိုးပင်းကို လွဲချော်ခဲ့သလို ရှန်ဟိုင်းမာစတာ အကြိုဗိုလ်လုပွဲစဉ်မှာလည်း အရေးနိမ့်ခဲ့တာကြောင့် သူ့ရဲ့ အေတီပီရမှတ်ကလည်း ၁၂၉၀၀ အထိ ကျဆင်းသွားခဲ့ရပါတယ်။ မာရေးကတော့ ဂျိုကိုဗစ်ချ်နဲ့ ဆန့်ကျင်ဘက်ဖြစ်ခဲ့ပြီး ဒီပြိုင်ပွဲနှစ်ရပ်လုံးမှာ ဗိုလ်စွဲခဲ့တဲ့အတွက် ရမှတ်၂၀၀၀လောက်နီးပါး စုဆောင်းနိုင်ခဲ့သလို အေတီပီရမှတ် ၁၀၄၈၅ အထိ တက်လာခဲ့တာကြောင့် လက်ကျန်သုံးပွဲစလုံးမှာသာ မာရေးဗိုလ်စွဲခဲ့ရင် ဂျိုကိုဗစ်ချ်ရဲ့ ကမ္ဘာ့အဆင့်(၁)နေရာကို မှန်းလို့ရတဲ့ အနေအထားရောက်သွားပါပြီ။ ဗီယင်နာအိုးပင်းမှာ ဂျိုကိုဗစ်ချ်ဝင်မပြိုင်နိုင်တာကြောင့် မာရေးဟာ ရမှတ်၅၀၀ အလိုအလျောက် ရရှိမှာဖြစ်သလို ပဲရစ်မာစတာပြိုင်ပွဲနဲ့ ATP World Tour Final တို့မှာသာ ဆက်ပြီး ဗိုလ်စွဲခဲ့ရင် ရမှတ်၂၃၀၀လောက် စုဆောင်းနိုင်ဦးမှာပါ။ မာရေးကတော့ အခုအသက်(၂၉) ရောက်တဲ့အထိ ကမ္ဘာ့ အဆင့်(၁)နေရာကို တစ်ကြိမ်တစ်ခါမျှ ရောက်ခဲ့ဖူးခြင်း မရှိပေမယ့် ဒီနှစ်မှာတော့ သူ့ရဲ့ ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် ပထမဦးဆုံးအကြိမ် အနီးစပ်ဆုံး အခြေအနေတစ်ရပ်ကို ပထမဦးဆုံးအကြိမ် ရောက်ရှိခဲ့တာဖြစ်ပါတယ်။

»  » မေလဲ့သင်း - စုစည်းသည် «  «

### စက်တင်ဘာ ၁၉ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ

| | | | |
|---|---|---|---|
| CSKA မော်စကို | - | မိုနာကို | နံနက်-၁း၁၅ |
| လေဗာကူဆင် | - | စပါး | နံနက်-၁း၁၅ |
| စပို့တင်းလစ္စဘွန်း | - | ဒေါ့မွန် | နံနက်-၁း၁၅ |
| ရီးယဲလ်မက်ဒရစ် | - | လီဂီယာဝါဆော | နံနက်-၁း၁၅ |
| လက်စတာ | - | ကိုပင်ဟေဂင် | နံနက်-၁း၁၅ |
| ဘရုဂျက် | - | ပေါ်တို | နံနက်-၁း၁၅ |
| ဒိုင်နမိုဇာဂရက် | - | ဆီဗီလာ | နံနက်-၁း၁၅ |
| လိုင်ယွန် | - | ဂျူဗင်တပ် | နံနက်-၁း၁၅ |

မောင်မောင်ဇော်

# သုံးရက်ကြာလမ်းပိတ်ခဲ့ရသည့် ဂုတ်တွင်းလမ်းပြန်ပွင့်



**ကျောက်မဲ အောက်တိုဘာ ၁၇**

မန္တလေး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းလမ်း၌ အောက်တိုဘာ ၁၄ ရက် ညနေပိုင်းမှစတင်၍ ၁၆ ရက် ညပိုင်းအထိ ကုန်တင်ယာဉ်ကြီးသုံးစီး ရှေ့နောက်ခြား၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းနှင့် ခရီးသည်ယာဉ်နှင့် ကုန်တင်ယာဉ်တို့ တိုက်မှုဖြစ်ပွားခဲ့ရခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ရသည်။

အတက်၊ အဆင်း ယာဉ်ကြီး၊ ယာဉ်ငယ်အများအပြားသွားလာမှု ရပ်ဆိုင်းခဲ့ရသောအဆိုပါဂုတ်တွင်းလမ်းသို့ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်တို့မှ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ လားရှိုးအမှတ်(၂၀)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမျိုးမင်းအောင်နှင့် ကျောက်မဲအမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်ဦးစီးသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေးအသင်းများက သွားရောက်ကူညီစောင့်ရှောက်၍ လမ်းရှင်းလင်းရေး ဆောင်ရွက်ပေးခဲ့ကြသည်။

ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရသော အဆိုပါဂုတ်တွင်းကားလမ်းသည် အောက်တိုဘာ ၁၇ ရက် နံနက် ၄ နာရီခွဲမှစတင်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်သည့်အတွက် မူဆယ်-လားရှိုး-သီပေါ-ကျောက်မဲ-မန္တလေး-ရန်ကုန် အစုန်၊ အဆန်မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များ ကောင်းမွန်စွာမောင်းနှင်သွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။ **(သီပေါကိုလတ်)**

# မန္တလေးမြို့တွင် အစာအဆိပ်သင့်မှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အကွက်(၂၈၈)၊ ရတနာပုံဆီစက်ဝင်းဓမ္မာရုံ၌ အောက်တိုဘာ ၁၆ ရက်က သံဃာတော်များအား အရုဏ်ဆွမ်းအဖြစ် မုန့်တီနှင့် ကြက်သားဆက်ကပ်ရာမှ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သဖြင့် လူဦးရေ ၃၀ ခန့် မန္တလေးပြည်သူ့ဆေးရုံ ဖျားနာဆောင်(၁) သို့ ရောက်ရှိကုသမှုခံယူနေကြောင်း သိရသည်။ ကုသမှုခံယူနေသူများမှာ သက်သာနေပြီဖြစ်သော်လည်း တစ်ဦးမှာ အနည်းငယ်စောင့်ကြည့်ရမည့်အခြေအနေတွင်ရှိကြောင်း တာဝန်ကျဆရာဝန်တစ်ဦးထံမှ သိရသည်။

"လက်ရှိ ကုသနေတာက ၂၅ ဦးရှိတယ်။ အကုန်လုံးနီးပါး သက်သာနေပါပြီ။ တစ်ဦးက အဆိုးရွားကြီး မဟုတ်ပေမယ့် အခြေအနေစောင့်ကြည့်နေဆဲပါ" ဟု ဖျားနာဆောင်(၁) တာဝန်ကျဆရာဝန်က ပြောသည်။ သံဃာများအားဆက်ကပ်၍ ကျန်ရှိသည်များကို ရပ်ကွက်နေသူအချို့အား ကျွေးမွေးရာမှ စားသုံးပြီးနောက် နှစ်နာရီခန့်အကြာတွင် ခေါင်းမူးခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းသွားခြင်းများကြောင့် နံနက် ၁၁ နာရီကျော်တွင် သံဃာလေးပါးနှင့် လူဦးရေ ၂၅ ဦးတို့မှာ မန္တလေးဆေးရုံသို့ ရောက်ရှိလာကြပြီး ခုတင် (၃၀၀)ဆံ့ ကလေးဆေးရုံတွင် သုံးဦး ကုသမှုခံယူနေကြောင်း သိရသည်။

"စားပြီးပြီးချင်း မဖြစ်သေးဘဲ နှစ်နာရီလောက်အကြာမှာ ခေါင်းမူးပြီး အဝါရောင်အန်တယ်။ ဝမ်းသွားတယ်။ ကျွန်တော့်သားလည်း ဒီလိုဖြစ်လို့ ရပ်ကွက်ဆေးခန်းသွားပြတော့ မသက်သာရင်ဆေးရုံကြီးသွားဖို့ မှာလိုက်တယ်။ မသက်သာလို့ ဆေးရုံသွားမယ်ဆိုတော့ စားတဲ့သူအတော်များများဖြစ်နေတာပါ"ဟု လူနာရှင် ဦးဝင်းထွေးက ပြောသည်။

မုန့်တီနှင့် ကြက်သားကျွေးမွေးရာတွင် ကြက်သားစားမိသူအများစုသာ အဆိပ်သင့်ဝေဒနာခံစားရပြီး မုန့်တီတစ်မျိုးတည်း စားသုံးသူများ မခံစားရကြောင်း၊ အချို့ခံစားရသူများက ရပ်ကွက်ဆေးခန်းတွင် ကုသမှုခံယူကာ ပျောက်ကင်းသူများလည်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# သက်တမ်းလွန်ဆေးဝါးများနှင့် ပျက်စီးဆေးဝါးများ ညောင်လေးပင်မြို့၌ ဖျက်ဆီး

**ညောင်လေးပင် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက ဦးဆောင်၍ မြို့နယ်အတွင်းရှိ ဆေးဆိုင်များမှ သက်တမ်းလွန်ဆေးဝါးများနှင့် ပျက်စီးဆေးဝါးများ ဖျက်ဆီးခြင်းကို အောက်တိုဘာ ၁၄ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သက်တမ်းလွန်ဆေးဝါးများနှင့် ပျက်စီးဆေးဝါးများဖျက်ဆီးရာတွင် ညောင်လေးပင်မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် အဖွဲ့ဝင်များဖြစ်ကြသော မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမျိုးအောင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသိန်းဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးဇော်ဝင်းနှင့် မြို့နယ်အတွင်းရှိ ဆေးဆိုင်များမှ ဆိုင်ပိုင်ရှင်များ လာရောက်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။



မြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများ သက်တမ်းလွန်ဆေးဝါးများကြောင့် ဖြစ်ပေါ်လာနိုင်သော ရောဂါအန္တရာယ်မှ ကင်းဝေးစေရန်အတွက် သက်တမ်းလွန် ဆေးဝါးများနှင့် ပျက်စီးဆေးဝါးများ ဖျက်ဆီးရန်အတွက် မြို့နယ်အတွင်းရှိ ဆေးဆိုင်များအား အသိပေးအကြောင်းကြားရာ ၁၃ ဆိုင်အနက်မှ ၁၁ ဆိုင်က မိမိတို့ဆန္ဒအလျောက် လာရောက်ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး ကျန်ဆိုင်များကိုလည်း အသိပညာပေး၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

**ရန်ကုန် အောက်တိုဘာ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိသည်။

ဈေးကွက်ရှိဆေးဝါးများကို ပုံမှန်စစ်ဆေးဆောင်ရွက်ခဲ့ရာ ဆေးဘူးပေါ်တွင်ဖော်ပြချက်အရ Danion Co., Ltd, Samuthprakarn ထုတ် မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်မရှိသော Quinine S Tablet (Quinine Sulfate 300 mg) ဆေးဝါးသည် ဆေးဝါးအတု(အတု)ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ Quinine ဆေးဝါးမှာ ဦးနှောက်ငှက်ဖျားရောဂါ (Falciparum Malaria) တွင် အဓိကထားကုသသည့် ဆေးဖြစ်သည်။




ဆေးဝါးအတု၊ စံမညီဆေးဝါးများကို မှီဝဲသောရောဂါဝေဒနာရှင်များသည် စရိတ်များစွာကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများ ပျောက်ကင်းခြင်း(လုံးဝ)မရှိဘဲ ပိုမိုဆိုးရွားသောအခြေအနေ ခံစားရမည်ဖြစ်သည့်အပြင် အသက်အန္တရာယ်လည်း ရှိနိုင်ပါသည်။

သို့ပါ၍ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(ethic)အရ လုံးဝ(လုံးဝ)မပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးထားသည်။ **(ကြေးမုံ)**

# ဘုရားဖူးယာဉ်တစ်စီး ကားဘီးပေါက်ပြီး ယာဉ်တိမ်းမှောက်ရာမှ လူတစ်ဦးသေဆုံး၊ ၁၆ ဦး ဒဏ်ရာရ

**သထုံ အောက်တိုဘာ ၁၇**

မွန်ပြည်နယ် ပေါင်မြို့နယ် မုကျိုကျေးရွာ မုကျိုဘုန်းကြီးကျောင်းအနီးတွင် အောက်တိုဘာ ၁၇ ရက် နံနက်က မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့မှ ဘုရားဖူးထွက်လာသော မော်တော်ယာဉ်တစ်စီး ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ရာ ဘုရားဖူးတစ်ဦး သေဆုံးပြီး ၁၆ ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပေါင်မြို့နယ် မုကျိုကျေးရွာတွင် ဘုရားဖူးမော်တော်ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း အကြောင်းကြားသဖြင့် ပေါင်မြို့မရဲစခန်းမှ ဒုတိယရဲအုပ်အောင်မိုးကျော် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၇၂/၂) နှင့် (၁၇၂/၃) အကြား မုကျိုကျေးရွာ မုကျိုဘုန်းကြီးကျောင်းအနီးတွင် သထုံဘက်မှ မော်လမြိုင်ဘက်သို့ ယာဉ်မောင်း ဦးမြင့်ဦး(၆၀)နှစ် အမှတ်(၃)ဗဟိုရပ်ကွက် ဝမ်းတွင်းမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ်-MDY(8K/-----) TOYOTA TOWNACE အမျိုးအစား အဖြူရောင်ယာဉ်မှာ ဘီးပေါက်ရာမှ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ပြီး ယာဉ်နောက်တွင် လိုက်ပါစီးနင်းလာသည့် ဝမ်းတွင်းမြို့မှ ဘုရားဖူးခရီးသည် ၁၇ ဦးတို့မှာ ထိခိုက်ဒဏ်ရာများရရှိသဖြင့် ပေါင်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ဦးဌေးအောင်(၅၀)နှစ် ရေဆုံကျေးရွာ ဝမ်းတွင်းမြို့နယ်နေသူမှာ ရရှိဒဏ်ရာများဖြင့် လမ်းတွင်သေဆုံးခဲ့ကြောင်း၊ ကျန်ဒဏ်ရာရသူများအနက် နှစ်ဦးကို ပေါင်မြို့ ပြည်သူ့ဆေးရုံမှတစ်ဆင့် မော်လမြိုင်ဆေးရုံကြီးသို့ တင်ပို့ခဲ့ပြီး ကျန်သူများမှာ မစိုးရိမ်ရကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူ ဦးမြင့်ဦးအား ပေါင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**




- ဝေါဟာရအဟောင်းအသစ်များအပြင် အဘိဓာန်ကောင်းများ၌ တွေ့ရလေ့ရှိသော idiom, phrasal verb နှင့် collocation ခေါ် ယှဉ်တွဲတွေ့ရလေ့ရှိသည့် စကားလုံးတွဲများပါ စုံနိုင်သမျှစုံအောင် စုစည်းထားသည်။
- ပညာရပ်နယ်ပယ်စုံမှ သိသင့်သမျှ လက်ရွေးစင် ဝေါဟာရများနှင့် ယခုအခါ အသုံးများနေသည့်ဝေါဟာရများအပါအဝင် စကားလုံးပေါင်း ၃၆၀၀၀ ကျော်ကို ဖွင့်ဆိုထားသည်။

တန်ဖိုး - ၅၀၀၀ ကျပ်

ဖြန့်ချိရေး- မိတ်ကောင်းဆော့ဖ်ဝဲလ်စာပေ အမှတ် (၆၁) ၄၄-လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၉-၅၃၉၁၆ ၂၁၆၁၁

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အထက(၁)နေ ဝမ အဆင့် တန်း တခန်း(၉)မှ မဝင်းစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်းဖြစ်ပါသည်။
ဦးစိုးသိန်း
၈/ရနခ(နိုင်)၀၃၂၇၄၇

အသုံးမလိုတော့သော Aircon; များ ဈေးကောင်းပေးဝယ်သည်
09 456 941 452

ပျောက်ဆုံးကြောင်း
ဦးရဲသူ [၁၂/ပဘတ(နိုင်)၀၀၁၁၃၉]၏ (CDC-71261) SID ကတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
zkef- 09 783591663

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း
ကျွန်တော် မောင်တင်မောင်လွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/သလန(နိုင်)၀၃၃၄၁၇]နှင့် ကျွန်မ မညိုညိုလွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/သလန(နိုင်)၀၃၃၅၀၀] ကိုင်ဆောင်သူတို့သည် ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် တာမွေမြို့နယ်တရားရုံး အထူးအာဏာတရားသူကြီး ဒေါ်ခင်ဆွေဦးရှေ့မှောက်၌ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။
armifvifarmifvif
«12^ove(EH)033417»

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ဈေးအရှေ့လမ်းနေ ဒေါ်ဆင့်ဆင့်ဝင်းက ညောင်လေးပင်မြို့၊ မြို့မ (၃)ရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်(ရပ်-၉)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၃၇-က)၊ မြေကွက်အမှတ်(၁၀၉/၁၈၃)တွင်ရှိသော မြေချိန်ဧရိယာ(၀. ၀၄၀၈)ဧကခန့်ရှိသောမြေကို အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
rJU, ftaxax tkcyf&;OD;pD;Xme ajrmif av;yifrJU

# မသေချာခြင်းများကြားက ရေပန်းစားလာနိုင်သည့် Agro-Forestry

**မကွေး အောက်တိုဘာ ၁၇**

အနာဂတ်ကာလတွင် ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရဦးမည့် ရာသီဥတုပြောင်းလဲခြင်းများ၊ သီးနှံပျက်စီးဆုံးရှုံးခြင်းများကို ကာမိစေရန် ယာသီးနှံစိုက်ခင်းများတွင် သီးနှံပင်များနှင့် သစ်တောပင်များကို ရောနှောစိုက်ပျိုးခြင်းလုပ်ငန်းသည် အကျိုးစီးပွားဆိုင်ရာ နစ်နာမှုများကို ကုစားနိုင်မည်ဖြစ်သဖြင့် ရေပန်းစားလာနိုင်သော စိုက်ပျိုးနည်းတစ်နည်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာသီးနှံများသည် မသေချာသော၊ အချိန်အခါမဟုတ် ရွာချတတ်သော မိုးအခြေအနေတို့ကြောင့် မိုးအားထား၍ စိုက်ပျိုးရသည့် ယာစိုက်တောင်သူများအတွက် ရတက်မအေးရသော အခြေအနေတစ်ခုဖြစ်နေပြီး သီးနှံတစ်ကြိမ်စိုက်၍ မသေချာသောကြောင့် နှစ်ကြိမ်၊ သုံးကြိမ် စိုက်ပျိုးနေရမှုများ ရှိနေခြင်းက အကျိုးစီးပွားဆိုင်ရာ ပြဿနာတစ်ခုအဖြစ် ဦးတည်လာနေခဲ့သည်။

လတ်တလောအနေဖြင့် ၂၀၁၆ ခုနှစ်တွင် အယ်နီညိုရာသီဥတုကို ကြိုတင်ကာကွယ်လုပ်ဆောင်မှုများဖြင့် ခဲယဉ်းစွာ ဖြတ်ကျော်လာခဲ့ရပြီး လာနီညာရာသီဥတု သက်ရောက်မှုကြောင့် မိုးရွာသွန်းမှုများလာခြင်း၊ မြစ်ရေများ စိုးရိမ်ရေမှတ် ကျော်လွန်ခြင်း၊ ရေကြီးရေလျှံခြင်းများကို ကြုံတွေ့ခဲ့ရကာ လယ်ယာစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ညိုနှင့်ညာတို့၏ သက်ရောက်မှုကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သော မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့သည် တခြားသော ဒေသကြီးများထက် ပိုမိုတွေ့ကြုံခံစားခဲ့ရပြီး မကွေးတိုင်းတွင် ရေကြီးနစ်မြုပ်မှုများကြောင့် စပါး၊ နှမ်း၊ ပဲတီစိမ်း၊ မြေပဲ၊ နေကြာ၊ စုစုပေါင်းဧရိယာ ၂၂၅၈၁ ဧကကျော် ထိခိုက်ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

"ပြည်သူတွေရဲ့ဆုံးရှုံးမှုဟာ နိုင်ငံတော်ရဲ့ ဆုံးရှုံးမှုလို့လည်း အဓိပ္ပာယ်သက်ရောက်တာကြောင့် ဒီလိုဆုံးရှုံးမှုတွေဖြစ်နေသရွေ့ နိုင်ငံတိုးတက်ဖို့အတွက် အဟန့်အတားဖြစ်နေဦးမှာပါပဲ" ဟု မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

ယာကန်သင်းရိုးတစ်လျှောက်တွင် ဆီးရိုင်းပင်များကို အကွက်ချစိုက်ပျိုးခြင်း၊ ယာမြေအကွက်များတွင် စိန်တလုံးသရက်၊ လျှော်ဖြူ၊ သနပ်ခါးပင်များကို တစ်တန်းနှင့်တစ်တန်း ပေ ၃၀ အကွာစိုက်ပျိုးခြင်း၊ တန်းကြားများတွင် နှမ်း၊ ပဲတီစိမ်း၊ မြေပဲစသည့် ယာသီးနှံများကို သီးညှပ်စိုက်ပျိုးခြင်းများ လုပ်ဆောင်ပါက ရာသီဥတုကြောင့်၊ ပိုးမွှားရောဂါများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့လျှင် သစ်တောသစ်ပင်များမှ ထွက်ကုန်များကို ရောင်းချခြင်းဖြင့် မိသားစုအတွက်သေချာသော တစ်နိုင်တစ်ပိုင် ဝင်ငွေတစ်ရပ်ကို ရရှိနိုင်မည်ဟု ၎င်းက သုံးသပ်ပြောကြားခဲ့သည်။



မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းရှိ ပဲတီစိမ်းနှင့် သနပ်ခါးသီးနှံသစ်တောရောနှောစိုက်ခင်းအားတွေ့ရစဉ်။

လူဦးရေတိုးပွားမှု၊ လူနေသိပ်သည်းမှုများအတွက် နေရာထိုင်ခင်းများပြုလုပ်ရန်၊ အာဟာရ လိုအပ်ချက်မြင့်မားလာမှုအတွက် စိုက်ဧကများတိုးချဲ့ရန် ခေတ်ကတောင်းဆိုလာပြီး သစ်တောသစ်ပင်များစွာ ပြုန်းတီးခြင်းများလည်း ဖြစ်ပေါ်လာလျက်ရှိသည်။ ကမ္ဘာပေါ်တွင် စက်မှုကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားနေခြင်းကလည်း ရာသီဥတုပြောင်းလဲလာခြင်းနှင့် တိုက်ရိုက်ဆက်နွှယ်နေသော အကြောင်းရင်းတစ်ရပ်ဖြစ်ရာ အကျိုးဆက်အဖြစ် တစ်နှစ်ထက်တစ်နှစ် ပိုမိုသိသာ လာသော ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းများကို တွေ့မြင်နေရသည်။

"သစ်တောဖြစ်လွယ်မယ်၊ ဒီသစ်တောကလည်းတောင်သူကို တိုက်ရိုက်အကျိုးပြုရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရောနှော စိုက်ခင်းတွေတည်ထောင်ဖို့ စည်းရုံးပညာပေးတာတွေ ၂၀၁၅ ခုနှစ်ကတည်းက လုပ်ခဲ့ပါတယ်။ ဌာနအနေနဲ့ စိတ်ဝင်စားတဲ့ လယ်ယာအကွက်အကွင်းပေးတဲ့ စွန့်ဦးတီထွင်လိုသူ အကျိုးဆောင်တောင်သူတွေနဲ့ပေါင်းပြီး Demonstration လုပ်ပြတာတွေ၊ နည်းပညာပေးတာတွေကိုလည်း လုပ်ဆောင်ပေးနေပါတယ်" ဟု စိုက်ပျိုးရေးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မိုးရာသီသစ်ပင်စိုက်ကာလ ဇူလိုင်လအမီ စိန်တစ်လုံးသရက်ပျိုးပင် ၆၀၀၀ အား တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်သို့ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး သရက်မျိုးပြောင်းလဲ စိုက်ပျိုးလိုသူများအတွက် ကိုင်းဆက်စိုက်ပျိုးနည်းစနစ်ကို စိုက်ခင်းအရောက် သရုပ်ပြသင်ကြားပေးခြင်းများလည်း လုပ်ဆောင်ခဲ့ကြောင်း ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

သီးနှံများစိုက်ပျိုးရာတွင် ကန်သင်းရိုးများနှင့် လယ်ယာအကွက်များအတွင်း အပင်ခြား၊ တန်းခြား၍ စိန်တစ်လုံးသရက်ပင်များ စိုက်ပျိုးခြင်းဖြင့် လယ်ယာသီးနှံ၊ သစ်တောသီးနှံတို့မှ ဝင်ငွေနှစ်မျိုးရရှိနိုင်ပြီး Agro-Forestry စနစ်ကျင့်သုံးအောင်မြင်ပါက အရိပ်ရ၊ လေကာ၊ လူမပူ၊ နွားမပန်း၊ ဝင်ငွေလမ်းဖြောင့်သော အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိုးလေဝသ၊ ရာသီ ဥတုနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပေးရာရောက်ကြောင်း၊ စိန်တလုံး သရက်အပြင် မကွေးရာသီဥတုနှင့် ကိုက်ညီသည့် ဆီးပင်၊ လျှော်ဖြူပင်များကိုလည်း အလေးထားစိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး၌ သဘာဝဘေးအန္တရာယ်ကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကဏ္ဍများတွင် ထိခိုက် ဆုံးရှုံးမှုများ တွေ့ကြုံခံစားခဲ့ရပြီး နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ကူညီပံ့ပိုးမှုများကို လုပ်ဆောင်ပေးခဲ့ရသည်။ လိုအပ်သော သီးနှံမျိုးစေ့များ၊ သွင်းအားစုများ ထောက်ပံ့ပေးခဲ့ရခြင်း၊ စပါးစိုက်ပျိုးရန် အချိန်မမီသော ဒေသများတွင် စိုက်ဧကပေါင်း ၁၄၂၉၉ ဧကကျော်၌ အခြားသီးနှံများ အစားထိုးစိုက်ပျိုးခဲ့ရခြင်းများက နိုင်ငံတော်နှင့် တောင်သူအကျိုးစီးပွားအတွက် Agro-Forestry စနစ်လိုအပ်နေပြီဖြစ်ကြောင်း ညွှန်ပြနေပြီဟု ဆိုနိုင်သည်။

သီးနှံသစ်တောများ ရောနှောစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာတိုက်စားမှုကိုကာကွယ်ပေးနိုင်ခြင်း၊ ရွက်ခြောက်များမှ သဘာဝ မြေဩဇာများ ထည့်သွင်းပေးနိုင်ခြင်း၊ ရာသီဥတုသင့်တင့်မျှတစေခြင်းစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

မိုးလေဝသမမှန်ခြင်း၊ သဘာဝဘေးဒဏ်ရင်ဆိုင်ရခြင်း၊ အဖျက်ပိုးနှင့် ဆေးကြွင်းအာနိသင် အန္တရာယ်တွေ့ကြုံရခြင်းများက အထွက်နှုန်းနည်းခြင်း၊ သီးနှံပျက်စီးခြင်းစသည့် တောင်သူအကျိုးစီးပွားဆိုင်ရာ နစ်နာမှုများကို ဖြစ်ပေါ်စေပြီး ယင်းဖြစ်စဉ်များ လျှော့ချနိုင်ရေးအတွက် နည်းလမ်းတစ်ရပ် လိုအပ်နေပြီဖြစ်ကြောင်း ခေတ်ကတောင်းဆိုနေပြီဖြစ်သည်။

မသေချာခြင်းများစွာကြားမှ သေချာသော အကျိုးစီးပွားတစ်ရပ်ဟု တောင်သူများ စတင်လက်ခံ ကျင့်သုံးလာနေပြီဖြစ်သည့်အတွက် မကြာသောကာလအတွင်း Agro-Forestry သစ်တော၊ သီးနှံရောနှောစိုက်ပျိုးနည်းစနစ်မှာ ရေပန်းစား၊ လူကြိုက်များလာမည်ဖြစ်သည်။

**ဇေယျာတု(မကွေး)**

---

# ပဋိပက္ခ ဖြေရှင်းနည်းလမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပုလဲ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းတွင် ပဋိပက္ခဖြေရှင်းနည်းလမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ပုလဲရတနာခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ပြုလုပ်ရခြင်းမှာ ပဋိပက္ခဖြေရှင်းနည်းလမ်းများဆိုင်ရာ သဘောသဘာဝများကို ပိုမိုသိရှိလာခြင်းဖြင့် မိမိလူမှုအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှုတို့ကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့ ရပ်ရွာအတွင်း ဖြစ်ပေါ်လာမည့် ပဋိပက္ခများ ဖြေရှင်းရာတွင် အဓိကအရေးပါဆုံးသော ပုဂ္ဂိုလ်များဖြစ်သည့်အားလျော်စွာ ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ သဘောတရားများကို နားလည်စေရန်၊ ပဋိပက္ခဖြေရှင်းရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ကို သိရှိစေရန်နှင့် သတိပြုဆောင်ရွက်ရမည့် အချက်အလက်များကို နားလည်သဘောပေါက်စေရန်အတွက် စားပွဲဝိုင်း ဆွေးနွေးခြင်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ အကျဉ်းချုပ်တင်ပြခြင်းနှင့် သဏ္ဍာန်တူအုပ်စုဖွဲ့ဆွေးနွေးခြင်းများကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းက ပြောသည်။

ယင်းနောက် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက အုပ်စုလေးစုခွဲ၍ နမူနာပဋိပက္ခပုံစံများကို လက်တွေ့ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သတ်၍ လုပ်ငန်းလိုအပ်ချက်များအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးပေးခဲ့သည်။

အဆိုပါ စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ပုလဲမြို့နယ်အတွင်းရှိရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၉ အုပ်စုမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

---

# ဟိုမိန်းမြို့၌ ရေစုကန်တည်ဆောက်ခြင်းနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်



**ဟိုမိန်း အောက်တိုဘာ ၁၇**

ရှမ်းပြည်(တောင်ပိုင်း) လင်းခေးခရိုင် ဟိုမိန်းမြို့၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် လင်းခေးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနက် ဟိုမိန်းမြို့ အမှတ် (၃) ရပ်ကွက်အတွင်းရှိ ပန်သပြေကျေးရွာနှင့် မိန်းမိုင်ရပ်ကွက်တွင် ရေစုကန်တည်ဆောက်ခြင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများမှ ပန်သပြေကျေးရွာရှိ ရေဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ပြီးစီးမှု၊ ပေ(၁၂၀၀) ရေပိုက်များသွယ်တန်း ပြီးစီးနေမှုအခြေအနေများနှင့် မိန်းမိုင်ရပ်ကွက်တွင် ဆက်လက် တည်ဆောက်မည့် ရေစုကန်အတွက် ပစ္စည်းများစုဆောင်းထားရှိမှု၊ ရေပိုက်များရောက်ရှိနေမှုတို့ကို အောက်တိုဘာ ၁၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပန်သပြေကျေးရွာတွင် ရေစုကန်မှ ရေများကို ကျေးရွာအတွင်း ပိုက်များဖြင့် စနစ်တကျသွယ်တန်းထားရှိပြီး ရေများကို အဆင်ပြေလွယ်ကူစွာ ရယူအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

ကြေးမုံ





# ဟင်္သပဒါးနှင့်ရွှေ

ဆူးငှက်

'ဟင်္သပဒါး' ဆိုတာ ဟင်္သာ၏ ခြေအဆင်းကဲ့သို့နီသော အရောင်ခြယ်ဆေးမှုန့်တစ်မျိုးလို့ မြန်မာအဘိဓာန်က ဆိုပါတယ်။ ဟင်းရိုင်းမှ ထုတ်လုပ်ရရှိသည့် ပြဒါးနှင့် ကန့်ဒြပ်ပေါင်းဖြစ်သည်လို့လည်း အဓိပ္ပာယ်ဖွင့်ဆိုတယ်။ ဟင်္သပဒါးဟာ မြန်မာမှုမှာ မပါမဖြစ် ပစ္စည်းပါပဲ။ ယွန်းထည်တွေကအစ၊ မှန်စီရွှေချ နိဗ္ဗာန်ကုန်များ အလယ်၊ နန်းတော်၊ အိမ်တော်၊ ဘုန်းကြီး ကျောင်း၊ ဘုရားဆောင်ကြီးများအထိ၊ ဟင်္သပဒါးကို သုံးကြရပါတယ်။

မြန်မာလူမျိုးတွေက 'ရွှေ' ကို တန်ဖိုးထားကြတယ်။ အဖိုးတန်မှုကို ညွှန်းဆိုရင်မှပင် 'ရွှေ'နဲ့ ထပ်ပြီး ဂုဏ်တင်ကြတယ်။ မန္တလေးကို 'ရွှေမန်း' တဲ့။ ရန်ကုန်ကို 'ရွှေရင်' တဲ့။ မော်လမြိုင်ကို 'ရွှေမြိုင်' တဲ့ စသည်ဖြင့်ပေါ့။ မြန်မာမှုမှာ ရွှေနှင့်ဟင်္သပဒါးက လိုက်ဖက်ပါတယ်။ ဂုဏ်ဒြပ်အမြင့်ဆုံး တော်ဝင်တွဲဖက်အရောင်အဖြစ် မှတ်ယူကြပါတယ်။ ပန်းဆယ်မျိုးအနုပညာများမှာ ဂုဏ်ဒြပ်အားဖြင့် အမွှမ်းတင်ချင်ရင် ဟင်္သပဒါးနှင့်ရွှေကို တွဲဖက်ကြတယ်။ ရွှေဇဝါယွန်းပန်းချီများမှာ အထင်အရှားပါပဲ။

ဂုဏ်ဒြပ်မြင့်မားမှု၊ ထည်ဝါမှု၊ တည်ငြိမ်ခံ့ညားမှုများအဖြစ် ဟင်္သပဒါးခံမှာ ရွှေပိန်းချမှုဟာ အစဉ်အလာယဉ်ကျေးမှု တစ်ရပ်ဖြစ်တယ်။ မန္တလေးရတနာပုံနေပြည်တော်ကို ပတ္တဋ္ဌာနနှင့် တည်ထောင်တော်မူရာမှာ ရွှေမြို့တော်အဖြစ် နန်းဆောင်ပေါင်း ၄၈ ဆောင် တည်ဆောက်ကြတော့ အလေးအမြတ်ပြုအပ်ဆုံး နန်းဆောင်ကို ရွှေပိန်းချတယ်။ ဥပမာ မြေနန်းတော် လက်ဝဲလက်ယာ၊ ရှေ့စမုတ်ဆောင်၊ ခနဆောင်၊ ရွှေနန်းတော်ဆောင် (ယခု ရွှေနန်းတော်ကျောင်း) စတာတွေပေါ့။ ပြီးတော့ ဒုတိယအဆင့် နန်းဆောင်တွေကို ဟင်္သပဒါးအနီခံမှာ ရွှေရောင်ရေးခြယ်တယ်။ ဥပမာ - ဂဇာသနပလ္လင်တော်ထားရှိတဲ့ ဗြဲတိုက်ဆောင်၊ သံသာသနပလ္လင်တော်ထားရှိတဲ့ ဇေတဝန်ဆောင်၊ သဓ္ဓါသန ပလ္လင်ထားရှိတဲ့ လေသာဆောင်လိုမျိုးပေါ့။ တတိယအဆင့်အနေနှင့် ဟင်္သပဒါးအနီ ပိန်းခြယ်သတဲ့ အဆောင်တွေရှိတယ်။ ဥပမာ -မြောက်ဆောင်တော် မိဖုရားဆောင်၊ သမီးတော်များအဆောင်၊ မိဖုရားလတ်ဆောင်တွေပေါ့။

ရှင်ဘုရင်နှင့်မိဖုရားများ ကုသိုလ်တော်ဘုန်းကြီးကျောင်းတိုက်ကြီးတွေကိုလည်း ရွှေပိန်းချလှူဒါန်းတယ်။ အထူးသဖြင့် ဘုန်းကြီးကျောင်းများရဲ့ ဘုရားဆောင်ပြာသာဒ်ဆောင်အတွင်းပိုင်း၊ ခနဆောင်အတွင်းပိုင်းတွေမှာ ရွှေပိန်းချတွေချည်းဖြစ်တယ်။ ဒါ့အပြင် ဘုရားစေတီဆင်းတုတော်များက ဂန္ဓကုဋိတိုက်တော်၊ ကျောင်းဆောင်ဘုရားဆောင်များမှာလည်း ရွှေပိန်းချ၊ ရွှေဇဝါပန်းချီကနုတ်ဇာတ်တော်များနှင့် ရေးခြယ်ပူဇော်ကြပါတယ်။ ဒါကြောင့် အထွတ်အမြတ်ထားတဲ့ နေရာတိုင်း 'ရွှေ' ကို ဖောဖောသီသီ သုံးစွဲကြတာပါပဲ။ ရွှေကိုသုံးစွဲတဲ့နေရာတိုင်း မပါမဖြစ်က 'ဟင်္သပဒါး' ဖြစ်တယ်။

> ကြွေပြားအညိုတွေနေရာမှာ အတိုအထွာ ကျောက်စိမ်းပြားတွေ အစားထိုးကပ်နေ ပြန်ပြီတဲ့။ နှစ်ပေါင်း ၂၅၀၀ ကျော် သက်တမ်းရှိ ရုပ်ရှင်တော်မြတ်ကြီး၊ နှစ်ပေါင်း ၂၀၀ ကျော် သက်တမ်းရှိ လက်ရှိ မြေနေရာတွင် တည်ထားစံပယ်တော်မူခြင်းနှင့်၊ နှစ်ပေါင်း ၁၁၆ နှစ် သက်တမ်းရှိ . . .

ဟင်္သပဒါးရဲ့ ထူးခြားတဲ့ နီညိုရောင်နှင့် ရွှေရဲ့ဝါဝင်းတဲ့ အဆင်းတွေဟာ ယှဉ်မရ၊ တုမရတဲ့ တွဲဖက်မှုတွေပါ။ ရွှေပိန်းချအဆောင်ကြီးများ၊ တိုင်လုံးကြီးများ အောက်ခြေမှာ ဟင်္သပဒါး နီညိုခံရတယ်။ နန်းတော် ဒါမှမဟုတ် သာသနိကအဆောက်အအုံကြီးများရဲ့ တိုင်များမှာ မြန်မာမှုဗိသုကာအရ အထက်ကနေအောက်ကို (၁) တိုင်ကလပ် (၂) တိုင်သား (၃) ခါးစီး (၄) တိုင်ခြေ (၅) တိုင်ခွာဆိုပြီး အပိုင်း၅ပိုင်းရှိရာမှာ အပေါ်က တိုင်ကလပ်၊ တိုင်သားနဲ့ ခါးစီးကို ရွှေပိန်းချ သို့မဟုတ် ရွှေရောင်ခြယ်သကြပြီး အောက်ခြေက တိုင်ခြေနဲ့ တိုင်ခွာကို နီညိုရောင် ဟင်္သပဒါးရောင် ခြယ်သရပါတယ်။ ရှေးမြန်မာမှုအရ ကွမ်းစားတဲ့ ဓလေ့ရှိတာကြောင့် ကွမ်းသွေးအတွက် တိုင်များမှာ အရုပ်မဆိုးစေရအောင်လည်း ကြံဆခဲ့ကြတာပါ။ ဒါကြောင့် ရွှေရောင်နဲ့ နီညို(ဝါ) ဟင်္သပဒါးရောင်ဟာ 'မြန်မာမှု' ရဲ့ အဓိကကျတဲ့ တွဲဖက်မှုဖြစ်တယ်။ ဘုရားဂန္ဓကုဋိတိုက်တော်တွေ၊ ဘုန်းကြီး ကျောင်းကြီးများရဲ့ အဆောင်တွေက ကျွန်းတိုင်လုံးကြီးတွေမှာ အောက်ခြေ အနည်းဆုံး နှစ်တောင် (၃ပေခန့်) ကို ဟင်္သပဒါး နီညိုရောင်အိနေအောင်ခံပြီးမှ အပေါ်က ရွှေပိန်းချဖြစ်စေ၊ရွှေဇဝါပန်းချီဖြစ်စေ ခြယ်မှုန်းကြပါတယ်။ ဒါဟာ မြန်မာမှုစစ်စစ်ပါပဲ။

မန္တလေးမြို့သာမက မြန်မာတစ်မျိုးသားလုံးရဲ့ အထွတ်အမြတ်တန်ဖိုးအထားဆုံးတွေမှာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးလည်း ပါဝင်ပါတယ်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဟာ သမိုင်းအရလည်း အလွန်တန်ဖိုးကြီးမားပါတယ်။ ခရစ်မပေါ်မီ ဘီစီ ၅၄ ခု မတိုင်မီနှစ်များကတည်းက သွန်းလုပ်ခဲ့ပြီး ဓညဝတီမင်းအဆက်ဆက် ကိုးကွယ်ခဲ့တယ်လို့ ယုံကြည်ကြပါတယ်။ အမရပူရနေပြည်တော်မှာ ဘိုးတော်မင်းတရား စိုးစံစဉ် မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်မှာ သားတော် အိမ်ရှေ့ဥပရာဇာ ရွှေတောင်မင်းသားက ဓညဝတီ ရခိုင်ပြည်က တစ်ဆင့် အမရပူရနေပြည်တော်ကို ပင့်ဆောင်ခဲ့တာပါ။ ပင့်ဆောင်တဲ့ နှစ်က တွက်ရင်ကိုပဲ အခုဆိုရင် နှစ်ပေါင်း ၂၃၀ တင်းတင်းပြည့်ပါပြီ။

မဟာမုနိ ရုပ်ရှင်တော်မြတ်ကို ဧရာဝတီမြစ်ကြောင်းရေလမ်းက ပင့်လာပြီး အမရပူရ နေပြည်တော်ရဲ့ မြောက်ပြင် အရပ်၊ မြေပြင်သွင်ပြင် ပြန့်ပြူးသော ယခုလက်ရှိနေရာမှာ တည်ထားကိုးကွယ်ခဲ့ပါတယ်။ အဲဒီခေတ်ကာလ အမရပူရရဲ့ မြောက်ပြင်အရပ်ဟာ ယခု မန္တလေး ရွှေတုံးတားအထိ ပါရှိခဲ့တယ်။ (အမရပူရရဲ့ ရွှေကြိုးသတ်နယ်မြေက အရှေ့အောင်ပင်လယ်၊ အရှေ့တောင် ရွှေစာရံ၊ တောင်ပလိပ်ရွာ၊ အနောက်တောင်တဘက်ဆွဲ၊ အနောက်မြောက်စစ်ကိုင်းနယ်၊ မြောက်-တောင် ကျုံးကြီးနှင့် အရှေ့မြောက် ဘုတ်သက်ကယ်ကျင်းအထိ ကျယ်ဝန်းတယ်)။ အမရပူရ မြောက်ပြင် ရှမ်းစုရပ်မှာ မဟာမုနိရုပ်ရှင် တော်မြတ်ကြီး သီတင်းသုံးဖို့ နေရာကို အတွင်းဝန် နန္ဒကျော်ထင်ရဲ့ လျှောက်ထားချက်အရ မောင်းထောင်ဆရာတော်က ရွေးချယ်ပေးခဲ့တာပါ။

ဘိုးတော်ဘုရားလက်ထက်မှာ စတင်တည်ထားကိုးကွယ်ခဲ့တဲ့ ဂန္ဓကုဋိတိုက်တော်က မသမာသူများနှင့် သဘာဝဘေး အကာအကွယ်အတွက် ရုပ်ရှင်တော်မြတ်ကြီးငုံမိရုံ ထုထဲသောနံရံနှင့် အုတ်ပြာသာဒ်ငယ်ဖြစ်ပြီး အပေါ်က ကျွန်းပြာသာဒ်ကြီး တည်ထားတယ်လို့ ဆိုပါတယ်။ ရုပ်ရှင်တော်မြတ်ကြီး လက်ရှိနေရာကို ရောက်ရှိပြီး နှစ် ၁၀၀ တင်းတင်းပြည့်တဲ့အချိန် သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၅ ခု တန်ခူးလဆန်း ၁၃ ရက်နေ့မှာ မီးကြီးလောင်လို့ စောင်းတန်း လေးသွယ်နှင့် ပြာသာဒ်တော်ကြီးပါ မီးခလို့ ရုပ်ရှင်တော်မြတ်ကြီးက မီးကျတဲ့ ရွှေချိန်ဟာ (၅၄၅၀) ပိဿာကျော် ရှိသတဲ့။ ဒါကြောင့် သီပေါမင်းက မီးကျရွှေများ ပြန်လည်ကပ်လှူ မျက်နှာတော်ဖွင့်ပြီး ရွှေမကိုဋ်၊ ဒုယင်တော်ကို တင်လှူပူဇော်ကာ အာရုံခံနှင့် ပြာသာဒ်များ ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့တယ်။

ပါတော်မူပြီးနောက် သက္ကရာဇ် ၁၂၆၀ ခုနှစ်မှာတော့ ယခုမြင်တွေ့နေရတဲ့ ဂန္ဓကုဋိတိုက်တော်နှင့် အုတ်ပြာသာဒ်ကြီးကို အနာထပိဏ်မည်သော ဂဟပတိသူမြတ်ကလှူဒါန်းခဲ့ခြင်းပါ။ အုတ်ပြာသာဒ်တော်ကြီး သက်တမ်းကိုက အခုဆိုရင် ၁၁၆ နှစ်ရှိပါပြီ၊ အုတ်ပြာသာဒ်တော်ကြီးရဲ့ အတွင်းပိုင်း အလုံးစုံကို ရွှေပိန်းချခြင်း၊ ရွှေဇဝါပန်းချီရေးခြယ်ခြင်း၊ မြန်မာလက်မှုဖန်ကျီပွတ်လုံးများ ဆင်ယင်ခြင်းနှင့် ထည်ဝါခမ်းနားစွာလှူဒါန်းခဲ့ပါတယ်။ ဒီလို ရွှေပိန်းချ၊ ရွှေဇဝါ ရေးခြယ်တဲ့ နံရံများ၊ တိုင်လုံးများ အောက်ခြေမှာ မြန်မာ့ယဉ်ကျေးမှု၊ ရှေးရိုးအစဉ်အလာအတိုင်း ဟင်္သပဒါး နီညိုရောင်များ သပ်ရပ်စွာ ရေးခြယ်ထားခဲ့ပါတယ်။ ဒါဟာ ရှေးသမားစဉ်အဆက်ဆက် ဆောင်ရွက်ခဲ့တဲ့ နည်းနာများအတိုင်း အမွေခံခဲ့ခြင်းပါပဲ။

ဒီအစဉ်အလာကောင်းကို လွန်ခဲ့တဲ့ ဆယ်စုနှစ်များအတွင်းကစပြီး မူလဟင်္သပဒါးနီညိုရောင်များ နေရာမှာ၊ အိမ်သာ ရေချိုးခန်း၊ ကြမ်းပြင်အခင်းသုံး၊ ကြွေပြားနီညိုများနှင့် လဲလှယ်လိုက်ပြန်ပါတယ်။ ဒါဟာ ယဉ်ကျေးမှု၊ ဂါရဝတရားနှင့် မြင့်မြတ်ခြင်းဂုဏ်ပုဒ်တွေကို ဖျက်ဆီးလိုက်တာပါပဲ။

ဟော 'အခု' အဲဒီ ကြွေပြားအညိုတွေနေရာမှာ အတိုအထွာ ကျောက်စိမ်းပြားတွေ အစားထိုးကပ်နေပြန်ပြီတဲ့။ နှစ်ပေါင်း ၂၅၀၀ ကျော် သက်တမ်းရှိ ရုပ်ရှင်တော်မြတ်ကြီး၊ နှစ်ပေါင်း ၂၀၀ ကျော် သက်တမ်းရှိ လက်ရှိမြေနေရာတွင် တည်ထားစံပယ်တော်မူခြင်းနှင့်၊ နှစ်ပေါင်း ၁၁၆ နှစ်သက်တမ်းရှိ ဂန္ဓကုဋိတိုက်တော်ကြီးရဲ့ တန်ဖိုးတွေကို တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်စည်းရဲ့ ဆုံးဖြတ်ချက်နဲ့ ဖျက်ဆီးပစ်လိုက်ပြန်တာပဲ မဟုတ်ပါလား။

'ဟင်္သပဒါးနှင့်ရွှေ' မြန်မာမှုအစဉ်အလာကို ရိုက်ချိုးပစ်လိုက်ကြတာပဲ မဟုတ်ပါလား။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဟာ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်အားလုံးရဲ့ အထွတ်အမြတ်နေရာသာမက ဂန္ဓကုဋိတိုက်တော်ကြီးနှင့် ကျောင်းတော်ကြီးဝန်းကျင် သာသနိကအဆောက်အအုံများအားလုံးဟာ ဘာသာရေးအရရော၊ ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းလက်ရာ၊ ဂုဏ်ယူစံပြဖြစ်ဖွယ် မြန်မာမှုလက်ရာ အနေနှင့်ရော ဂရုတစိုက် အလေးထားကြရမှာပါ။ အခုတော့. . . ။

# ထားဝယ်ရိုးရာ သပိတ်မျှောပွဲ ဖွင့်ပွဲကျင်းပ



**ထားဝယ် အောက်တိုဘာ ၁၇**

နှစ်စဉ်ကျင်းပလျက်ရှိသော ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့တွင် ထားဝယ်ရိုးရာ သပိတ်မျှောပွဲဖွင့်ပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၄ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေါင်းငူရပ်ကွက် ဆိပ်ကမ်းသာလမ်း ထားဝယ်မြစ်ကမ်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ရပ်မိရပ်ဖဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ထားဝယ်ရိုးရာ သပိတ်မျှောပွဲကို ကိုယ်တိုင်ပါဝင်ကုသိုလ်ပြုခဲ့ပြီး ဒေသခံပြည်သူများက ထားဝယ်ရိုးရာမုန့်ဦးမှစ၍ အကွေ့ ၁၂ ရှိသော ဝက်ပါကို ပျော်ရွှင်စွာဖြတ်ကျော်ကာ ကုသိုလ်ယူခဲ့သည်။

ယင်းသပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး စေတနာရှင် အလှူရှင်များက သပိတ်မျှောပွဲလာရောက်ကြည့်ရှုသူများကို စတုဒိသာများ ကျွေးမွေးဧည့်ခံခြင်း၊ သပိတ်မျှောပွဲတွင် မီးပုံးပျံများလွှတ်တင်ခြင်း၊ ထားဝယ်ရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ အိုးစည်ဒိုးပတ်အကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ လာရောက်ကြည့်ရှု အားပေးခဲ့သည်။

ထားဝယ်ရိုးရာသပိတ်မျှောပွဲကို နံနက် ၁ နာရီ မှစ၍ နံနက် ၅ နာရီအထိ ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် သပိတ်မျှောကုသိုလ်ပြုလေ့ရှိကြောင်း သိရသည်။

**တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်မော်–ကောလင်း–ဝင်းကြီးလမ်းပေါ်ရှိ ကောလင်းမြို့အဝင် ကြိုတောတံတားကို ခွင့်ပြုငွေကျပ် ၃၀၈ သန်းဖြင့် တည်ဆောက်မည်



**ကောလင်း အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် တောင်မော်-ကောလင်းဝင်းကြီးလမ်းပေါ်ရှိ ကောလင်းမြို့အဝင် ကြိုတောတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ (၄) က တည်ဆောက်မည်ဖြစ်ပြီး တံတားတည်ဆောက်စဉ် အများပြည်သူဆက်သွယ်သွားလာရေး မပြတ်တောက်စေရန်၊ မူလတံတားဟောင်းဖျက်သိမ်းပြီး တံတားသစ်ဆောင်ရွက်မည်ဖြစ်သဖြင့် ယာယီဘေလီတံတားတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြိုတောတံတားကြီးမှာ (R.P.T) တံတားအမျိုးအစားဖြစ်ပြီး အရှည် ၁၀၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေရှိပြီး တံတားကြီးကို ၁၈၉၁ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ယခုအချိန်တွင် သက်တမ်းအားဖြင့် ၁၂၅ နှစ်ကြာမြင့်ခဲ့ပြီး တံတားသံပေါင်ရက်မများ ဆွေးမြည့်ပျက်စီးနေသဖြင့် တံတား၏ ခိုင်ခန့်မှုအားနည်းလာပြီဖြစ်၍ အသစ်ပြန်လည်တည်ဆောက်ခြင်းဖြစ်သည်ဟု သိရသည်။

ယင်းတံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သန်း ၃၀၈ ဒသမ ၀၀၀ ဖြင့် တည်ဆောက်မည်ဖြစ်၍ တံတားတည်ဆောက်ရေးအဖွဲ့သည် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၎င်းတံတားသည် အရှည်ပေ ၁၂၀၊ ကားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေစီ၊ ရေလမ်းကင်းလွတ်ပေအမြင့် ၄ ပေ၊ အကျယ်ပေ ၆၀၊ သံကူကွန်ကရစ်၊ သံပေါင်ရက်မ အမျိုးအစားဖြစ်သည်။

ယင်းတံတားသည် ရွှေဘို-မြစ်ကြီးနားလမ်းနှင့် ဝန်းသို-ပင်လည်ဘူးမြို့နယ်တို့ကို ဆက်သွယ်ပေါင်းကူးပေးသည့်တံတားဖြစ်ပြီး ဒေသခံများ၏ လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေပြီး ဒေသတွင်းထွက်ကုန်များ ပို့ဆောင်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**စိုင်းလှမင်း(မီဒီယာ)**

# (၂၂) ကြိမ်မြောက် ဆီမီးရှစ်သောင်းလေးထောင် ထွန်းညှိပူဇော်

**ဟင်္သာတ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ (၂၂) ကြိမ်မြောက် ဆီးမီးရှစ်သောင်းလေးထောင် ထွန်းညှိပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် ည ၇ နာရီက နတ်မော်ကျေးရွာ တိလောဥသျှောင်ရှင်သာလျောင်းဘုရားကြီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီတက်ရောက်ခဲ့ပြီး (၂၂)ကြိမ်မြောက် ဆီမီး ၈၄၀၀၀ ထွန်းညှိပူဇော်ပွဲကို ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် တိုင်းအစိုးရအဖွဲ့ဝင်များ၊ ဟင်္သာတမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက ဟင်္သာတမြို့နယ် နတ်မော်ကျေးရွာ ဒေသခံပြည်သူများ၊ ရပ်နီးရပ်ဝေးမှ တက်ရောက်လာသည့် ဘုရားဖူးပြည်သူများနှင့်အတူ ဆီမီးများထွန်းညှိပူဇော်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (ခရိုင်ပြန်/ဆက်)**

# Trocaire Myanmar ၏ ပံ့ပိုးမှုဖြင့်ဖန်တီးအိမ်လူမှုရေးအဖွဲ့က စကားဝိုင်းဆွေးနွေးပွဲပြုလုပ်

**အိမ်မဲ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ Trocaire Myanmar ၏ ပံ့ပိုးမှုဖြင့် ဖန်တီးအိမ်လူမှုရေးအဖွဲ့ကစကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဖန်တီးအိမ်လူမှုရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းပိုက်မျိုးက ဖန်တီးအိမ်လူမှုရေးအဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ နိုင်ငံတော်အဆင့်တွင် ကျား၊ မရေးရာ တန်းတူညီမျှမှုကို အလေးထားသည့် ကောင်းမွန်သောအုပ်ချုပ်ရေးကို တိုးတက်လာစေရန်၊ လက်ရှိဒေသဆိုင်ရာသတင်းအချက်အလက်များဖလှယ်ရေး၊ ဒေသအတွင်းအဖွဲ့အစည်းအသီးသီးကြားချိတ်ဆက်လုပ်ဆောင်မှု အားကောင်းလာစေရန် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ထိုးထားသော အမျိုးသမီးများအား နည်းမျိုးစုံခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (စီဖော) မိတ်ဆက်ခြင်းနှင့် အလုပ်သမားအခွင့်အရေးကြေညာစာတမ်းများအကြောင်း ဆွေးနွေးဖလှယ်ရန်ရည်ရွယ်၍ စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်ဒေါ်မာမာဦးက အလုပ်သမားအခွင့်အရေးနှင့် အမျိုးသမီးအလုပ်သမားအခွင့်အရေးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက စိတ်ဝင်စားစွာတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်္ဂပူမြို့တွင် ဝါတွင်းကာလ ဆွမ်းသိမ်းအောင်ပွဲ၊ စာရေးတံမဲလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**အင်္ဂပူ အောက်တိုဘာ ၁၇**

အင်္ဂပူမြို့ သာသနာ့ဗိမာန်တော်ကြီးတွင် အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်ဌာနေ) နှင့် မြို့မဆွမ်းလောင်းအသင်းတို့မှ ကြီးမှူးပြုလုပ်သော ဝါတွင်းကာလသံဃာ့ဒါနဆွမ်းသိမ်းအောင်ပွဲ၊ စာရေးတံမဲ လောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို အောက်တိုဘာ ၁၅ ရက် ညနေ ၅ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်စံကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အရှင်စက္ကိန္ဒ (အဂ္ဂမဟာအကျော်)က အနုမောဒနာတရားဟောကြားခဲ့ပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်ဌာနေ) ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့သည်။

နိဗ္ဗာန်ဈေးပွဲတော်ကို သာသနာ့ဗိမ္မာန်တော်ရှေ့ မြက်ခင်းပြင်တွင် ပြုလုပ်ခဲ့ပြီး ဒေသခံပြည်သူများမှ ပျော်ရွှင်စွာလာရောက်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်ဌာနေ) မှ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ပြည်သူများအသုံးပြုမှုများသည့် ကြံခင်း–ဆိပ်သာလမ်းတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**ကြံခင်း အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကြံခင်း-ဆိပ်သာလမ်းသည် ကျေးရွာအုပ်စု ၅ အုပ်စုမှ ဒေသခံပြည်သူများ နေ့ညမပြတ် ဖြတ်သန်းသွားလာအသုံးပြုမှုအများဆုံးနှင့် နေ့စဉ် ကြံခင်းမြို့သို့ပြေးဆွဲနေသည့် ခရီးသည်တင်မော်တော်ယာဉ်များ၊ ပုဂ္ဂလိကမော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ နေ့စဉ်ဈေးရောင်းဈေးဝယ်သွားလာသောဆိုင်ကယ်များ အဝင်အထွက်များသည့်လမ်းဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဆိုပါလမ်းပိုင်းမှာ ဆိုးရွားစွာပျက်စီးပြီး လမ်းကျဉ်းမြောင်း၍ ယာဉ်မတော်တဆမှုအန္တရာယ်များဖြစ်ပွားနိုင်သောကြောင့် လမ်းတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၆ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် အရှည် ၄ မိုင်ရှိ၍ ယခင်လမ်းအနေအထားမှာ ကျဉ်းမြောင်းသဖြင့် လမ်းအကျယ်ပေ ၃၀ တိုးချဲ့ခြင်း၊ မြေဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းကို မြို့နယ်လမ်းလုပ်ငန်းဦးစီးဌာနမှ ယာဉ်ယန္တရားများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများပြီးဆုံးပါက ပြည်သူများထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၅၀ ဖြင့် ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ချစ်စရာဒိုးပတ်ဝိုင်းများဖြင့်ကျင်းပသော ပြက္ခရွှေတောင် ဘုရားပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



**မန္တလေး အောက်တိုဘာ ၁၇**
မြန်မာနိုင်ငံတွင် ချစ်စရာ ဒိုးပတ်ဝိုင်းများဖြင့်ကျင်းပသော ပြက္ခရွှေတောင်ဘုရားပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပြက္ခရွှေတောင်ဘုရားပွဲကို အနီးအနား ရွာပေါင်း ၈၀ မှ လာရောက်ဆင်နွှဲသလို အဝေးမှလည်း လာရောက်ဆင်နွှဲကြသည်။ အစဉ်အလာမပျက် ကျင်းပလာသောပွဲဖြစ်ပြီး မြန်မာနိုင်ငံတွင် ချစ်စရာဒိုးပတ်ဝိုင်းနှင့် ညီညွတ်စွာ တီးမှုတ်ကခုန်သည့် တစ်ခုတည်းသောဒိုးပတ်ဝိုင်းယဉ်ကျေးမှုဖြင့် ကျင်းပသောပွဲတော်ပင်ဖြစ်သည်။

ရှေးယခင်မှ ယခုအချိန်အထိ ကျေးရွာများမှ ဒိုးပတ်၊ အိုးစည်၊ ဘင်၊ လင်းကွင်း၊ နှဲ၊ ပုလွေ၊ ဝါးလက်ခုပ် စသည်များကို ယူဆောင်လာပြီး တောင်ပေါ်တက်ကာ ဘုရားပွဲကို ဆင်နွှဲကြသည်။ တောင်ပေါ်မောနားဆုတောင်းပြည့်ဘုရားရင်ပြင်တွင် ယူဆောင်လာသော တူရိယာများကို တီးမှုတ်ကာ ကခုန်သူများဖြင့် ဒိုးပတ်ဝိုင်းကိုဆင်နွှဲကြသည်။ ဒိုးပတ်သံကြားပါက ဘေးမှလက်ခုပ်တီးကာ အားပေးသည့်ဓလေ့ဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စည်းလုံးညီညွတ်သလို ပွဲတော်လာပရိသတ်များမှာလည်း ညီညွတ်စွာ တီးမှုတ်ကခုန်ခြင်း၊ သီချင်းသီဆိုခြင်းများပြုလုပ်သည့်ဓလေ့ကို ယနေ့တိုင်ထိန်းသိမ်းထားသည်။ ယခုအခါ ပြက္ခရွှေတောင်ဘုရားပွဲတွင် ဒိုးပတ်ပြိုင်ပွဲများပါ ထည့်သွင်းကျင်းပလာသည့်အတွက် နှစ်စဉ်စည်ကားလျက်ရှိသည်။

ပြက္ခရွှေတောင်ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၂ ရက်မှ ၁၄ ရက်ထိ ကျင်းပလေ့ရှိပြီး ၁၅ ရက်နေ့တွင် ဒိုးပတ်ပြိုင်ပွဲ ဆုပေးပွဲကိုကျင်းပကြသည်။ ဒေသအခေါ်အဝေါ်အားဖြင့် ပြက္ခရွှေတောင်ဘုရားပွဲမှ ပြန်လာကြသည်ကို တောင်ကြီးပြန်များဟု ခေါ်ဝေါ်ကြသည်။ ပွဲတော်အခါတွင် အနီးအနားရွာများမှ စားစရာများဖြင့် စတုဒိသာ ကျွေးမွေးကြသည်။ တောင်ခြေတွင်လည်း ကျေးရွာအသီးသီးမှလူများစုပေါင်းကာ ဒိုးပတ်ဝိုင်းများ နွှဲလေ့ရှိသည်။ ယခုအခါ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲတိုက်နယ်ရှိ ပြက္ခရွှေတောင်ဘုရားပွဲကို နယ်သူနယ်သားများ၊ အဝေးမှလာရောက်သူများ၊ ဒိုးပတ်ဝိုင်းများဖြင့် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**တိမ်တမန်**

# မုံရွာနယ်တွင် အကြီးဆုံးမီးပုံးပျံကြီး လွှတ်တင်ပူဇော်ပွဲ ကျင်းပ



**မုံရွာ အောက်တိုဘာ ၁၇**
မုံရွာမြို့နယ်ဒေသတစ်ဝိုက်တွင် အကြီးမားဆုံးမီးပုံးပျံလွှတ်တင်ပွဲကြီးနှင့် ထူးခြားအကအလှများဖြင့် အညာဟန်အငွေ့အသက်များစုဝေးရာ မုံရွာမြို့နယ် သာစည်မဟာစေတီလှဘုရားပွဲတော်ကို သက်တမ်းရှည် စည်ကားသိုက်မြိုက်စွာ ယခုနှစ်သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

"သာစည်ဟာ မြန်မာအစတကောင်းကဆိုတဲ့အတိုင်း တကောင်းခေတ်ကတည်းကတည်တဲ့ရွာဖြစ်တယ်လို့ အထောက်အထားသမိုင်းတွေမှာတွေ့ရပါတယ်။ တကောင်းသာကီနွယ်ဝင်လူမျိုးတွေဟာ ရေခံမြေခံကောင်းတဲ့ နွယ်ခွေတောင်အဆက် ပုလဲတောင်ရှဲတောင်တို့မှာ အခြေချရင်း ပြည်ကြီးရွာကို စတည်ခဲ့တာပါ။ ပုဂံခေတ်မှာ နရပတိစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တော့ ဆင်တော်ဦးခေါင်းမြေကပ်တံ့ဝပ်ရှိခိုးတဲ့အတွက် ဆင်ခေါင်းရွာရယ်လို့ ပြောင်းလဲခေါ်ခဲ့တယ်။ အဲဒီနောက် ရွာလုံးကျွတ်မီးလောင်ပြာကျပြီးတဲ့နောက် ပြန်လည်စည်ကားလာတဲ့အတွက် သူဌေးရွာသာစည်ရယ်လို့ ခေါ်ခဲ့တာဖြစ်ပါတယ်။ တောင်ဖီလာဆရာတော်ကြီးမွေးဖွားရာ အောင်မြေလည်းဖြစ်ပါတယ်"ဟု သာစည်ရွာဆရာတော်တစ်ပါးက မိန့်ကြားတော်မူခဲ့သည်။

သီတင်းကျွတ်လပြည့် နံနက်ပိုင်းတွင် ၁၃ မိုင်ဝေးသော သာစည်နွယ်ဖွား မုံရွာနေသူအများအပြား လာရောက်ကြသလို မဟာစေတီလှဘုရားကြီး ဂေါစဂါမ်နယ်မြေ ၆၄ ရွာဒေသခံများအားလုံးစုစည်းသည့်ပွဲဖြစ်သလို မိမိတို့ဒေသ တတ်ကျွမ်းရာ အကအလှများဖြင့် ဖျော်ဖြေကြသော ပွဲတော်တစ်ခုဖြစ်သည်။

အိုးစည်ဗုံမောင်းတီးဝိုင်းများဖြင့် ဘုရားရှင်၏ နိပါတ်တော်လာဇာတ်တော်များကို မြေဝိုင်းဇာတ်ခင်းကပြကြသလို အညာဒေသတွင်သာတွေ့နိုင်သည့် ရှားပါးပျောက်ကွယ်လုနီးဖြစ်သော ဖိုးသူတော်ယိမ်း၊ အရည်းကြီးယိမ်း၊ အဘိုးကြီးယိမ်းစသည်များ ထူး ခြားစွာကပြသောပွဲတော်ဖြစ်သည်။ ပြည်တွင်းမှသာမက ပြည်ပသာစည်နွယ်ဖွားများပါလာသော ပွဲဖြစ်သောကြောင့် လူပရိသတ်များတိုးမပေါက်သောပွဲဖြစ်သည်။

"နှစ်တိုင်းတော့မလာဖြစ်ပေမယ့် သုံးနှစ်တစ်ခါလောက်တော့ ဘုရားပွဲကိုရောက်အောင် လာဖြစ်ပါတယ်။ ငယ်ငယ်ကတည်းက ဒီအချိန်ဘုရားပွဲရောက်ရင် နေရာအနှံ့ရောက်နေကြတဲ့သူတွေ လာစုကြတာဆိုတော့ မလာဖြစ်တဲ့နှစ်ဆို စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်။ ဒီနှစ်တော့ အသက်ကလည်း ၈၅ နှစ်ရှိပြီဆိုတော့ ဘုရားပွဲကို ဒါနလုပ်ရင်း မုံရွာက အကျိုးပြုနေရာတွေကို ငွေလာလှူတာပါ။ မုံရွာဆေးရုံကြီး၊ မုံရွာပရဟိတ၊ မုံရွာဘိုးဘွားရိပ်သာနဲ့ မုံရွာစက်မှုဇုန်အခမဲ့ဆေးခန်းတို့မှာ ကျပ် ၁၀ သိန်းစီ သိန်း ၄၀ လှူဒါန်းပါတယ်။ သာစည်ရွာမှာ ကမကထပြုဖွင့်ထားတဲ့ ခွဲစိတ်ခန်းပါတဲ့တိုက်နယ်ဆေးရုံလိုတာကိုလည်း လှူဖြစ်ပါတယ်" ဟု စင်ကာပူနိုင်ငံနေ သာစည်ရွာနွယ်ဖွားခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်အေးက ပြောပြသည်။

သာစည်စေတီလှဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နှင့် ကဆုန်လပြည့်တွင် နှစ်ပွဲကျင်းပလေ့ရှိရာ ဘုရားပွဲတွင် ဆွမ်းတော်တင်ရန်နှင့် စတုဒိသာကျွေးရန်၊ မိတ်ဆွေများ လက်ဆောင်ပေးရန်၊ အညာဒေသမုန့်များဖြစ်သည့် မုန့်သြဇာ၊ မုန့်ဆီကြော်၊ မုန့်ပေါက်၊ မုန့်ဖက်ထုပ်၊ ပဲကတိုး၊ မုန့်ဦးနှောက်၊ မုန့်ကျွဲသဲ၊ ဘိန်းမုန့် စသည်တို့အများဆုံးပြုလုပ်ပေးဝေ လှူဒါန်းမှုပြုကြသည်။

ရှေးဟောင်းအာရုံခံစရွှန်ကြီးများတွင်လည်း စတုဒိသာ ကြာဆံဟင်းခါးတိုက်သူ၊ ထမင်းကျွေးသူ၊ မုန့်ဟင်းခါးကျွေးသူ၊ အအေး၊ ဖျော်ရည်၊ လက်ဖက်သုပ် တိုက်ကျွေးသူများ၊ ကုသိုလ်ပြုသူများ၊ ဘုရားပွဲတော်လာသူများ များပြားလှသည်မှာ တစ်နှစ်ထက်တစ်နှစ် နည်းသွားသည်လား များလာသလားဆိုသည်ကို နှစ်စဉ်လာသူများပင် မခန့်မှန်းနိုင်အောင် ပရိသတ်များပြားသော အညာဒေသပွဲတော်အဖြစ် ရပ်တည်နေသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မော်တော်ဆိုင်ကယ်လိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်

**ခင်ဦး အောက်တိုဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန စာရင်းကိုင်-၂ ဒေါ်သီသီမာ ဦးဆောင်သောအဖွဲ့နှင့် မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဦးအောင်ဇော်မြင့်တို့က ဆိုင်ကယ်မောင်းလိုင်စင်များ အထူးနယ်လှည့်ဆောင်ရွက်ပေးမှုလုပ်ငန်းကို အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီက ခင်ဦးမြို့ အောင်မင်္ဂလာရပ် မြို့လယ်ဓမ္မာရုံတွင် နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမော်တော်ဆိုင်ကယ်မောင်းလိုင်စင်များ ဆောင်ရွက်ရာတွင် စာရင်းကိုင်-၂ ဒေါ်သီသီမာက မော်တော်ဆိုင်ကယ်မောင်းလိုင်စင်များ အထူးနယ်လှည့်ဆောင်ရွက်ပေးမှုကိုလည်းကောင်း၊ စစ်ဆေးရေးမှူး-၃ ဦးအောင်နိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ပြုလုပ်သူ ၃၈၄ ဦး ကို လက်တွေ့ယာဉ်မောင်းသရုပ်ပြစစ်ဆေးခဲ့ပြီး ညနေပိုင်းတွင် လိုင်စင်များကို နေ့ချင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

ယခုလို နေ့ချင်းပြီးဆောင်ရွက်ပေးတဲ့အတွက် ရွှေဘိုခရိုင်ရုံးကို သွားရောက်ပြီး လိုင်စင်လုပ်စရာမလိုတော့တဲ့အတွက် အချိန်ကုန်သက်သာပြီး လူပင်ပန်းခြင်းမရှိတဲ့အပြင် လာရောက်လုပ်ကိုင်ပေးတဲ့ တာဝန်ရှိသူများနှင့် က. ည. နက ဝန်ထမ်းများကို ကျေးဇူးတင်ကြောင်း လိုင်စင်လာရောက်လျှောက်ထားသူ ဒေသခံတစ်ဦးကပြောသည်။

**ခင်ဦးစိုးဝေ**

# ပြောက်အိုး၊ မီးရှူးမီးပန်းများ ရောင်းဝယ်ခြင်းမပြုရန်စစ်ဆေး

**ဘုတ်ပြင်း အောက်တိုဘာ ၁၇**
ဘုတ်ပြင်းမြို့နယ်အတွင်း သီတင်းကျွတ်ပွဲတော်ကာလအတွင်း ပြောက်အိုး၊ မီးရှူးမီးပန်းများ ရောင်းဝယ်ခြင်းမပြုရန် မြို့ပေါ်ရပ်ကွက် ဈေးဆိုင်များသို့ တာဝန်ရှိအဖွဲ့အစည်းများမှ အောက်တိုဘာ ၁၄ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးမှုတွင် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ကျော်ကျော်ဝင်းနှင့် တာဝန်ရှိအဖွဲ့အစည်းများ ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ပူးပေါင်းအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ စတိုးဆိုင်များ၊ ဈေးဆိုင်များ၊ အိမ်ဆိုင်များသို့ ပြောက်အိုး၊ မီးရှူးမီးပန်းများ ရောင်းဝယ်ခြင်းမပြုရန် လိုက်လံစစ်ဆေးပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

သီတင်းကျွတ်ကာလအတွင်း ပြောက်အိုး၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းကြောင့် မြို့ခံသက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းမွန်သူများ အထိတ်တလန့်ဖြစ်ပွားခြင်း၊ မသမာသူများ အခွင့်ကောင်းယူကာ ပြစ်မှုကျူးလွန်ခြင်းကြောင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ရပ်ရွာအေးချမ်းသာယာရေးအခြေအနေများအား အနှောင့်အယှက် အဟန့်အတားများ မဖြစ်ပေါ်စေရေး အသိပေးပြောကြားကာ လိုက်လံစစ်ဆေးခြင်းဖြစ်သည်။

ယင်းပြင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားရေး၊ မီးရှူးမီးပန်းများမပစ်ဖောက်ကြရေး လှည့်လည်အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**



# မြသလွန်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ တွေ့ရ

**မကွေး အောက်တိုဘာ ၁၇**
မကွေးတိုင်းဒေသကြီး မကွေးမြို့၏ကျက်သရေဆောင် မြို့အစွန်မှာရှိသော မြသလွန်ဘုရားပွဲတော်ကြီးကို နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိရာ အမြို့မြို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများဖြင့် တိုးမပေါက်အောင်စည်ကားလျက်ရှိခဲ့သော်လည်း ယာဉ်ကြောပိတ်ဆို့မှုများမဖြစ်ပွားစေရေးကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးသည့်အတွက် အဆင်ပြေချောမွေ့ခြင်း၊ ခိုက်ရန်ထိခိုက်မှုမဖြစ်ပွားစေရေးနှင့် ဘုရားဖူးပြည်သူများ အဆင်ပြေစွာဖြင့် စိတ်ချမ်းသာစွာ ဘုရားဖူးခဲ့ရပါကြောင်း၊ ပွဲတော်ဈေးလမ်းမတစ်လျှောက်တွင်လည်း ဈေးရောင်းဈေးဝယ်များဖြင့် အလုအယက် ဝယ်ယူလျက်ရှိပါကြောင်း၊ ကလေးများအတွက် ချား၊ ရဟတ်နှင့် မိုဘိုင်းအရောင်းဆိုင်များဖြင့် စည်ကားစွာကျင်းပလျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# သပြေဂျာအေးတို့ရွာ ယခုထက်တိုင် အနုပညာရှင်များကိုမွေးထုတ်ပေး

**မန္တလေး အောက်တိုဘာ ၁၇**

အညာဒေသတွင် ရှေးခေတ်ကတည်းက တစ်ရွာလုံး အနုပညာကို အားပေးသည့် ရွာကလေး တစ်ရွာရှိသည်။ ထိုရွာမှာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ သပြေရိုးကျေးရွာပင်ဖြစ်သည်။ သပြေရိုးကျေးရွာတွင် ရှေးယခင်ကတည်းက ကျေးရွာအတွင်း အရှေ့ပိုင်း၊ အနောက်ပိုင်း ဆိုင်းနှစ်ဖွဲ့ တည်ထောင်ထားသလို ဘုရားပွဲများတွင်လည်း အရပ်ပြဇာတ်များ အပြိုင်ကပြကြသည်။အရပ်ပြဇာတ်အတွက် ကုန်ကျစရိတ်များကို ညီညွတ်စွာကျခံပြီး အနုပညာကိုအားပေးတတ်ကြသည်။

ကျေးရွာအတွင်းမှာပင် ဆိုင်းပညာရှင်များ၊ ပြဇာတ်ပညာရှင်များ အစုံအလင်ရှိသည်။ အရပ်ပြဇာတ်အတွက် လိုအပ်သော မင်းသမီးများကိုမူ မန္တလေးမြို့မှငှားကာ ဇာတ်တိုက်လေ့ရှိသည်။ အရှေ့အရပ်၊ အနောက်အရပ် အပြိုင်ကကာ ပြဇာတ်ပိုင်းဆိုင်ရာ၊ အော်ပရာပိုင်းဆိုင်ရာများကို အားနည်းချက်၊ အားသာချက်များ ထောက်ကာ ပြိုင်ဆိုင်ကြသည်။ တစ်နှစ်လျှင် အနည်းဆုံး လေးပွဲမှ ငါးပွဲအထိ ကပြကြသည်။ မန္တလေးမြို့မှ မင်းသမီးများ ငှားရမ်းမှုများလာခြင်းနှင့်အတူ မန္တလေးဇာတ်ဖွဲ့ အငြိမ့်အဖွဲ့များနှင့် ဆက်စပ်ကာ အရည်အချင်းရှိသူများကို စင်တင်ပေးကြသည်။ ထိုသူများထဲတွင် သပြေဂျာအေးမှာ အငြိမ့်နှင့် ဇာတ်သဘင်လောကတွင် ထင်ရှားလာသည်။ စတင်ကပြစဉ်က ဦးတက်စံ ၊ သပြေဂျာအေး၊ သဘာဝပြုံးချိုတို့အတွဲမှာ ထင်ရှားသည်။ သပြေရိုးကျေးရွာသားဖြစ်သည့်အတွက် သပြေဂျာအေးအဖြစ် နာမည်ခံယူခြင်းပင်ဖြစ်သည်။

လက်ရှိကာလအထိ သပြေရိုးကျေးရွာတွင် အရှေ့အရပ်ဆိုင်း၊ အနောက်အရပ်ဆိုင်းအဖြစ် ဆိုင်းအဖွဲ့နှစ်ဖွဲ့တည်ထောင်ကာ အပြိုင်အဆိုင်တီးမှုတ်မြဲ တစ်ရွာလုံး အားပေးမြဲပင်ဖြစ်သည်။ ဝါတွင်းကာလများတွင် ဆွမ်းတော်ကြီးလှည့်လည်သည်မှစကာ သီချင်းသစ် တီးလုံးသစ်များ အပြိုင်အဆိုင်တီးခတ်ကြသည်။ တိုးတက်လာသော ခေတ်တွင် အရပ်ပြဇာတ်ကခြင်း မပြုတော့သော်လည်း ဆိုင်းအဖွဲ့များမှာ အပြိုင်အဆိုင်တီးခတ်ကာ တစ်ရွာလုံး အနုပညာကိုအားပေးလျက်ရှိသည်။

သပြေရိုးကျေးရွာမှာ အိမ်ခြေ ၈၀၀ ကျော်ရှိသော ရွာပင်ဖြစ်သည်။ အစဉ်အဆက် အနုပညာအမွေကို ဆက်ခံသည့် အနုပညာကျေးရွာကလေး လူရွှင်တော်သပြေဂျာအေးတို့ ရွာကလေးအဖြစ် တည်ရှိနေကြောင်း သိရသည်။

**တိမ်တမန်**

# ကျောက်မဲမြို့၌ ကျေးရွာနေပြည်သူများအား ယာဉ်မောင်း(က)လိုင်စင် ကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်မဲ အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကျေးရွာနေ ပြည်သူများအား ယာဉ်အန္တရာယ် မဖြစ်ပွားစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်၍ အောက်တိုဘာ ၁၄ ရက်က နားခေါ်ကျေးရွာအုပ်စု၊ ချောင်းချောက်ကျေးရွာအုပ်စုများမှ ကျေးရွာနေပြည်သူများအား လွယ်ခေါ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းနှင့် ယာဉ်မောင်း(က)လိုင်စင်များကို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က ယာဉ်မောင်း(က) လိုင်စင်များ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး စစ်ဆေးရေးမှူး(၂) ဦးစိုးရွှေက စည်းကမ်းမဲ့ဆိုင်ကယ်များ ယာဉ်မောင်းလိုင်စင်နှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည်သူများ ပူးပေါင်းပါဝင်သော ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့တက်ရောက် လာကြသည့် နားခေါ်ကျေးရွာအုပ်စုမှ လွယ်ခေါ်၊ ဗူးခါး၊ မန်ဟုတ်ကျေးရွာများနှင့် ချောင်းချောက်ကျေးရွာအုပ်စုမှ နောင်အန်း၊ မန်ဆိုင်း၊ တိန်းလုံ၊ ဖလိန်၊ နောင်လိုင်စသည့် ကျေးရွာ(၁၀)ရွာမှ ယာဉ်မောင်း(က)လိုင်စင်ရရှိချင်သူ ကျေးရွာနေပြည်သူ (၃၃၅) ဦးအားစစ်ဆေး၍ ယာဉ်မောင်း (က) လိုင်စင်များကို နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယခုကဲ့သို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းများက ယာဉ်မောင်း(က)လိုင်စင်တွေကို မိမိတို့ကျေးရွာအရောက် လာရောက်ဆောင်ရွက်ပေးခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနေ ပြည်သူများအတွက် အချိန်ကုန်သက်သာတဲ့အပြင် မြို့သို့သွားရောက်သည့် ကုန်ကျစရိတ်ပါ သက်သာပြီး ယာဉ်မောင်းလိုင်စင်ရရှိသည့်အတွက် များစွာဝမ်းသာမိပါကြောင်း ယာဉ်မောင်းလိုင်စင်လာရောက်ပြုလုပ်သော ကျေးရွာပြည်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်ပြန်/ဆက်**

# ကျန်းမာရေးပညာပေး ဟောပြောခြင်းနှင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကွင်းဆင်းဆောင်ရွက်

**မြစ်သား အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျေးရွာများတွင် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက် ကုသမှုများကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းကုသရာတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကိုကို ဦးဆောင်သော သွားဆရာဝန် ဒေါက်တာဇင်မော်အောင်၊ ဆရာမ ဒေါ်ရိုမီနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးမဆိုကျေးရွာ၊ ရဲကုန်းကျေးရွာတို့မှ ရွာသူရွာသားများနှင့် ကံသစ်ကျေးရွာအခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၇၀၀ ကျော်အား တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ တုပ်ကွေးရောဂါ၊ သွားကျန်းမာရေး၊ လက်ဆေးနည်းအကြောင်းများနှင့် ကျန်းမာရေးဆိုင်ရာဗဟုသုတများကို အသိပညာပေးဟောပြော ဆွေးနွေးခဲ့ပြီး၊ အခမဲ့ ကျန်းမာရေးစောင့်ရှောက် ကုသမှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ဗဟိုအဆင့်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်နိုင်ရေးအလံ ပေးအပ်ပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၁၇**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဲခူးတိုင်းဒေသကြီးပြိုင်ပွဲဝင်အဖွဲ့အား အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကိုပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက (၂၂) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေပြည်တော်ဗဟိုအဆင့်သို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အနုပညာရှင်များ၊ ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့တတ်ကျွမ်းသည့်အနုပညာဖြင့် ပဲခူးတိုင်းဒေသကြီးနှင့်တိုင်းပြည်၏ ဂုဏ်ကိုမြှင့်တင်ပေးကြရန် သုခုမ အနုပညာ ရိုးရာအမွေအနှစ်များ မတိမ်ကောမပပျောက်အောင် ဝိုင်းဝန်းထိန်းပေးကြရန် ယခင်နှစ်ကထက် ပိုမိုအောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးကြရန်နှင့် မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲရဲ့ အဓိကအနှစ်သာရသည် မိမိတို့၏ ယဉ်ကျေးမှုအမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို မျိုးချစ်စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ၏အခြေအနေများနှင့် ပတ်သက်၍ ပြိုင်ပွဲဝင်အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးမြတ်ဆွေက ရှင်းလင်းပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ် ၂၈၆၅၃၅၂၅ ကို အဖွဲ့ခေါင်းဆောင်အား ပေးအပ်ခဲ့သည်။

ယင်းနောက် ကရင်တိုင်းရင်းသားများနှင့် ရခိုင်တိုင်းရင်းသားများတို့က ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်းသိရသည်။

ဗဟိုအဆင့်ပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးမှပြိုင်ပွဲဝင်ဦးရေ ၁၅၅ ဦး ဖြင့် ဘာသာရပ် ၁၅၀ မျိုးအနက် ၇၅ မျိုးတို့တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ခရိုင်ပြန်/ဆက်**

# ကလေးမြို့၌ ချင်းတိုင်းရင်းသားတို့၏ ကောက်သစ်စားပွဲ(ခေါ်) ရိုးရာပွဲဖြစ်သည့် ခွါဒိုပွဲတော်ကို စည်ကားစွာကျင်းပ




**ကလေး အောက်တိုဘာ ၁၇**

မြန်မာတို့၏ သီတင်းကျွတ်ရာသီတွင်ကျင်းပလေ့ရှိသော ချင်းတိုင်းရင်းသားတို့၏ ဇိုမီးရိုးရာခွါဒို ပွဲတော်ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် အောက်တိုဘာ ၁၅ ရက် ည ၇ နာရီက ဂါလိလဲဘုရားကျောင်း၏ ဂါလိလဲ ခန်းမဆောင်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရိုးရာပျားအုံဖွပ်အဖွဲ့များနှင့် လူငယ်မောင်မယ်များကပျားအုံကို မြို့တွင်းဗိုလ်ချုပ်လမ်းမအတိုင်း မီးထွန်းလျက်သယ်ဆောင်လာပြီး ပွဲတော်ကျင်းပမည့် ခန်းမဆောင်သို့ဝင်ရောက်ကြကာ ရိုးရာပျားအုံဖွပ်အကဖြင့် ခွါဒိုပွဲတော်ကိုဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ခွာဒိုပွဲတော် ဖြစ်မြောက်ရေးကော်မတီမှ ဦးဂင့်ခန့် ပေါင်ကပျားအုံဖွပ်ခြင်း၊ ပျားအုံနိမိတ်ဖတ်ခြင်းအကြောင်းရှင်းလင်း ပြောကြားခဲ့ပြီး ဇိုမီးလူပျိုဖြူ မကျိန်ဒွန့် ဇမ်းကရိုးရာခွါဒိုပွဲတော်ကျင်းပရခြင်း၏ နောက်ခံသမိုင်းကြောင်းနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ခွါဒိုပွဲတော်သည် ချင်းတိုင်းရင်းသားဇိုမီးလူမျိုးနွယ်စုများတောင်ပေါ်ဒေသကို ပြောင်းရွှေ့နေထိုင်သည့်ကျိမ်နွဲ့ဒေသမှ စတင်အခြေချနေထိုင်သည့် အေဒီ ၁၄ ရာစုခန့် မှစတင်၍ကျင်းပသည့် အလွန်မွန်မြတ်သောပွဲတော်ဖြစ်သည်။ ယခုနှစ်ချင်းတိုင်းရင်းသားဇိုမီးမျိုးနွယ်စုတို့၏ ခွါဒိုပွဲတော်ကို ဇိုမီးလူမျိုးနွယ်စုများနေထိုင်ရာ ပြည်တွင်းပြည်ပနှင့် မြို့ပြ၊ ကျေးလက်ဒေသအသီးသီးတို့၌လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိသည်ဟု ဆိုသည်။

ကလေးမြို့တွင်လည်း ရိုးရာအကပဒေသာ၊ စင်တင်တေးဂီတနှင့် တေးသရုပ်ဖော်အကများ၊ ဇိုမီးလူပျိုဖြူတို့၏ ရိုးရာဝတ်စားဆင်ယင်မှု အလှပြပွဲများ၊ ရပ်နီးရပ်ဝေးမှ ကြွရောက်ချီးမြှင့်ကြသော အထူးဧည့်သည့်ပုဂ္ဂိုလ်ကြီးများထံမှ ရိုးရာခွါဒိုပွဲအကြောင်း သိကောင်းစရာ ဟောပြောပွဲတို့ဖြင့် အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ဂျိုးနက်**

# စိတ်ချလက်ချစားကြက်ဟင်းခါးသီးကြိုက်သူများ

ကြည်လွင်မြင့်(မုဒြာ)

စာရေးသူကိုယ်တိုင်က ကြက်ဟင်းခါးသီးကြိုက်ပါသည်။ တစ်ခါတစ်ရံ ခံတွင်းပျက်လျှင် ကြက်ဟင်းခါးသီး ဟင်းစားချင်စိတ်ဖြစ်သည်။ အထူးသဖြင့် ကြက်ဟင်းခါးသီးကို ပါးပါးလှီးပြီး အခြောက်ကြော်၊ အကျွတ်ကြော်ထားသည်ကို များစွာခံတွင်းတွေ့ပါသည်။

စာရေးသူ၏ဦးလေးသည် ကြက်ဟင်းခါးသီးချက်နှင့် ဝက်သားဟင်းနှစ်မျိုးတွဲစားပြီး ဦးနှောက်သွေးကြောပြတ်ဆုံးသွားသည်ကိုလည်း ဆောင်းပါးရေးဖူးပါသည်။ ထိုဆောင်းပါးကိုဖတ်ပြီး အချို့က ကြက်ဟင်းခါးသီး မစားရဲဖြစ်သွားကြသည်။ လေစာနှစ်မျိုး တစ်ကြိမ်တည်းတွဲမစားရန်သာ ရေးခြင်းဖြစ်သည်။ အခါးအရသာ မစားရန် ရေးသားခြင်းမဟုတ်ပါ။

အခါးအရသာကြွယ်ဝသော ကြက်ဟင်းခါးသီးတွင်လည်း သူ့အကျိုးသွားနှင့်သူ လူကို အကျိုးပြုကာ အာဟာရဓာတ်များစွာရှိပါသည်။ ရသာခြောက်ပါးစုံအောင်စားဟုဆိုသဖြင့် အချိုကြိုက်သူသည်လည်း ဆန့်ကျင်ဘက် အခါးအရသာကို တစ်ခါတစ်ရံ စားပေးသင့်ပါသည်။

လူ၏ခန္ဓာကိုယ်အတွင်းတွင် မုန့်ချိုအိတ်ခေါ် ပန်ကရိယ (Pancreas) ရှိသည်။ လူအတော်များများမှာ အသည်း၊ နှလုံး၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ သည်းခြေအိတ်တို့ကို သိကြသော်လည်း ပန်ကရိယကိုသိသူနည်းပါးသည်။

ပန်ကရိယသည် (မုန့်ချိုအိတ်ဟု အဘယ့်ကြောင့်ခေါ်မှန်းမသိ) အလုပ်တာဝန်အဖြစ် အစားအစာတွင်ပါလာသော သကြားဓာတ်ကို ထိန်းညှိပေးသည်။ ခန္ဓာကိုယ်မှ အသုံးပြုနိုင်ရန် ချေဖျက်ပေးသည့် ပန်ကရိယအရည်ကို ထုတ်ပေးသည်။ ထိုအစာချေရည်သည် အသည်းတွင်ကပ်နေသည့် သည်းခြေအိတ်မှ စီးဆင်းလာသော အရည်နှင့်ပေါင်းပြီး အစာအိမ်၏အထွက်နားရှိ အကောက်သဏ္ဍာန်နေရာ (အူသိမ်ဦးပိုင်း)တွင် စစ်ချပေးသည်။ အဆီနှင့်တွဲလာသော သကြားဓာတ်ကို လောင်ကျွမ်းအောင်ချေပေးသည်။

ထူးဆန်းသည်မှာ လူ၏ရင်ညွန့်ချိုင့်တည့်တည့်အောက်မှာရှိသည့် ထိုပန်ကရိယခေါ် မုန့်ချိုအိတ်သည် ကန့်လန့်အလျားလိုက်တည်နေပြီး ပုံသဏ္ဍာန်အားဖြင့် ကြက်ဟင်းခါးသီးတစ်လုံးနှင့်တူနေသည်။

ကြက်ဟင်းခါးသီးတွင် အဖုများရှိနေသကဲ့သို့ ပန်ကရိယတွင်လည်း ကျောပေါ်တွင် အဖုများရှိနေသည်။ ထိုအဖုလေးများမှပင် ဆီးချိုဖြစ်စေမည့် အရည်ကို စစ်ထုတ်ပေးသည်ဟုဆိုသည်။

အချိုဓာတ်ကို လွန်ကဲစွာစားသုံးသူ၊ အဆီနှင့်တွဲနေသော အသားချိုကို လွန်စာစားသုံးသူများတွင် ပန်ကရိယရှိ အဖုလေးများမှာ အလုပ်လုပ်ရလွန်းပြီး ရောင်ရမ်းသည်။ ထို့နောက် ပျက်စီးသည်။

ပန်ကရိယနေမကောင်းသဖြင့် အလုပ်မလုပ်နိုင်သော အခါ ဆီးချိုရောဂါဖြစ်လာနိုင်သည်ဟုဆိုသည်။ ဆီးချိုရောဂါကြောင့် ကွယ်လွန်သွားသူများ၏ ပန်ကရိယအင်္ဂါကို စစ်ဆေးကြည့်လျှင် ကျောပေါ်မှ အဖုအထစ်လေးများမရှိတော့၊ ကြက်ဟင်းခါးသီးပုံနှင့်မတူတော့။ သခွားသီးတစ်လုံးကဲ့သို့ ပြောင်ချောချောဖြစ်သွားသည်ဟုဆိုသည်။

ပန်ကရိယနေမကောင်းသဖြင့် ဆီးချိုဖြစ်လာသော အချိန်တွင် ကြက်ဟင်းခါးသီးစားပေးခြင်းဖြင့် အထောက်အကူဖြစ်စေနိုင်သည်ဟုဆိုသည်။ ဆီးချိုထိန်းပေးနိုင်သည်။ အချို့သောဆရာများက အသီးသာမက ကြက်ဟင်းခါးပင်မှ အရွက်ကိုထောင်း၍ အရည်ညှစ်ပြီး အကြမ်းပန်ကန်တစ်လုံးစာမျှ သောက်ခိုင်းခြင်းဖြင့် ဆီးချိုပျောက်အောင်ကုသည်ကို တွေ့ဖူးသည်။ ဆေးဆရာနှင့်ဝေးသော အရပ်ဒေသများတွင် ခြေမခလုတ်တိုက်မိရာမှ စဖြစ်သောအနာ မကျက်လျှင် ကြက်ဟင်းခါးရွက်ထောင်းသောက်လျှင် အနာအကျက်မြန်သည်။ အသားနုတက်သည်ဟု မှတ်တမ်းတစ်ခုတွင် ဖတ်ရှုရဖူးသည်။

ခြေမတွင်အနာဖြစ်၍ မကျက်သူများ သွေးစစ်ကြည့်လျှင် သွေးချို၊ ဆီးချိုတက်နေသည်ကို တွေ့ရလေ့ရှိသည်။

ကြက်ဟင်းခါးသီးသည် ပန်ကရိယနှင့်ပုံသဏ္ဍာန်တူ၍လားမသိ၊ လုပ်ဆောင်ချက်မှာလည်း ဆီးချို၊ သွေးချိုတက်ခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်သည်ကို တွေ့ရသည်။

အရပ်သုံးစကားအရ အချိုကို အခါးနှင့်ထိန်းပေးသည်ဟုဆိုသည်။ နေ့လယ်နေ့ခင်း အစာကြေစေရန် အချိုပွဲအဖြစ် ထန်းလျက်ခဲလေးများ သုံးဆောင်အပြီးတွင် လက်ဖက်ခြောက်ကျကျလေးခပ်ထားသည့် ရေနွေးကြမ်း အဖန်ရည် (အခါးရည်) ကို သောက်သုံးကြသည်။ ပါးစပ်ထဲတွင် ချိုကျန်ခဲ့မည်ကို မလိုလားသဖြင့် အခါးရည်နှင့်ဖျက်လိုက်သည်ဟုဆိုသည်။ အချို့ကလည်း အစာကြေစေရန် အချိုစားသော်လည်း အချိုကြောင့် သွားပိုးစားမည်စိုးသဖြင့် အခါးရည်သောက်ပေးသည်ဟု ဆိုကြပြန်သည်။

ကြက်ဟင်းခါးသီးသည် အခါးဖြစ်သည်။ အခါးမှန်သမျှ ဝါယောကြွသည်၊ လေစာဖြစ်သည်။ ကြက်ဟင်းခါးသီးဟင်းနှင့် ဝက်သားဟင်း တွဲဖက်စားသောအခါ သွေးတိုးသည်။

သို့သော် လက်တွေ့ကြက်ဟင်းခါးသီးချက်စားပြီး သွေးပေါင်ချိန်ကြည့်သောအခါ သွေးပေါင်မတက်၊ သွေးမတိုးသည်ကို တွေ့ရပြန်သည်။

သွေးတိုးသည် လေတိုးဖြစ်သည်။ ခန္ဓာကိုယ်အတွင်းရှိ ဝါယောဓာတ်တွန်းအားကြောင့် သွေးများလှုည့်လည်နေသည်။ (မြန်မာ့ဆေးပညာအယူအဆ) လေပျက်လျှင် ဆောင့်တိုးမည်၊ သွေးတိုးမည်ဖြစ်သည်။

စာရေးသူ၏လက်စွဲဖြစ်သည့် ယောမြို့စား အတွင်းဝန် ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင် ရှာကြည့်မိသည်။ (ကြက်ဟင်းခါးသီးအကြီးနှင့်အသေး နှစ်မျိုးရှိသည်ဟု အရင်ရှင်းပြသည်) ထိုကြက်ဟင်းခါးသီး နှစ်မျိုးလုံးပင် ခါး၏။ ကြေလွယ်၏။ ခါးသော်လည်း လေကို မပျက်စေတတ်၊ အေး၏။ သလိပ်သည်းခြေကို နိုင်၏။ အဖျားနာ၊ ပဏ္ဍုနာ၊ မေဟနာ၊ ပိုးနာတို့ကို နိုင်၏။ ကြက်ဟင်းခါးသီးအငယ်သည် အကြီးထက် ကြေလွယ်၏။ ဝမ်းမီးကို တောက်စေတတ်၏။ (အသီး အနုအရင့် အမျိုးမျိုးတို့၏ အကျိုးဂုဏ်မှ ကောက်နုတ်ချက်)

မကြာခဏ ဝမ်းကိုက်သူတစ်ဦးရှိသည်။ လက်ထုပ်ကြီးခေါက်ပြုတ်သောက်လျှင် ပျောက်သည်။ ထန်းလျက်နှင့်ပြုတ်သောက်ရသည်။ အော့အန်အောင်ခါးသည်။ သို့သော် နောက်ပိုင်းဆက်မသောက်ရဲ၊ လက်ထုပ်ကြီးခေါက် အသောက်လွန်လျှင် နှလုံးခုန်ကြိမ်များပြီး ရင်တုန်ရောဂါရသည်ဟု ဆိုသည်။

တိုက်တိုက်ဆိုင်ဆိုင် လက်တွေ့ပျောက်ကင်းသည့် ဘုန်းတော်ကြီးတစ်ပါးက ညွှန်သဖြင့် ကြက်ဟင်းခါးသီးကို ပြုတ်ပြီး အတွင်းမှအစေ့များပါရောနယ်ပြီး ကြက်ဥအကာဖြင့် ရောကြော်စားသောအခါ လချီကြာမြင့်ခဲ့သည့် ဝမ်းကိုက်ရောဂါပျောက်သွားသည်။ ကြက်ဥကိုထိပ်မှ အပေါက်ငယ်ဖောက်ပြီး အကာရည်ကျအောင် ခါချရသည်။ ၃-၄ လုံးမှရသောအကာရည်နှင့် ကြက်ဟင်းခါးသီးအသေးတစ်လုံးမှ ပြုတ်ရသော အသားရောမွှေကြော်လျှင် စား၍ရသည်။ ထင်သလောက် မခါးပါ။ အစေ့များပါ ဝါးစားဖို့လိုသည်။

မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ်ကထုတ်သော ဆရာကြီးဦးဘသင်၏ ရှုတော်မူဆေးအဘိဓာန်ကျမ်းတွင် ကြက်ဟင်းခါးသီးသည် ခါး၏။ သွေးကို တက်စေတတ်၏။ သလိပ်သည်းခြေကိုနိုင်၏။ လေကို ပျက်စေတတ်၏။ အဖျားနာ၊ ပဏ္ဍုနာ၊ မေဟနာ၊ ပိုးနာတို့ကို နိုင်၏။ဝမ်းမီးကို တောက်စေတတ်၏။ မီးယပ်ဝမ်းပျက်နှင့် လွန်စွာသင့်၏ဟု ဆိုထားပါသည်။

နို့တိုက်နေသော သားသည်အမေများ ကြက်ဟင်းခါးသီးစား၍ သင့်မသင့် မေးကြပါသည်၊ သင့်သည်ဟု ဖြေရပါမည်။

ဇီဝိတ ဝမ္မနဆေးကျမ်းတွင် ကြက်ဟင်းခါးသီးသည် ခါး၏၊ ဆိမ့်၏။ ဝါယော၊ ပထဝီဓာတ် နှစ်ပါး လွန်ကဲ၏။ မပူလွန်း၊ မအေးလွန်း မျှတသော တေဇောဓာတ်ရှိ၏။ ဝမ်းလေကိုချုပ်စေ၍ တောင့်တင်းညောင်းညာခြင်းကို ဖြစ်စေတတ်၏။ နို့စို့ကလေး ဝမ်းစိမ်းသွားနေလျှင် အမိက ချက်၍စားလျှင် ကောင်းစွာပျောက်စေတတ်၏ ဟု ဆိုထားပါသည်။

ရှေးက ဆေးကျမ်းများတွင် အကျော်ဖြစ်သည့် ဓာတုရသလေးစောင်တွဲကျမ်းတွင် ဆိုထားသည်မှာ 'ကြက်ဟင်းခါးသီးသည် သည်းခြေကြိုက်၏' ဟု ဆိုထားပါသည်။ သည်းခြေအမျိုးမျိုးရှိသည်။ အစာချေသော သည်းခြေရှိသည်။ အရောင်ဆိုးသော သည်းခြေရှိသည်။ အမှတ်သညာပြုသော သည်းခြေလည်းရှိသည်။ အသည်းတွင် ကပ်နေသော သည်းခြေအိတ်လည်းရှိသည်။ အခါးအရသာရှိသော ကြက်ဟင်းခါးသီးသည် ထိုသည်းခြေအမျိုးမျိုးတို့အတွက် အားဆေးပင်ဖြစ်သည်။ သည်းခြေကြိုက်သည်ဟုဆိုသည်။

ကြက်ဟင်းခါးသီး ချက်လျှင် အခါးအရသာပျက်အောင် ဆားရည် စိမ်၍လည်းကောင်း၊ ဆန်ဆေးရည်နှင့်ပွတ်တိုက်ဆေးကြော၍လည်းကောင်း ချက်လေ့ရှိကြသည်။ ရှေးခေတ်က မြန်မာ့အသံမှ ဆရာကြီးဦးကျော်ဦးက မြန်မာ့အစာနှင့်အာဟာရတွင် ဟောပြောဖူးသည်။ "ဤနည်းသည် လွန်စွာမှားယွင်းသောနည်းဖြစ်သည်။ ကြက်ဟင်းခါးသီးကို ခွဲခြမ်းလှီးဖြတ်၍ ရေနှင့်အထပ်ထပ်ဆေးကြောလိုက်ခြင်းကပင် ကြက်ဟင်းခါးသီးတွင် ပါဝင်သောအာဟာရဓာတ်များကို ပျက်စီးပျောက်ကွယ်စေပါသည်။ အာဟာရတန်ဖိုးသိသူများက ထိုနည်းကို လုံးဝအသုံးမပြုကြပေ" ဟု ဆိုထားပါသည်။

ကြက်ဟင်းခါးသီးစားလျှင် ပုံမှန်ရေဆေးရုံသာ ဆေးပြီး အခါးအရသာမပျက် သဘာဝအတိုင်းစားသုံးခြင်းသာ အကောင်းဆုံးဖြစ်သည်။ ကြက်ဟင်းခါးသီးသည် ခါးသော်လည်း လေမပျက်ဟုဆိုထားသဖြင့် လေနာရောဂါရှိသူများအတွက် စိတ်ချလက်ချစားသုံးနိုင်ကြပေသည်။

**အခါးအရသာစားခြင်း၏အကျိုးသွားမှာ –**

၁။ လေအားယုတ်သူများ လေကိုတိုးပွားစေသည်။
၂။ ခံတွင်းပျက်သူ လျှာပေါ်တွင် အရသာမသိသူများ အရသာသိလာစေသည်။
၃။ ပိုးနာ၊ အဖျားနာရှိသူများနှင့်သင့်သည်။
၄။ ဝမ်းကိုက်၊ မီးယပ်ဝမ်းပျက် ရောဂါများ သက်သာလာစေသည်။
၅။ နို့တိုက်မိခင်များ ကလေးဝမ်းစိမ်းသွားခြင်း သက်သာစေသည်။
၆။ မျက်စိနာ၊ ကြက်မျက်သင့်နာများနှင့်သင့်သည်။
၇။ သွေးပူထ၍ဖြစ်သော ယားနာ၊ အနာပေါက်ရှိသူများနှင့်သင့်သည်။
၈။ နားလေးသူများ သက်သာစေနိုင်သည်။
၉။ ဆီးချို၊ သွေးချိုရောဂါ ဝေဒနာရှင်များနှင့်သင့်သည်။

ချို၊ ချဉ်၊ အငန်၊ အစပ်၊ ခါး၊ အဖန် ဟူသော အရသာ ၆ ပါးကို စုံအောင်စားလျှင် မျှတပြီး ကျန်းမာစေနိုင်ပါသည်။ မြန်မာပြည်တွင်



အလွန်ပေါများသည့် ကြက်ဟင်းခါးသီးသည် မီးဖိုချောင်မှ ဆေးဖက်ဝင် အာဟာရ တစ်ပါးဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

## စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများဟောပြော

**မန္တလေး အောက်တိုဘာ ၁၇**
စားသုံးသူ အကာကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် ချမ်းမြသာယာ ဓမ္မာရုံအတွင်း အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာယဉ်နွယ်အေးက ကျန်းမာရေးနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်အတွက် ဆောင်ရန်ရှောင်ရန်များအား စိုက်ပျိုးရေးဦးစီးဌာနက ရှင်းလင်းပြောကြားခဲ့ပြီးနောက် စားသုံးသူရေးရာဦးစီးဌာန ဌာနခွဲတာဝန်ခံက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဖြိုးဝေ(ဆင်တဲ)**

## ညောင်လေးပင်မြို့နယ်သို့ ဆေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးဆိုင်ရာများ ဗဟုသုတများရရှိစေရန် ကွင်းဆင်းလေ့လာ

**ညောင်လေးပင် အောက်တိုဘာ ၁၇**
မန္တလေးဆေးတက္ကသိုလ်နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများအား နယ်လှည့် ကွင်းဆင်းလေ့လာရေးအတွက် အဖွဲ့များခွဲ၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ၁၈ မြို့နယ်နှင့် မွန်ပြည်နယ်ရှိ ကိုး မြို့နယ်များကို စေလွှတ်ခဲ့ရာ ညောင်လေးပင်မြို့နယ်သို့ ကျောင်းသား ကိုးဦး၊ ကျောင်းသူ ခြောက် ဦး ပါဝင်သည့်အဖွဲ့ရောက်ရှိကာ (၂) ပတ်ခန့်ကွင်းဆင်းလေ့လာခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှသိရသည်။

"ကွင်းဆင်း လေ့လာတဲ့အခါမှာ ဆေးရုံတွေမှာ ဆေးဝါးထောက်ပံ့ပေးမှုအခြေအနေတွေဟာ မြို့ကြီးတွေကဆေးရုံတွေနဲ့ ဘယ်လိုကွာခြားသလဲ ဆရာဝန်အင်အား၊ နောက်ပစ္စည်းကိရိယာ ထောက်ပံ့ပေးမှုအခြေအနေတွေကို သိရှိနိုင်မှာလည်းဖြစ်တယ်"ဟု ကွင်းဆင်းလေ့လာရာတွင်ပါဝင်သည့် ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးက ပြောကြားခဲ့သည်။

လေ့လာရေးအဖွဲ့အား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ စနစ်တကျလေ့လာနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံလုပ်ငန်းများ၊ ခွဲစိတ်ခြင်းပညာရပ်များကို ကိုယ်တိုင်သင်ယူစေခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆေးထိုးပေးခြင်း၊ စက်ရုံအလုပ်ရုံများရှိ အလုပ်သမားများအား ကျန်းမာရေးစောင့် ရှောက်မှုပေးခြင်း၊ ပတ်ဝန်းကျင်လေထုနှင့် ရေထုအတွက် သက်ရောက်နိုင်သော အကျိုးများသုံးသပ် လေ့လာခြင်း၊ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောရခြင်းအတွေ့အကြုံများ လေ့လာခဲ့သည်။ ကွင်းဆင်းလေ့လာရေးအဖွဲ့က သက်ကြီးဘိုးဘွားများအား ကျန်းမာရေးဆိုင်ရာ ကူညီစောင့်ရှောက်ကုသမှုနှင့် ဘိုးဘွားများအား နေ့လည်စာအဟာရဖြင့် လှူဒါန်းကျွေးမွေးကာ ကျန်းမာရေးစောင့်ရှောက် ကုသမှုပေးခဲ့သည်။ ဆက်လက်၍ မဒေါက်မြို့တိုက်နယ်ဆေးရုံနှင့် တော်ဝိကျေးရွာကျေးလက် ကျန်းမာရေး ဌာနသို့သွားရောက်ခဲ့ပြီး ဖွဲ့စည်းပုံ၊ လိုအပ်နေသောအထောက်အပံ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုများကိုလေ့လာ၍ ကိုယ်ဝန်သည် မိခင်များအား ကျန်းမာရေးစစ်ဆေးမှု လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင် လေ့လာသင်ကြားခြင်းအပြင် တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ အနာကြီးရောဂါနှင့် AIDS ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## နှစ်ပေါင်း(၂၅၄)နှစ်အထိ နှစ်စဉ်ကျင်းပလာခဲ့သည့်မြန်မာနိုင်ငံ၏ သက်တမ်းရှည် ပိတောက်ချောင်ကထိန်တော် ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၇**
မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ဆုံးကထိန်တော်ဟု ညွှန်းဆိုနိုင်သည့် ပလိပ်မြို့မှ စုပေါင်းကုသိုလ်ပြုသည့် ပိတောက်ချောင်ကထိန်ကို အစဉ်အလာမပျက်ကျင်းပလျက်ရှိကြောင်း သိရသည်။

'ဥဩကျိုးမြည် ကထိန်တည်'ဟု အမှတ်အသားပြုထားသော ဆောင်ပုဒ်နှင့်အညီ ၁၁၂၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှစတင်ကာ စစ်ကိုင်းတောင်ရိုး ပိတောက်ချောင်တွင်ခင်းခဲ့သော ကထိန်ကို နှစ်စဉ်ခင်းလာခဲ့သည်မှာ ယခုနှစ်တွင် ၂၅၄ နှစ်တိတိ ရှိပြီဖြစ်သည်။

ပိတောက်ချောင်ကထိန်မှာ ခေတ်အဆက်ဆက် တစ်နှစ်မှ ပျက်ယွင်းခြင်းမရှိဘဲ အစဉ်အဆက်ခင်းကျင်းခဲ့သည်။ ပိတောက်ချောင်ကထိန်မှာ တတိယ အင်းဝမြို့တည်နန်းတည် ဆင်ဖြူရှင်မင်းတရားကြီး ရာဇဘိသေက အောင်ပွဲခံ ရွှေနန်းတော်စံသည့်နှစ် ၁၁၂၅ မှစတင်ကာ ကထိန်ခင်းလာခဲ့ခြင်းဖြစ်သည်။ ကထိန်ခင်းမည့်ရက်ရောက်သည်နှင့် အဝေးရောက်ပလိပ်ဇာတိဖွားတို့မှာ ပိတောက်ချောင်ကထိန်ကို လာရောက်ဆင်နွှဲလေ့ရှိသည်။ ရှေးယခင်က ခေတ်ကာလမတည်ငြိမ်သည့်အခါနှင့် ကြုံသည့်တိုင်အောင် ကထိန်ခင်းရန်အတွက် ကထိန်လျာသက်န်းခေါင်းပေါ်ရွက်သူရွက်၊ လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်လှည့်စီ ပခုံးပေါ်ထမ်းကာ ပလိပ်မှ စစ်ကိုင်းသို့ ခြေလျင်သွားရောက်ကာ ကထိန်ခင်းခဲ့သည်။

ယခင်လမ်းပန်းဆက်သွယ်ရေး မကောင်းသည့်ကာလတွင် ပလိပ်အုပ်စုအတွင်းရှိ ကျေးရွာရပ်ကွက်များမှ စုပေါင်းလှူဒါန်းထားသော လှူဖွယ်ပစ္စည်းများကို သီတင်းကျွတ်လဆန်း ၁၃ ရက်တွင် ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးတွင် ခင်းကျင်းပြသကြပြီး သီတင်းကျွတ်လပြည့်နေ့တွင် လှူဖွယ်ပစ္စည်းများကို ငှက်လှေများပေါ်တင်ဆောင်ကာ အတီးအမှုတ်များဖြင့် ရေလမ်းခရီးအတိုင်း အင်းဝကိုဖြတ်ကျော်ကာ ဧရာဝတီမြစ်ကိုဆန်တက်ပြီး စစ်ကိုင်းပိတောက်ချောင်အထိသွားကြသည်။ ပိတောက်ချောင်မရောက်ခင် ဆင်ဖြူရှင်လှဆိပ်ကမ်းဇရပ်တွင် ခဏနားကာ ပိတောက်ချောင်ရှိရာ တောင်ပေါ်သို့လှူဖွယ်ပစ္စည်းများသယ်ပိုးကာ လှူဒါန်းခဲ့သည်။

ဖွံ့ဖြိုးလာသောခေတ် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အချိန်တွင် မော်တော်ကားများဖြင့် စုပေါင်းသွားကာ ပိတောက်ချောင်ကထိန်ကို အစဉ်အလာမပျက်ခင်းကြသည်။ ယခုနှစ်တွင် ပလိပ်မြို့မှ ပိတောက်ချောင်ကထိန် အစဉ်အလာမပျက်ခင်းလာသည်မှာ (၂၅၄) ကြိမ်မြောက်ပြီဖြစ်သည်။ နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၃ ရက်ရောက်သည်နှင့် ပလိပ်နယ်သူနယ်သားများမှာ ကထိန်တော်ကျင်းပရေးမဏ္ဍပ်သို့ လှူဖွယ်များလာရောက် လှူဒါန်းကြသည်။ လက်ရှိကာလတွင် ပလိပ်မြို့မှ ပိတောက်ချောင်ကထိန်မှာ မြန်မာနိုင်ငံတွင် သက်တမ်းရှည်ကထိန်အဖြစ်တည်ရှိနေကြောင်း သိရသည်။ **တိမ်တမန်**

## ခင်ကြီးယကျေးရွာတွင်လမ်းများအား ကိုယ့်အားကိုယ်ကိုး လမ်းခင်းခြင်းများဆောင်ရွက်

**ပျော်ဘွယ် အောက်တိုဘာ ၁၇**
နိုင်ငံတော်အနေဖြင့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာတွင်းလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ခင်ကြီးယ ကျေးရွာသည်လည်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် မြေသားလမ်းအား ကိုယ့်အားကိုယ်ကိုး ဂန့်ကားခင်းခြင်းကို ခင်ကြီးယကျေးရွာ၊ ဘုရားငါးဆူကျောင်းတိုက်ဆရာတော် ဦးအိန္ဒြေဘာသ၊ သုနေလကျောင်းတိုက်ဆရာတော် ဦးပင်ညောဘာသတို့၏ ဦးဆောင်မှုဖြင့်ကျေးရွာပြည်သူများက စုပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"အခုလို ကိုယ့်အားကိုယ်ကိုး ဂန့်ကားလမ်းခင်းနေတာ လွန်ခဲ့တဲ့တစ်ပတ်ကစပြီး ခင်းနေတာပါ။ ကုန်ကျငွေကိုလည်း ကျေးရွာပြည်သူတွေကပဲ ထည့်ဝင်တာပါ။ မိုးတွင်းလည်းဖြစ်တဲ့အတွက် လမ်းမခင်းခင်ကဆို လမ်းတိုင်းမှာ ရွှံ့ဗွက်တွေပဲ။ သွားရလာရတာ အဆင်မပြေပါဘူး။ အခုလိုမျိုး ဂန့်ကားလမ်းခင်းလိုက်တဲ့အတွက် ကျွန်တော်တို့ကျေးရွာကလူတွေအတွက် အဆင်ပြေပါတယ်" ဟု ဦးစံဌေးက ပြောသည်။

မြေသားလမ်းမှ ဂန့်ကားခင်းခြင်းတွင် ပျော်ဘွယ်-ရွှေညောင်ဖူး ကတ္တရာလမ်းနှင့် ခင်ကြီးယကျေးရွာသို့ ဆက်သွယ်ထားသည့်လမ်းပိုင်း၊ ရွာလယ်လမ်းမကြီးနှင့် ကျေးရွာအတွင်းရှိလမ်းသွယ်အားလုံးကို ဂန့်ကားခင်းခြင်းဖြစ်ပြီး အကျယ် ၁၂ ပေ၊ အရှည်ပေစုစုပေါင်း ၁၀၂၀၀ ခန့်ကို ငွေကျပ်သိန်း ၃၀ ခန့်အကုန်အကျခံကာ ကျေးရွာရှိ ဒေသခံပြည်သူများ ဝိုင်းဝန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## မူးယစ်ဆေးဝါးကင်းမဲ့ဇုန်နယ်မြေ ဆိုင်းဘုတ်စိုက်ထူ

**ကျိုက်မရော အောက်တိုဘာ ၁၇**
ကျိုက်မရောမြို့နယ် ရှင်စောပုရပ်ကွက် ရုံးရှေ့နှင့် ရန်မျိုး အောင်ရပ်ကွက်ရုံးရှေ့လမ်းဘေးတွင် မူးယစ်ဆေးဝါးကင်းမဲ့ဇုန်နယ်မြေအဖြစ် သတ်မှတ်ခြင်း ဆိုင်းဘုတ်တင် ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် ကျိုက်မရောမြို့နယ် ရှင်စောပုရပ်ကွက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဝေ၊ ရပ်မိ၊ ရပ်ဖများကိုယ်စား ဦးတင်လှိုင်နှင့် ရှင်စောပုရပ်ကွက်ကြက်ခြေနီ ဒုတပ်ရင်းမှူး ဦးဖြိုးမောင်မောင်၊ မြို့နယ်စည်ပင်အင်ဂျင်နီယာ ဦးဝင်းကြူ၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးဝင်းတင်၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ အမျိုးသမီးရေးရာအသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်အသင်းဝင်များ၊ ပြည်သူများနှင့် တာဝန်ရှိသူများက မြေစိုက်ပိုစတာ စိုက်ထူ ပေးခဲ့သည်။

အလားတူ ကျိုက်မရောမြို့နယ် ရန်မျိုးအောင်ရပ်ကွက်တွင် ဆိုင်းဘုတ်တင်ပွဲကျင်းပရာ တာဝန်ရှိသူများက မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားသို့ အင်အား ၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်/ရဲတပ်ဖွဲ့**

## နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံဝင်းအတွင်း စုပေါင်းလုပ်အားပေး ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၇**
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တောင်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့ ဦးဆောင်ကာ အောက်တိုဘာ ၁၅ ရက် နံနက်က တာမွေမြို့နယ် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးထံမှ သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် လက်ထောက်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်တွဲဖက်ဌာနများဖြစ်သည့် သန့်ရှင်းရေးဌာန၊ ရေ/သန့်ဌာန၊ ပန်းဥယျာဉ်ဌာနနှင့် လမ်းတံတားဌာန၊ ယာ/အုံဌာနများမှ တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းလူဦးရေ ၂၀၀ ခန့်ဖြင့် အမှိုက်များအား ရှင်းလင်းကာ သယ်ယူစွန့်ပစ်ပေးခဲ့ကြပြီး လုပ်အားပေးဆောင်ရွက်ကြသည့် လုပ်သားများအား ဆေးရုံအုပ်ကြီးမှ နံနက်စာအာဟာရ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်မောင်**



# Aldersgate College ( Philippines )

မှ ပေးအပ်ချီးမြှင့်မည့်





**Ph.D**

**MBA (Master of Business Administration)**

**MPA (Master of Public Administration)**

တန်းခွဲသစ်များ ဖွင့်လှစ်မည်၊

Aldersgate College (Philippines) မှ Ph.D နှင့် Master Degree သင်တန်း တန်းခွဲသစ်များကို ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပါသည်၊
Master of Public Administration MPA (3rd Batch) တန်းခွဲသစ်ကို ဒီဇင်ဘာလ (၁) ရက်နေ့တွင်ဖွင့်လှစ်ပါမည်၊
အဆိုပါသင်တန်းကို ပြည်တွင်း၊ ပြည်ပမှ ပါရဂူပါမောက္ခကြီးများ၊ စီမံခန့်ခွဲမှု လက်တွေ့အတွေ့အကြုံရှိ ပါရဂူပညာရှင်များမှ လုပ်ငန်းအတွေ့အကြုံ၊ Case များနှင့်အတူ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်၊

သင်တန်းဖွင့်မည့်ရက် - ၁.၁၂.၂၀၁၆ ( ကြာသာပတေးနေ့ )
သင်တန်းကာလ - ( ၁၈ ) လ
သင်တန်းချိန် - ညနေ ( ၅:၀၀ ) နာရီမှ ည ( ၈:၀၀ ) နာရီအထိ ( ကြာသပတေး၊ သောကြာနေ့ )
မွန်းတည့် ( ၁၂:၀၀ ) နာရီမှ ညနေ ( ၆:၀၀ ) နာရီအထိ ( စနေနေ့ )

CSIS

** လူဦးရေကန့်သတ်ထားပါသဖြင့် သင်တန်းလျှောက်လွှာများကို ဖော်ပြပါလိပ်စာအတိုင်း လျှောက်လွှာများကို ဝယ်ယူလျှောက်ထားနိုင်ပါသည်၊ **

No. (27), 6 ½ Mile, Pyay Road, Hlaing Township, Yangon, Myanmar. ၂၅၃ ၈၆၈ ၂၂၃၊ ၂၅၃ ၈၆၈ ၂၂၄ သို့ ဆက်သွယ်လိုက်ပါ၊

**RUBY** ကားစီးလုံးငှားမည်
519100
09-51-77212, 535100

**ODYSSEY**
မြန်မာတစ်ပြည်လုံးမှ ကောင်းမွန်သော ပစ္စည်းများ ဝယ်ယူနိုင်ပါသည်၊
0973070193
0973187799
09 451600011
09 451600022
09 451600033
09 451600008
09 451600009

**မင်္ဂလာပါ**
အိမ်ပြောင်း၊ အိမ်ရွှေ့ လုပ်ငန်း
Box ကားဖြင့်
အလုပ်သမားစီစဉ်ပေးသည်၊
09-450042704
09-250095116
09-420096296

(၁၀) တန်း ပေးခွန်းဟောင်းများ နှင့် စံပြအဖြေများ၊ ၂၀၀၂ ခုနှစ် မှ ၂၀၁၆ ခုနှစ်ထိ



အင်္ဂလိပ်စာ VOLUME-1,2
ဦးစိန်ဝင်း
သင်္ချာ ဆရာ ဦးမိုးမြင့် B.Sc(Maths)
ဓာတု ဦးဇော်ရှိန်
ရူပ
စဉ်ဆက်မပြတ် ပညာရွှန်
Ph: 01 253 143, 01 9190 402
09 513 6746

FAME
**Cholecrush®**
For gallstones
သည်းခြေကျောက်ပျော်ဆေး
TMR 010662(0816)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
**MilkThistle**
Potent Antioxidant for Liver
အသည်းဆေး
TMR 007179 (0716)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

**EAGLE GUEST HOUSE**
ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၂၄၄၇
၁၂၀၀၀ ကျပ်
၁၇၀၀၀ ကျပ်

**ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း**
ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်၊ မီးပျက်လျှင်မီးစက်မောင်းသည်၊
(၁၃၉၉) ဗိုလ်မှူး(၁)လမ်း၊ ဧည့်ဂေဟာ ဒလမြို့နယ်၊
၀၁ ၂၆၉၃၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၆
၀၉ ၂၅၂၀၈၂၃၃
၁၁၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

နိုင်ငံတကာတက္ကသိုလ်ပေါင်း(၁၀၀)ကျော်၏ ပညာရေးသတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရယူနိုင်မည့်

# GLOBAL EDUCATION FAIR 2016

• အမေရိကန် • အင်္ဂလန် • ဩစတြေးလျ • စင်ကာပူ • ထိုင်းတို့ မှ တက္ကသိုလ်များပါဝင်မည်။



**CROWN EDUCATION**
Award Winning Company

**30 Oct (Sun)**
10:00 am - 1:00 pm
NOVOTEL HOTEL
(PYAY ROOM)

- IGCSE ဖြေဆိုထားသူများအတွက် အမေရိကန်၊ ဩစတြေးလျ၊ အင်္ဂလန်၊ စင်ကာပူ၊ ထိုင်းနိုင်ငံများတွင် GCE 'A' / SAT ဖြေဆိုရန်မလိုဘဲ တိုက်ရိုက်တက်ရောက်နိုင်သည့် တက္ကသိုလ်များ
- HND, ABE, NCC လက်မှတ်ကိုင်ဆောင်ထားသူများအတွက် Top Up ဆက်လက် တက်ရောက်နိုင်မည့် တက္ကသိုလ်များ
- နိုင်ငံတကာတွင် ဆေးကျောင်းတက်ရောက်လိုသူများအတွက် ဆေးတက္ကသိုလ်များ
- မြန်မာနိုင်ငံမှ ဆယ်တန်းအောင်မြင်ထားသူများ၊ မြန်မာတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများအတွက် နိုင်ငံတကာတွင် ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အရေးများကို ကမ္ဘာ့တစ်ဝန်းတက္ကသိုလ်များ၏ တာဝန်ရှိသူများနှင့် လာရောက် တွေ့ဆုံ ဆွေးနွေးနိုင်မည်ဖြစ်ပါသည်။

ထူးချွန် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆု ရရှိနိုင်မည့် အခွင့်အရေးများ

CALL US : 01 527 838, 09 732 732 77, 09 730 40 688, 09 450 200 040

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများအတွက်

**ဂုဏ်ထူးဦးအောင်ဒိုင်**

2017 English Question 5 Sets

၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

**အာရှနဂါး**

မြစ်တီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်

Ph : 703790, 09 799100100
707062, 09 797100100

**DADDY** Travels & Tours

-တောင်ကြီး(မီးပုံးပျံပွဲ)
အင်းလေး-ပင်းတယ
ကလော

Ph: 09 448001903

လူမျိုးဘာသာမရွေး စားသုံးနိုင်ပါသည်။

ရန်ကုန်-မန္တလေးဆိုင်ခွဲ

**ကုန်းထက်**

နတ်သုဒ္ဓါ၊ သီးစုံခေါက်၊
ထောပတ်ထမင်း၊ပဲထမင်းများကိုလည်း
အော်ဒါများလက်ခံဆောင်ရွက်ပေးပါသည်။

**ကြက်ဆီထမင်း နှင့် နွားနို့လဲရေခဲမုန့်**

အလှူမင်္ဂလာ ညှော်ခံပွဲများအတွက် အထူးအော်ဒါ ဆောင်ရွက်ပေးပါသည်။

★ နေပြည်တော် ဖျဉ်းမနားတွင် ဆိုင်ခွဲ(လုံးဝ) မရှိပါ။ ★

Young Learners -Second Semester (ဝေနေ နှင့် တနင်္ဂနွေ ပုံမှန်တန်းခွဲများ) နှင့် Adults (နိုဝင်ဘာလ တန်းခွဲ ) များ စတင်အပ်နှံနိုင်ပါပြီ။



NELC
Don't Worry, Just Speak !

- Young Learners (6 to 15 years old)
- Adults (over 16 years old)

* သီတင်းကျွတ်ကာလအထူးအစီအစဉ်အနေဖြင့် နိုဝင်ဘာလတွင်လာရောက်အပ်နှံသော Adult သင်တန်းသားများ NELC -T-shirt လက်ဆောင် ရရှိမည်ဖြစ်ပါသည်။

Enroll Now !

ဗိုလ်အောင်ကျော်-01 256516~7 | စမ်းချောင်း-01 501947/09 8612639 | ရန်ကင်း-01 8550727~8
မြောက်ဥက္ကလာ- 01 526311 / 01 523680 | မရမ်းကုန်း- 09 73065345 | မန္တလေး-09 91023900
ပြင်ဦးလွင်-09 400306019 | တာချီလိတ်-084 52572 | လားရှိုး-082 26611

ဝါကျွတ်ချိန်ခါ ပူဇော်ကန်တော့ကြသူတိုင်း
စတုမဓုနှင့်ကန်တော့၍ ကုသိုလ်ယူကြသည်။

ဗုဒ္ဓဘုရားဟောဖော်ကြားသည့် - လေးပါးသြသဓဆေးမည်စွာ



ဦးဘညိန်-သား

**စတုမဓု**

TMR-003261

ကျေမှာဆေးတိုက်မှထုတ်လုပ်သည်။

ဆိုင် - ၂၈၊ ဗိုလ်ချုပ်ဈေး(မြောက်ဖက်တန်း)၊ အပေါ်ထပ်။ ဖုန်း-၂၄၃၀၉၆၆ (လိုင်းခွဲ)၄၁၅
ပင်ရင်း - ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း-၀၁ ၅၄၃၁၈၀၆

